ရွှေအိမ်မှူး စာပေ

ဝေမှူးသွင်

# စိတ်ကောက် နတ်သမီး

(ဒုတိယအကြိမ်)

■ စာမူခွင့်ပြုချက်အမှတ် - [ ၅၀၀၅၀၂၀၅၀၇ ]
■ မျက်နှာဖုံးခွင့်ပြုချက်အမှတ် - [ ၅၀၁၀၇၇၀၉၀၇ ]
■ ပုံနှိပ်ခြင်း
ဒုတိယအကြိမ်၊ အောက်တိုဘာလ၊ ၂၀၀၇ ခုနှစ်။
■ ထုတ်ဝေသူ
ဦးအောင်နိုင် (၀၄၂၄၃) (ရွှေအိမ်မှူးစာပေ)
အမှတ် (၂၂၁)၊ (၃၁)လမ်း (အထက်)၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
■ မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ
ဦးတင်အောင်ကျော် (စွယ်တော်ပုံနှိပ်တိုက်) (၀၇၀၅၃)
အမှတ် (၈၇)၊ (၅၆)လမ်းတို၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
■ မျက်နှာဖုံးဒီဇိုင်း - ဥက္ကာ (ATOMIC Digital Art)
■ ကွန်ပျူတာစာစီ - သစ္စာ (၃၄)လမ်း
■ အတွင်းဖလင် - ဦးအောင်တင်အေးနှင့်သမီးများ
■ စာအုပ်ချုပ် - စွယ်တော်
■ အုပ်ရေ - ၅၀၀ အုပ်
■ တန်ဖိုး - ၁၅၀၀ ကျပ်

ရွှေအိမ်မှူးစာပေ

# ဝေမျှသည်

စိတ်ကောက်နတ်သမီး

(ဒုတိယအကြိမ်)

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

★ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။

★ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။

★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။

★ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

★ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး

★ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး

★ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး

★ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေး ဦးတည်ချက် (၄) ရပ်

★ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

★ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး

★ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

★ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေး ဦးတည်ချက် (၄) ရပ်

★ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး

★ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

★ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး

★ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# ဝတ္ထုရာဇဝင်

( ၁ )

ကျွန်တော် အချစ်အကြောင်းရေးတာ များလာတဲ့အခါမှာ မိတ်ဆွေတချို့က ပြောကြပါတယ်။ အဲဒါတွေချည်းပဲ ရေးမနေနဲ့တဲ့။ တခြားဟာလေးတွေ လုပ်ပါဦးတဲ့။ စာမရေးသော်လည်း စာဖတ်နာကြသူတွေမို့ ကျွန်တော်က သူတို့ရဲ့အသံတွေကို လေးလေးစားစား နားထောင်မိပါတယ်။—

ကြည့်ရတာ သူတို့က ကျွန်တော့်ကို ဝတ္ထုတိုတွေ၊ ကဗျာတွေမှာ အားနည်းသွားမှာ စိုးရိမ်ကြဟန်တူပါတယ်။ အထူးသဖြင့် ကဗျာမှာပေါ့။ ဒါပေမဲ့ ကျွန်တော်က သူတို့စကားကိုတော့ ဘာမှ မတုံ့ပြန်ခဲ့ပါဘူး။ သူတို့ကသာ စိုးရိမ်နေပေမယ့် ကျွန်တော့်ဟာ ကျွန်တော်တော့ အဲဒီအချက်ကို လုံးဝ မစိုးရိမ်မိခဲ့ဘူး။—

ကျွန်တော့် စာရေးသက်နဲ့ ယှဉ်ကြည့်ရင် ထိုက်သင့်တဲ့ အရေ အတွက်ရှိတဲ့ ဝတ္ထုတိုတွေ၊ ကဗျာတွေ ကျွန်တော့်မှာ ရှိပါတယ်။ ပုံနှိပ်ဖို့ အဆင်မပြေသေးလို့ လောလောဆယ် သိမ်းထားရတဲ့သဘောပါပဲ။ တကယ်တော့ အချစ်ပဲဖြစ်ဖြစ်၊ ဘဝပဲဖြစ်ဖြစ်၊ အသိတရားပဲဖြစ်ဖြစ်၊ အမှန်တရားပဲဖြစ်ဖြစ်၊ ကဗျာပဲဖြစ်ဖြစ်၊ ဝတ္ထုပဲဖြစ်ဖြစ် အားလုံးက ဝေဒနာကို ရေးနေကြတာပဲလို့ ကျွန်တော် နားလည်ထားပါတယ်။ ကျွန်တော်လည်း ကိုယ့်ဝေဒနာနဲ့ ကိုယ်ပေါ့။ —

●

( ၂ )

အခု ဒီဝတ္ထုဟာလည်း သူတို့ပြောနေတဲ့အတိုင်းဆို အချစ်ဝတ္ထုပါပဲ။ နုတ်သမီးဆိုတဲ့ ကောင်မလေးတစ်ယောက်အကြောင်းပါ။ ကျွန်တော့်နားမှာ သူ မရှိတော့ပေမယ့် သူ မရှိရခြင်းအကြောင်းအရင်းကတော့ လုံလောက်တဲ့ ခိုင်မာမှု မရှိခဲ့ပါဘူး။

— ကျွန်တော်နဲ့ သူနဲ့ ကြားမှာရှိတဲ့ နှစ်ဦးသဘောတူကိစ္စတွေမှာ ခံစားမှုအကြောင်းဟာ ငြင်းခုန်ဖို့ ဖြစ်လာခဲ့ပါရဲ့။ အဲဒီ အဖြစ်အပျက်တွေရဲ့ အဖြစ်အားလုံးဟာ ကျွန်တော့်တာဝန်ဆို၊ အပျက်တွေအားလုံးဟာ သူ့တာဝန်ပါပဲ။ ကျွန်တော်ဟာ ပွင့်လင်းလွတ်လပ်တာကို ကြိုက်နှစ်သက်ပေမယ့် သူ့ ပွင့်လင်းမှုကိုတော့ ခံနိုင်ရည်ရှိအောင် မနည်းကြိုးစားခဲ့ရပါတယ်။

ကျွန်တော်က သူ့အကြောင်းတွေကို အခုလို ဝတ္ထုရေးဖြစ်သွားတာ သူသိရင် အံ့ဩနေမလား၊ ဝမ်းနည်းနေမလား၊ ပျော်ရွှင်နေမလား၊ နာကျင်နေမလား. . . ကျွန်တော် မခန့်မှန်းနိုင်ပါဘူး။ ကျွန်တော်ဟာ သူ့ကို မခန့်မှန်းတတ်ခဲ့တဲ့ လူညံ့တစ်ယောက်ပဲ ဖြစ်ပါတယ်။

သို့သော်လည်း ကျွန်တော်က သူနဲ့ပတ်သက်တဲ့ အမှန်တရားမှန်သမျှကို အသိဉာဏ်ရှိသလောက် ရှာဖွေနေမိဆဲ။ အချိန်မတန်သေးတဲ့ သူ့ရဲ့ အေးစက်မာကျောမှုတွေကို ပေါ့ပေါ့ပါးပါး ရယ်မောပစ်ဖို့ ကြိုးစားနေဆဲ။ ကျွန်တော်တို့နှစ်ယောက်ကြားက မမြင်နိုင်တဲ့ အဆုံးအရှုံးတွေကို နောက်ဆုံးအချိန်အထိ ကာကွယ်ပေးထားနိုင်ဆဲ ဖြစ်ပါတယ်။

လူ့ဘဝကို ပျင်းစရာကောင်းလောက်အောင် ပြောင်မြောက်ဖို့ဆိုတာ အချစ်တစ်ခုတည်းနဲ့ လုံလောက်လိမ့်မယ်လို့ ကျွန်တော် မထင်မိဘူး။

●

( ၃ )

ကျွန်တော်တို့ တစ်ယောက်နဲ့တစ်ယောက်ကြားမှာ သစ်ရွက်လှုပ်သံကိုတောင် ကြားရနိုင်တဲ့ ငြိမ်သက်မှုဟာ ရှိခဲ့တယ်။ ကုံကော်ပန်းခြောက်တွေ၊ ရဲရင့်တဲ့ အထိအတွေ့၊ အဝေးကြီးဆီက သီချင်းသံ၊ သူချည်ပေးနေကျ လက်ပတ်လေးတစ်ခု၊ ဘတ်(စ်)ကားပေါ်က လောင်ကျွမ်းခြင်း၊ အမျိုးအမည်မသိတဲ့ ရှန်ပူရနံ့၊ မြဝတီဘဏ်ရှေ့က ခုံပုလေးများအစရှိတဲ့ အမှတ်တရတွေကို ကျွန်တော်က မမေ့မလျော့ ဖွဲ့နွဲ့မိပါရဲ့။

ပြိုင်ပွဲဆိုတဲ့ စကားလုံးကတော့ ကျွန်တော်တို့ကြားမှာ မလိုလားအပ်တဲ့ အသုံးအနှုန်းတစ်ခုပါ။

အရှုံးဆိုတာကလည်း ကျွန်တော် တစ်ယောက်တည်း ရင်ဆိုင်ရတဲ့ ဝေါဟာရပါ။

ကဗျာဆရာ ခင်အောင်အေးကတော့ သူ့ကဗျာတစ်ပုဒ်မှာ

"လျှောက်တော့မေးရမှာပဲ. . .

ပြိုင်ပွဲဆိုတာ အရှုံးတစ်မျိုးတည်းလားလို့" ဆိုပြီး ရေးခဲ့ဖူးပါတယ်။

လူဟာ ကိုယ်ဆုံးရှုံးတာကို ကိုယ်မမြင်ရင် မဆုံးရှုံးဘူးလို့ပဲ ထင်တတ်ကြတယ်။

သူရော. . . ကျွန်တော်ရောဟာ ဒီလိုပါပဲ။ ဘာမှန်း မသိလိုက်ရခင် အားလုံး ပြိုင်တူဆုံးရှုံးသွားခဲ့ပါတယ်။

သူနဲ့ပတ်သက်လို့ ပျော်ရွှင်မှု၊ အုံ့ဩမှု၊ ဝမ်းနည်းမှု၊ စိတ်ကျေနပ်မှု အားလုံးဟာ ကွဲကွဲပြားပြား မရှိသေးလောက်အောင် အချိန်တွေက တိုတောင်း မြန်ဆန်လွန်းခဲ့တယ်။ ဒီဝတ္ထုဟာ မလိုအပ်ပေမယ့် ကျွန်တော် ပြောချင်လို့ ပြောခဲ့တဲ့ စကားလုံးတွေလည်း ဖြစ်ပါတယ်။ ဒါပေမဲ့ အလွယ်တကူတော့ မဟုတ်ခဲ့ဘူးပေါ့။

ကျွန်တော်တို့ ဖြတ်သန်းနေထိုင်တဲ့ လူ့အဖွဲ့အစည်းမှာ မတော်တဆကိစ္စတွေဟာ များပြားလွန်းလှပါတယ်။ အဲဒီအထဲမှာ သူဟာ ကျွန်တော့်အတွက် မက်မောဖို့ အကောင်းဆုံး မတော်တဆမှုတစ်ခုလည်း ဖြစ်ခဲ့လေရဲ့။

နွေဦးဇာတ်လမ်းက အခုတော့ ပြီးသွားခဲ့ပါပြီ။

အရေအတွက် များလာတာလည်း တစ်နည်းအားဖြင့် အရည်အချင်းတစ်မျိုးပဲ မဟုတ်လား။

■

ဝေမှူးသွင်

( ၁ )

ထိုနေ့သည် ဖေဖော်ဝါရီ၏တိမ်တွေ မလှသောနေ့တစ်နေ့ဖြစ်ပါသည်။ ရှားရှားပါးပါး ညနေခင်းတိမ်တွေက ညိုပုပ်နေကြ၏။ ကျွန်တော်က ဘေးတွင် အဖော်အဖြစ်ပါလာသော မျိုးထူးကို ပြောလိုက်သည်။

"မျိုးထူး . . . မင်း ဒီနေ့ ငါ့အိမ် လိုက်အိပ်မလား"

"ဟင့်အင်း . . . ကျော်ဝေ၊ ငါ မလိုက်တော့ဘူး၊ ရေးလက်စ ကဗျာတစ်ပုဒ်ကို ဒီည ပြီးအောင်ရေးချင်လို့၊ ပြီးတော့ ဒီမှာ စာမူတွေ ပရူ ဖတ်ရဦးမယ်"

မျိုးထူးက တောက်ပမဂ္ဂဇင်းတွင် အယ်ဒီတာလုပ်နေသူဖြစ်သည်။ ပြီးတော့ သူကိုယ်တိုင်ကလည်း ကဗျာဆရာ။ မျိုးထူးက မြောက်

ဒဂုံတွင် နေပေမယ့် တစ်ခါတစ်ရံ သုခလမ်းရှိ ကျွန်တော့်အိမ်တွင် လိုက်အိပ်တတ်သည်။ ဆူးလေဘုရားလမ်းပေါ်တွင် ညနေစောင်းပြီမို့ လူတွေက အိမ်ပြန်ဖို့ တရုန်းရုန်းနှင့် ပြင်ဆင်နေကြသည်။ မျိုးထူးက ဘတ်(စ်)ကားစောင့်နေသော ကောင်မလေးတစ်ယောက်ကို ငေးကြည့်နေ၍ ကျွန်တော်က သူ့ပခုံးကို ခပ်ဆတ်ဆတ် တစ်ချက် လှမ်းပုတ်လိုက်၏။ မျိုးထူးက ကျွန်တော့်ဘက်လှည့်ပြီး မကျေနပ်သံနှင့်ပြောသည်။

"ကျော်ဝေ. . . မင်း တော်တော် နှောင့်ယှက်တဲ့ကောင်ကွာ၊ သွား. . . သွား. . . မင်းအိမ်ကို မလိုက်ဘူး"

"မလိုက်လည်း နေပေါ့ကွာ"

ကျွန်တော့် တုံ့ပြန်စကားကြောင့် မျိုးထူးသည် နှုတ်ခမ်းကို မဲ့ရင်း မြောက်ဒဂုံသွားမည့် ဘတ်(စ်)ကားတွေကို လူချောင်မလားဆိုပြီး လိုက်ကြည့်နေလေသည်။ နောက် မပြောမဆိုနှင့် ကျွန်တော့် ဘယ်ဘက်လက်ကို မယူပြီး နာရီကြည့်လိုက်သည်။

ပြီးတော့ ကျွန်တော့်လက်ကို ဖြစ်သလို လွှတ်ချကာ. . .

"ကားကလည်း. . . ကြာလိုက်တာ"

ဟု တစ်ယောက်တည်း တီးတိုးညည်းတွားပါသည်။

အဲဒီမှာ နာရီနှင့်အတူ ပတ်ထားသော Fancy လက်ပတ်ကြိုး အနက်ရောင်လေးမှာ ကြိုးလျှော့ပြီး ပြေကျသွားသည်။ ထိုလက်ပတ်ကြိုးလေးသည် ခေါက်တုပ် ချည်ထားခြင်းဖြစ်သဖြင့် မျိုးထူး . . . ကျွန်တော့်လက်ကို လွှတ်ချလိုက်ချိန်တွင် မျိုးထူးလက်နှင့်ငြိပြီး ဖြည်သလို ဖြစ်သွားဟန်တူသည်။

"ဟေ့ကောင်. . . မျိုးထူး၊ ဒီမှာ ငါ့ကို လက်ပတ်ပြန်ချည်ပေး"

မျိုးထူးသည် ကျွန်တော့်စကားကို အလေးမထားဘဲ အသစ်ထိုးဆိုက်လာသော မြောက်ဒဂုံဘတ်(စ်)ကားဆီသို့ ပြေးတက်သွားသည်။

ကားပေါ်ရောက်မှ ပုလက်ဖောင်းပေါ် ရပ်နေသော ကျွန်တော့်ကို လက်လှမ်းပြ၏။

ကျွန်တော် သူ့ကို တိတ်တိတ်လေး ကျိန်ဆဲလိုက်ပြီး အင်းစိန်သွားမည့်ကားတွေဆီ လျှောက်လာခဲ့သည်။ လက်ထဲတွင်တော့ ပြေသွားသော လက်ပတ်ကြိုးအနက်လေးကို ကိုင်ထားမိ၏။ ဒီလက်ပတ်ကြိုးလေးကို လွန်ခဲ့တဲ့ အပတ်တုန်းက ညီမလေး သိမ့်သိမ့်သည် ကျွန်တော့်ကို မွေးနေ့လက်ဆောင်အဖြစ် ပေးခဲ့တာဖြစ်သည်။ ကျွန်တော်က မပတ်ချင်ဘဲ. . .

"နင့်ဥစ္စာက. . . ကလေးကလားနဲ့၊ ငါက စာရေးဆရာဟ၊ လူကြားထဲမှာ ရှက်စရာကြီး"

လို့ ပြောတော့ သိမ့်သိမ့်က. . .

"ဟာ. . . ကိုကြီးကလည်း၊ ကိုကြီးက စာရေးဆရာဆိုပေမယ့် လူငယ်မဲ့ ဥစ္စာ၊ ကိုကြီးထက် ကြီးတဲ့လူတွေတောင် အဲဒါမျိုးတွေ ပတ်သေးတာ. . . မရဘူး. . . ပတ်ထား"

ဟု ဆိုသဖြင့် ကျွန်တော် လက်ပတ်ကြိုးလေးကို ပတ်ဖြစ်ခဲ့သည်။

ထိုလက်ပတ်ကြိုးလေးမှာ ခေါက်တုပ်ချည်ရသော အမျိုးအစားဖြစ်သဖြင့် တစ်ယောက်ယောက်က ချည်ပေးမှ ကျွန်တော့်မှာ ပတ်ဖို့အဆင်ပြေပါသည်။ အဲဒီတာဝန်ကို သိမ့်သိမ့်က ယူထားပြီး မနက်ကျွန်တော် အပြင်ထွက်ခါနီးတိုင်း သူက ကျွန်တော့်ကို ချည်ပေးတတ်၏။

ကျွန်တော့်အကျင့်က ဘာပဲပတ်ပတ် ဘယ်ဘက်လက်မှာပဲ ပတ်တတ်တာမို့ သိမ့်သိမ့်ကိုလည်း ထိုလက်ပတ်ကြိုးအား ဘယ်ဘက်လက်မှာပဲ နာရီနဲ့အတူ ပတ်စေပါသည်။ ညာဘက်လက်ကိုတော့ အဓိကလှုပ်ရှားရသောလက်ဖြစ်သဖြင့် ကျွန်တော်က ဘာမှမပတ်ဘဲ လွတ်လွတ်

လပ်လပ်ထားခြင်းဖြစ်သည်။

ညနေခင်း၌ အင်းစိန်ကားလိုင်းများတွင် လူစည်ကားလျက်ရှိနေ၏။ ကျွန်တော်က တခြားလူတွေနှင့် အတင်း ဝင်မတိုးချင်သဖြင့် လူတွေ လျော့ပါးသွားအောင် ကားဂိတ်မှာပဲ ဟိုဟိုသည်သည် ကြည့်ရင်း စောင့်နေမိသည်။ နာရီဝက်ခန့်ကြာသောအခါ လူတွေလည်း အတော်နည်းသွားပြီး ကျွန်တော်လည်း လုယက်တိုးဝှေ့စရာ မလိုဘဲ ထိုင်စီးရန် အဆင်ပြေမည့် ၄၅ ဘတ်(စ်)ကားကြီးတစ်စီးက ရောက်ရှိလာသည်။

ကျွန်တော်က ခပ်မြန်မြန်ပဲ ကားပေါ်တက်လိုက်ပြီး နှစ်ယောက်တွဲခုံတစ်ခုံတွင် ပြတင်းပေါက်နှင့် ကပ်လျက် နေရာယူလိုက်သည်။ အင်းစိန်လိုင်းကားများသည် လူချောင်သည်ဆိုပေမယ့် အနည်းဆုံး ထိုင်စရာခုံများတွင်တော့ လူပြည့်တတ်ပါသည်။ ကျွန်တော်က ပြတင်းပေါက်နှင့် ကပ်ပြီး ထိုင်စရာ ရသွားသဖြင့် ပြတင်းပေါက်မှတစ်ဆင့် ညနေစောင်းသွားခြင်းကို အရသာခံပြီး ကြည့်နေမိ၏။

ထိုစဉ် ကျွန်တော့်ဘေးရှိ လွတ်နေသောနေရာတွင် ကောင်မလေးတစ်ယောက်က လာထိုင်သည်။ ကျွန်တော့်မျက်လုံးထောင့်စွန်း၌ အဝါရောင်တွေ သန်းသွား၏။ သူသည် အဝါရောင်တွေ အများကြီးပါသောဝတ်စုံကို ဝတ်ဆင်ထားပုံရသည်။ ကျွန်တော်က ကောင်မလေးတစ်ယောက်ကို သေချာကြည့်ပစ်ဖို့ အားနာတတ်သူဖြစ်သည်။

တစ်ဆက်တည်း သူ့ဆီမှ ခပ်သင်းသင်းရနံ့တစ်ခုသည် မွှေးပျံ့လာ၏။ အဲဒီရနံ့ကြောင့် ကျွန်တော့်စိတ်တွေ လှုပ်ရှားလာပြီး ဘာမှန်းမသိဘဲ ရင်ထဲတွင် အပျော်တစ်ခုက စီးသွားသည်။ ကျွန်တော်က သူ့ကို ဘယ်လို ခိုးကြည့်ရမလဲဆိုတာ စဉ်းစားကြည့်မိ၏။ ဒါပေမဲ့ အဖြေမရ။

သူ့ဆီမှ ရနံ့တစ်မျိုးကလည်း ကျွန်တော့်နှလုံးသားကို ဖျားယောင်းနေဆဲ။ ဘာလုပ်ရမှန်းမသိဖြစ်နေသော ကျွန်တော်သည် လက်

ထဲတွင် ကိုင်ထားသည့် လက်ပတ်ကြိုး အနက်ရောင်လေးကို ကိုယ့်ဘာသာကိုယ် ပြန်ချည်ဖို့ ကြိုးစားလိုက်ပါသည်။ လက်တစ်ဖက်တည်းနှင့် ကြိုးကို ခေါက်တုပ်ချည်ရသောကိစ္စသည် အမှန်တော့ တော်တော်ခက်လှ၏။ ကျွန်တော်သည် လွတ်နေသော ကြိုးတစ်စကို ပါးစပ်နှင့်ကိုက်ရင်း ထိန်းလိုက်သည်။ ထိုအခါ အဆင်ပြေသလို ဖြစ်သွားသော်လည်း တကယ်တမ်းတွင် ကျန်သည့် ကြိုးတစ်စကို လိုအပ်သလို ကွင်းထဲ မထည့်နိုင်သဖြင့် ပြန်ပြေသွားပြန်သည်။

ကျွန်တော် စိတ်ပျက်စွာ ခေါင်းယမ်းလိုက်မိသည်။

ဘေးနားတွင် ရောက်နေသော ရနံ့တစ်မျိုးနှင့် အဝါရောင်လေးဆီမှ ရုတ်တရက် စကားသံတွေ ထွက်လာသည်။

"ပေးပေး. . . အဲဒီလက်ပတ်လေးကို မီး ချည်ပေးမယ်"

ချက်ချင်းပဲ ကျွန်တော်လည်း အံ့ဩသွားပြီး ဖျတ်ခနဲ သူ့ကို လှည့်ကြည့်မိသည်။

နတ်သမီး. . .။

ကျွန်တော့်ရင်ထဲတွင် အလင်းများ ကြွေကျသွားသည်။

ပထမဦးဆုံး သူ့ကို သတိထားလိုက်မိသည်မှာ အရည်လဲ့နေသော မျက်လုံးလှလှလေးများပေါ်မှ မျက်တောင်ရှည်ရှည်လေးတွေ ဖြစ်ပါသည်။ လေက ဝှေ့ခနဲ တစ်ချက်တိုက်လိုက်သဖြင့် သူ့ဆံပင် မတိုမရှည်များက ခပ်ဝဲဝဲ လွင့်သွားသေးသည်။

ကျွန်တော်သည် အိပ်မက်မက်နေသူတစ်ယောက်လို လက်ပတ်ကြိုးလေးကို သူ့ဆီ ပေးလိုက်မိ၏။ သူက ကျွန်တော့် ညာဘက်လက်မှာ အဲဒီလက်ပတ်ကို ချည်ဖို့ ဟန်ပြင်တော့ ကျွန်တော်လည်း အဲဒီလက်ပတ်ကို ချည်ဖို့ ညာဘက်လက်ကို သူ့ရှေ့သို့ တိုးပေးလိုက်ရသည်။ သူ့အသားစလေးတွေသည် လက်ပတ်ကြိုးကို ချည်ပေးနေစဉ် ကျွန်တော့်

လက်ဖမိုးနှင့် လက်ကောက်ဝတ်ကို နှစ်ခါ၊ သုံးခါလောက် ထိခတ်သွားပါသည်။

ရုတ်တရက် ကျွန်တော် သတိရလိုက်သည်မှာ စောစောတုန်းက သူ့ဆီမှရသော ရနံ့တစ်မျိုးကိုဖြစ်သည်။

ထိုရနံ့ကို ကျွန်တော်က အခုမှ သဘောပေါက်တော့သည်။ သူ့ဆံပင်တွေဆီမှလာသော အမျိုးအမည် မသိသည့် ရှန်ပူရနံ့. . .။ အဲဒီရနံ့က လေနှင့် ပေါင်းစပ်လိုက်သောအခါ ဘယ်သူ့မှာမှ မရှိနိုင်သည့် သူ့ကိုယ်ပိုင်ရနံ့တစ်မျိုး ဖြစ်သွားသည်။

သူသည် အဲဒီလက်ပတ်လေးကို ကျွန်တော့်လက်မှာ သေသေချာချာပင် စိတ်ရှည်လက်ရှည် ချည်ပေးနေသည်။ ချည်ပေးပြီးသွားတော့ သူ့ခေါင်းကိုမော့ကာ ပြီးသွားပြီဆိုသည့် သဘောဖြင့် ကျွန်တော့်ကို ကြည့်၏။ ကျွန်တော်ကလည်း ကျေးဇူးတင်ကြောင်း သူ့ကို ပြန်ပြုံးပြလိုက်သည်။

ကျွန်တော်သည် သူ့ကို ကျေးဇူးပဲဟု ပါးစပ်ကပြောရင် ဖြစ်သော်လည်း သူ့ရှေ့မှာ စကားတွေပြောဖို့ ဘာကြောင့်မှန်း မသိဘဲ ဝန်လေးနေမိ၏။

နတ်သမီးတစ်ပါးလို လှပသော သူ့မျက်နှာကို တစ်ချက် ခိုးကြည့်လိုက်ပြီး သူ့ပေါင်ပေါ်တွင် တင်ထားသော စာအုပ်တွေဆီ မျက်လုံးက ရောက်သွားသည်။ 'ခေတ်ရောင်စုံ' ဆိုသည့် ဂျာနယ်များနှင့် စာရေးဆရာမြတ်သစ် ဘာသာပြန်သော Joyce ဂျိုက်(စ်)၏ လင်းပွင့်မှုများစာအုပ်ကို တွေ့ရ၏။ ကျွန်တော် နည်းနည်း အံ့ဩသွားသော်လည်း ဘာမှမဖြစ်သလိုနှင့် ကားပြတင်းပေါက်ဆီ အကြည့်ကို ပြန်ပို့ထားလိုက်မိသည်။ သူ့ဆီမှ ဘာသံမှ မကြားရ။

အဲဒီအခြေအနေမှာပင် နတ်သမီးဆိုသော နာမည်ကို စိတ်ထဲမှ တိတ်တိတ်လေး ခေါ်ကြည့်နေမိ၏။

၄၅ ဘတ်(စ်)ကားကြီးသည် ထိုအချိန်တွင် စတင်ထွက်ခွာလာခဲ့သည်။ ဘတ်(စ်)ကားကြီးသည် နှေးလာလိုက်၊ မြန်သွားလိုက်၊ မီးပွိုင့်မိလိုက်၊ မှတ်တိုင်များတွင် ရပ်လိုက် စသဖြင့် အမျိုးမျိုးဖြစ်နေသည်။ ဘရိတ်ဖမ်းလှိုက်ချိန်များတွင်လည်းကောင်း၊ အချိုးအကွေ့များတွင်လည်းကောင်း သူနှင့် ကျွန်တော်တို့ မသိမသာ ထိခိုက်မိကြသည်။ ကျွန်တော်က သူနှင့် မထိစေရန် အတတ်နိုင်ဆုံး ကြိုးစားသော်လည်း အနည်းဆုံးတော့ ထိဖြစ်အောင် ထိမိပါသည်။

ကျွန်တော်က ကားအတွင်းဘက်တွင် နေရာယူထားသူဖြစ်သဖြင့် ကားနံရံကြီးနှင့်မို့ တစ်ဖက်ကပ်နေရန် နေရာမရှိချေ။

သူသည် အမြင်မတော်၍ ကျွန်တော့်လက်ပတ်ကြိုးကို ချည်ပေးခဲ့သော်လည်း ကားပေါ်မှာ နောက်ထပ် ဘာစကားမှ မပြောတော့။ ကျွန်တော်လည်း သူ့ကို တစ်ကြိမ် ခိုးကြည့်မိတာကလွဲပြီး ထပ်မကြည့်ဖြစ်ပါ။

ရင်ခုန်သံများနှင့် သူ့ဆီမှရသော အမျိုးအမည် မသိသည့် ရနံ့ပူရန့်တို့ကသာ ကျွန်တော့်စိတ်ထဲ၌ ရောထွေးနေခဲ့သည်။ လှည်းတန်းသို့ ရောက်သောအခါ ကျွန်တော့်အသိဉာဏ်ထဲတွင် သူနှင့်ပတ်သက်သည့် မေးခွန်းတစ်ခုက ဝင်လာသည်။ တခြားတော့မဟုတ် . . .။ နတ်သမီးလေး ဘယ်မှတ်တိုင်မှာ ဆင်းမှာပါလိမ့် . . . ဆိုသော မေးခွန်းဖြစ်သည်။

ဒီလိုနှင့် ကျွန်တော်သည် ကျွန်တော့်အိမ်ရှိသော ဆုခမှတ်တိုင်ရောက်သည့်တိုင်အောင် မဆင်းတော့ဘဲ သူနှင့်အတူ ကားဆက်စီးလာခဲ့သည်။ အုတ်ကျင်းမှတ်တိုင်ရောက်တော့ သူက ကြိုထွက်ထားသည့်သဘောဖြင့် ထိုင်ခုံမှ ထသွား၏။

ဒါဆို သူ သမိုင်းလမ်းဆုံမှာ ဆင်းတော့မှာပဲဟု ကျွန်တော်

ကြိုတင်တွက်ဆမိလိုက်သည်။

သမိုင်းလမ်းဆုံသို့ ရောက်သောအခါ ကျွန်တော်က သူနှင့် မလှမ်းမကမ်းတွင် လိုက်ဆင်းမိသည်။ သူက ဘာကိုမှ၊ ဘယ်သူ့ကိုမှ လှည့်မကြည့်ဘဲ သူသွားချင်သည့်နေရာကို ဖြောင့်တန်းစွာ သွား၏။ ထိုအခိုက်အတန့်လေးမှာပင် ကျွန်တော်က သူ့ဣန္ဒြေအတွက် ဘာ မဆိုင် ညာမဆိုင် ဂုဏ်ယူမိသွားသေးသည်။

သူ့အိမ်ကို သိချင်သော်လည်း သူ့နောက်ကို လိုက်ကြည့်ဖို့ ကျွန်တော် မဝံ့ရဲပါ။ သူ ရိပ်မိသွားလျှင် မကောင်း။ ကျွန်တော်သည် ဆံပင်တွေကြားထဲ လက်ကို ထိုးဖွရင်း သူ ကွေ့ဝင်သွားသောလမ်းကို မျက်စိတစ်ဆုံး လိုက်ကြည့်မိသည်။ နောက်တော့ သမိုင်းလမ်းဆုံမှ သုခ မှတ်တိုင်ဆီသို့ ကားပြန်စီးလာခဲ့သည်။

အိပ်ရာဝင်သည့်တိုင် ရေးစရာရှိသည့် စာတွေရော၊ ဖတ်စရာရှိသည့်စာတွေရော ဘာမှမရေးဖြစ်၊ မဖတ်ဖြစ်တော့ဘဲ သူ့အကြောင်းတွေကိုသာ ထိုင်စဉ်းစားနေခဲ့သည်။

'ပေး ပေး. . . အဲဒီလက်ပတ်လေးကို မီး ချည်ပေးမယ်' ဆိုသည့် သူ့အသံလေးက နားထဲတွင် ကြားယောင်လာသည်။ ကျွန်တော် ယောင်ယမ်း၍ ညာဘက်လက်တွင် ပတ်ထားသော လက်ပတ်လေးကို ကြည့်လိုက်မိသည်။ ဒီညအဖို့ အဲဒီလက်ပတ်လေးကို မဖြုတ်တော့ဘဲ ကျွန်တော် အိပ်ရာဝင်ဖြစ်ခဲ့သည်။ သူသည် ဘယ်လိုသဘောမျိုးဖြင့် လက်ပတ်လေးကို ပတ်ပေးခဲ့သလဲ ဆိုတာကိုတော့ ကျွန်တော် မသိချင် ပါ။ ညတော်တော်နက်မှ ကျွန်တော် အိပ်ပျော်သွား၏။

မနက်မိုးလင်းသောအခါ သူ ချည်ပေးခဲ့သော လက်ပတ် ကလေးသည် ပြေကျနေလေသည်။

■

( ၂ )

ကျွန်တော် မျိုးထူးဆီရောက်ဖို့ စိတ်လောရင်း (၃၅) လမ်းဘက်ကို မြန်မြန်ပင် လျှောက်လာခဲ့မိသည်။ (၃၅) လမ်းထိပ်တွင် ကျွန်တော်တို့ ထိုင်နေကျ လက်ဖက်ရည်ဆိုင်တစ်ဆိုင်ရှိသည်။ အဲဒီဆိုင်မှာ မျိုးထူးနှင့်ဆုံဖို့ ကျွန်တော်က ချိန်းထားသည် မဟုတ်ပါလား။ ထိုလမ်းထဲကို ကျွန်တော်ရောက်တော့ ချိန်းထားသည့်အချိန်ထက် နာရီဝက်ခန့် နောက်ကျနေပြီမှန်း ကျွန်တော် သတိထားမိလိုက်၏။ ဟိုကောင် မျိုးထူးတော့ ကျွန်တော့်ကို ဒေါကန်ပြီး မကျေမနပ် ဖြစ်နေရောမည်။

အဲဒီဆိုင်ကို ရောက်သွားသောအခါ မျိုးထူးက ထူးထူးခြားခြားဘာအပြစ်မှ မဆိုဘဲ ကျွန်တော့်ကို ပြုံးရွှင်စွာ နှုတ်ဆက်ပါသည်။

"ဟော့ကောင်. . . လာ. . . မင်းကို ငါ စောင့်နေတာ"

ကျွန်တော်က သူ့ဝိုင်းမှာ ဝင်ထိုင်ရင်း စီးကရက်တစ်လိပ်ကို မီးညှိလိုက်၏။ ဆေးလိပ်ကို ပထမဦးစွာ အားရပါးရ ရှိုက်လိုက်ပြီး မျိုးထူးကို လှမ်းပြောလိုက်ပါသည်။

"မင်း. . . ဒီနေ့ ဘာတွေ သဘောကောင်းနေတာလဲ"

"ဟင်. . . ဘာဖြစ်လို့လဲ"

"ဩော်. . . ချိန်းထားတာမှာ နာရီဝက်လောက် ငါနောက်ကျပြီး ရောက်လာတာကို အရင်ဆို မင်း ပူညံပူညံ လုပ်နေကျပဲ။ အခုတော့ မင်းက ဘာမှ မပြောလို့ပါ"

"ဒါကတော့ကွာ. . . တစ်ခါတလေ ဒီလိုပဲပေါ့။ နောက်ကျခြင်း အကြောင်းအရင်း အမျိုးမျိုးဖြစ်နိုင်တာပဲ။ အခုဟာက မင်းချိန်းထားတာ နော်။ ကဲ. . . ပြောစမ်းပါဦး. . . မင်း ဘာဖြစ်လို့ နောက်ကျနေတာလဲ"

ကျွန်တော်သည် မျိုးထူးမေးခွန်းကြောင့် နောက်ကျခြင်း အကြောင်း စဉ်းစားရင်း အဝါရောင်နတ်သမီးလေးကို သတိရသွားသည်။ သူ့ကြောင့် ညတုန်းက ကျွန်တော် တော်တော်နှင့် အိပ်မရ။ မိုးလင်းခါနီးမှ အိပ်ပျော်သွားသည်။

ဒါကြောင့် မနက်ကျတော့ အိပ်ရာထ နောက်ကျရသည်။ ဒါပဲ။ ဒါပေမဲ့ မျိုးထူးကို ဒီအကြောင်းတွေ ပြောပြမနေတော့ဘဲ. . .

"မနက် အိပ်ရာထ နောက်ကျသွားလို့ကွ။ မင်းနဲ့ချိန်းထားတာ က ကိုးနာရီ. . . ငါလည်း အဲဒီ ကိုးနာရီထိုးမှ နိုးတယ်။ သုခလမ်းက နေ ဒီမြို့ထဲကို ဘတ်(စ်)ကားစီးတာက နာရီဝက်၊ အဲဒီလိုဖြစ်ပြီး နောက်ကျသွားတာကွ"

"ဟာ. . . မင်းကလဲကွာ. . . အဲဒီလောက် အိပ်ရအောင် အိပ်မက်ထဲမှာ နတ်သမီးတွေ၊ ဘာတွေနဲ့များ တွေ့နေလို့လား"

မျိုးထူးစကားကြောင့် ကျွန်တော်က ပြုံးဖြစ်သွားပြီး ခေါင်းကို ယမ်းမိသည်။

"မဟုတ်ပါဘူးကွ. . . ညီမှာတို့အိမ်ကို မသွားဖြစ်တော့လို့ပါ။ ညီမှာ့ကို မင်းနဲ့ မိတ်ဆက်ပေးချင်တာပါ။ အဲဒါ မင်းကို ညီမှာတို့အိမ် ခေါ်သွားမလို့၊ နောက်မှ အစီအစဉ် ဖျက်ပစ်လိုက်တာ"

"အေး. . . မင်း အစီအစဉ်ပျက်သွားရင် ငါ့အစီအစဉ်ရှိတယ်။ အခု ဒီလမ်းထဲမှာ ခေတ်ရောင်စုံဂျာနယ်တိုက်ရှိတယ်။ မနေ့တုန်းက အဲဒီဂျာနယ်ရဲ့ အယ်ဒီတာ ကိုဇော်ကြီးက ငါ့ကို ကဗျာတောင်းထားတာ။ အခု ငါ အဲဒီကို ကဗျာသွားပေးမှာ. . . မင်း လိုက်ခဲ့ရမယ်"

ကျွန်တော်က မျိုးထူးစကားကို လွယ်လွယ်ကူကူပင် လက်ခံလိုက်သည်။

"အေးပါကွ. . . လိုက်ခဲ့မှာပေါ့"

နောက်တော့ မျိုးထူးနှင့်အတူ ခေတ်ရောင်စုံဂျာနယ်တိုက်သို့ ကျွန်တော် လိုက်လာခဲ့မိ၏။ ဂျာနယ်တိုက်ရှေ့သို့ရောက်တော့ လှေကားရှည်ကြီးတစ်ခုကို တက်ရဖို့ရှိသည်။ ကျွန်တော်က မျိုးထူးကို မေးရသည်။

"ဟေ့ကောင်. . . မင်း အခုသွားမှာ ဘယ်နှထပ်ကိုလဲ"

"လေးထပ်တည်းပါ"

ကျွန်တော်က တိုက်ကို မော့ကြည့်ပြီး အထပ်များကို ရေကြည့်တော့ လေးထပ်ပဲဖြစ်နေသည်။ မျိုးထူးကို ဆဲရ၏။

"ခွေးကောင်. . . လေးထပ်တည်းရှိတာကို အပေါ်ဆုံးထပ်ဆိုလည်း ပြီးတာပဲ။ အဲဒါကိုပဲ လေးထပ်တည်းပါတဲ့။ အစကတော့ ငါက အပေါ်ထိ လိုက်ပေးမလို့ပါ။ ဒါပေမဲ့. . . မင်းက မရိုးသားလို့ ငါ အပေါ်ထိ မလိုက်ပေးတော့ဘူး။ ဒီအောက်မှာပဲ စောင့်နေမယ်။ ကိုယ့်ဘာသာကိုယ်ပဲ သွားပေတော့. . .။ မြန်မြန်တော့ ပြန်လာခဲ့နော်"

ကျွန်တော့်စကားဆုံးတော့ မျိုးထူးက အပေါ်ကိုလိုက်ဖို့ ထပ်မခေါ်တော့ဘဲ အိုကေ. . . အိုကေ ဆိုပြီး ခေတ်ရောင်စုံဂျာနယ်တိုက်ပေါ် ပြေးတက်သွားသည်။ ကျွန်တော်လည်း တိုက်အောက်မှာ တစ်ယောက်တည်း ထိုင်စောင့်နေဟုန်း ရနံ့သင်းသင်းလေးတစ်မျိုးက ကျွန်တော့်အသိဉာဏ်ကို ဖြတ်တိုက် ပြေးဝင်သွားလေသည်။

ဖျတ်ခနဲ ကျွန်တော် လှည့်ကြည့်လိုက်မိတော့ နတ်သမီး။ ဘေးမှာ အဖော်ကောင်မလေးတစ်ယောက်ပါသည်။

ကားတစ်စီးက ကွယ်နေ၍ ရုတ်တရက် သူတို့က ကျွန်တော့်ကို မမြင်ကြချေ။ နတ်သမီးသည် နှုတ်ခမ်းနီရဲရဲကို သူ့နှုတ်ခမ်းတွင် သပ်သပ်ရပ်ရပ်ဖြစ်အောင် ဆိုးထား၏။ ပုံမှန်အားဖြင့်ဆိုလျှင် ကျွန်တော်သည် နှုတ်ခမ်းနီရဲရဲ ဆိုးတတ်သည့် ကောင်မလေးများကို ကြည့်မရတတ်သူဖြစ်သည်။ သို့သော် သူ့ကိုကြည့်ရတာကျတော့ အဆင်ပြေသည်။

သူတို့နှစ်ယောက်သား စကားတပြောပြောနှင့် ခေတ်ရောင်စုံဂျာနယ်လှေကားအတိုင်း တက်သွားကြသည်။

ထိုအချိန်အထိ သူတို့ ခေတ်ရောင်စုံဂျာနယ်တိုက်ကို သွားကြလိမ့်မည်ဟု ကျွန်တော် ဘယ်ထင်ပါမည်နည်း။ လေးထပ်တိုက်မြင့်ကြီး၏ လှေကားတစ်လျှောက်တွင် စုစုပေါင်း ခြောက်ခန်းရှိရာ တခြားအခန်းတွေကိုလည်း သူတို့ သွားနိုင်တာပဲ မဟုတ်လား။

စိမ်းစိုလတ်ဆတ်နေသောဥတုနှင့် သစ်ပင်များအကြားတွင် ကျွန်တော့်ခံစားမှုတွေက ရော်ဝါကြွပ်ဆတ်နေတော့သည်။ နတ်သမီးသည် ကွယ်ဝှက်ထားသည့် ကျွန်တော့်ရင်ခုန်သံတွေကို စတင် လှုံ့ဆော်နိုင်စွမ်းရှိသူလည်း ဖြစ်သည်။

ကျွန်တော် အောက်မှာ ဆက်စောင့်နေဖို့ မဖြစ်နိုင်တော့. . .။ ခေတ်ရောင်စုံဂျာနယ်တိုက်ပေါ်သို့ လိုက်တက်ချင်လာသည်။ အဲဒီမှာ

နတ်သမီးကို မတွေ့ရတော့လည်း ဘာဖြစ်သေးလဲ. . .။ မျိုးထူး ရှိနေကာပဲ။ အတွေးတို့ မဆုံးသေးခင်မှာပဲ ကျွန်တော့်ခြေလှမ်းတွေက ပထမထပ်ကို ရောက်နေပြီမှန်း သတိထားလိုက်မိသည်။ အရင်ကဆို လှေကားမြင့်မြင့်တွေ တက်ဖို့ ဝန်လေးတတ်သော ကျွန်တော်သည် လေးထပ်ပေါ်သို့ ဘယ်လို ရောက်လာခဲ့သည်ပင် မသိလိုက်. . .။

ခေတ်ရောင်စုံဂျာနယ်ဟု စာတန်းကပ်ထားသော အခန်းတံခါးကို ဘဲ(လ်)နှိပ်လိုက်တော့ အယ်ဒီတာ ကိုဇော်ကြီးကိုယ်တိုင် တံခါးလာဖွင့်ပေးသည်။ ကျွန်တော်က ရောက်ရောက်ချင်း မျက်လုံးကို ဝေ့ယမ်း၍ နတ်သမီးကို ရှာကြည့်မိသည်။ ဟော. . . တွေ့ပြီ။ နတ်သမီးသည် ကျွန်တော် ထင်ထားသည့်အတိုင်းပင် ဒီခေတ်ရောင်စုံဂျာနယ်ကို လာတာဖြစ်၏။

ကျွန်တော်သည် ကိုယ့်ထင်မြင်ချက် မှန်သွားသဖြင့် ပျော်သွားပြီး နတ်သမီးရှိရာကို လှမ်းကြည့်လိုက်သည်။ နတ်သမီးက သူ့အဖော်ကောင်မလေးကို စကားပြောရင်း ကျွန်တော့်ကို တွေ့သွားသည်။ ပြီးတော့ မှတ်မိဟန်ဖြင့် သူ့အဖော်ကောင်မလေးကို လက်တို့လိုက်၏။ ကျွန်တော်က မျက်နှာလွှဲရင်း မျိုးထူးဘေးမှာ ဝင်ထိုင်၏။

"မင်းက ဘယ်လိုဖြစ်ပြီး လိုက်လာတာလဲ။ စောစောတုန်းကကျတော့ လိုက်ခဲ့ဖို့ခေါ်တာ သေတော့မယ့်အတိုင်းပဲ"

"မင်းက ကြာနေတော့ ငါတစ်ယောက်တည်း ပျင်းလာလို့ပါ"

"မျိုးထူးကလည်း ဟုတ်သားပဲကွ. . . သူ့တစ်ယောက်တည်း ပျင်းမှာပေါ့"

ကိုဇော်ကြီး ဝင်ပြောရင်း မျိုးထူးကို အပြစ်တင်သည်။ မျိုးထူးက သူ့ဘေးနားမှာ ထိုင်နေသော တစ်ယောက်နှင့် ကျွန်တော့်ကို မိတ်ဆက်ပေး၏။

"ဒါက စိုင်းသီဟာတဲ့. . . ပန်းချီဆရာပေါ့။ မဂ္ဂဇင်းသရုပ်ဖော်ပုံတွေလည်း ဆွဲတယ်။ စိုင်းသီဟာ. . . ဒါက ကျော်ဝေလေ. . .၊ စာရေးဆရာ"

ကိုဇော်ကြီးကိုတော့ သိပြီးသားမို့ ထပ်မိတ်ဆက်ပေးစရာမလိုတော့။ စိုင်းသီဟာက ကျွန်တော့်ကို ပြုံးပြ၏။ ပြီးတော့ ပြောသည်။

"ကျွန်တော် ခင်ဗျားဝတ္ထုတွေကို ဖတ်ဖူးပါတယ်။ ကျွန်တော်တောင် တစ်ခါ သရုပ်ဖော်ပုံ ဆွဲပေးဖူးတယ်လေ"

"ဟုတ်ပါတယ်. . . ကျွန်တော် မှတ်မိပါတယ်"

အနုပညာသမားချင်းက ဒီလိုပဲ လူချင်း မသိကြပေမယ့် အနုပညာချင်းတော့ ကြိုသိနေတတ်ကြသည်။

နတ်သမီးကို လှမ်းကြည့်လိုက်တော့ သူတင်မဟုတ်ဘဲ သူ့အဖော်ကပါ ကျွန်တော့်ကို အကဲခတ်နေကြ၏။ ကျွန်တော်၊ မျိုးထူးနှင့် စိုင်းသီဟာတို့သည် အနုပညာအကြောင်း၊ စာပေလောကအခြေအနေအကြောင်း၊ ပြီးတော့ အားလုံးနှင့် သိကျွမ်းကြသော လူတချို့အကြောင်း ပြောဆို ရယ်မောနေစဉ် နတ်သမီးနှင့် သူ့အဖော်က ကိုဇော်ကြီးကို စကားတချို့ ပြောနေလေသည်။

ခဏကြာတော့ သူတို့နှစ်ယောက်သည် ခေတ်ရောင်စုံဂျာနယ်တွေယူပြီး ပြန်ထွက်သွားကြပြန်သည်။ ဒါကို ကျွန်တော်က မသိချင်ယောင်ဆောင်ပြီး မျိုးထူးတို့၊ စိုင်းသီဟာတို့ဖြင့် စကားတွေ ဆက်ပြောနေမိ၏။

ဒီဂျာနယ်တိုက်မှာ သူတို့ ဘာလာလုပ်သည်ဆိုတာကိုလည်း ကျွန်တော် သဘောပေါက်သွားပြီ။ တခြားတော့ မဟုတ်နိုင်။ ဂျာနယ်ကြော်ငြာများအတွက် Marketing ဆင်းနေသူတွေဟု ကျွန်တော် တွေးကြည့်မိသည်။

ကျွန်တော် ဖြစ်ပျက်နေသည်များကို မျိုးထူး၊ စိုင်းသီဟာနှင့် ကိုဇော်ကြီးတို့ တစ်ယောက်မှ မရိပ်မိကြပါ။ ဘယ်သူမှ မသိခြင်းကလည်း တစ်မျိုးကောင်းတာပဲဟု တွေးမိပြီး ကျွန်တော် ကျေနပ်မိပြန်သည်။

ညနေရောက်တော့ (၃၅) လမ်းထိပ်က လက်ဖက်ရည်ဆိုင်မှာပဲ ထိုင်ရင်း နတ်သမီးကို တွေ့လိုတွေ့ငြား ကျွန်တော် စောင့်ကြည့်မိသည်။ ထိုအခါ ကျွန်တော် ထပ်မံ ကံကောင်းပြန်သည်။

နတ်သမီးသည် မနက်တုန်းက တွေ့ရသော သူ့အဖော်နှင့်အတူ လမ်းထဲကို ဝင်လာတာ တွေ့ရ၍ဖြစ်သည်။ နတ်သမီးရော၊ သူ့အဖော် ရောက ကျွန်တော့်ကို မမြင်ပါ။ ကျွန်တော် ထိုင်နေသောဝိုင်းက နည်းနည်း ချောင်ကျ၍လည်း ဖြစ်နိုင်သည်။ သူတို့၏ ဘေးဘီကို လှည့်မကြည့်တတ် သော အကျင့်ကြောင့်လည်း ဖြစ်နိုင်သည်။

ဘာကြောင့်ပဲဖြစ်ဖြစ် သူတို့မမြင်တော့ ကျွန်တော်က အားနာ စရာ မလိုဘဲ ပိုမိုလွတ်လပ်စွာ နတ်သမီး၏အလှကို ခံစား၍ရသည်။

နတ်သမီးက သူ့လုံချည်ကို ဘယ်ဘက်လက်ဖြင့် အနည်းငယ် မကာ လမ်းကို ဖြည်းဖြည်းချင်း လျှောက်နေပုံရသည်။ ရုပ်မြင်သံကြား မှလာသော အိုရှင်းနှင့် တော်တော်တူပါသည်။ နတ်သမီးအတွက် အိုရှင်း ဝတ်သည့် ကီမိုနိုဝတ်စုံတစ်စုံလောက် ဝယ်ပြီး လက်ဆောင်သွားပေး ရင် သူ တော်တော် စိတ်ဆိုးသွားမှာပဲ။ ဒါမှမဟုတ် သူက ပျော်ရွှင်ပြီး ကျွန်တော့်နောက်ပြောင်မှုကို ရယ်မောနေမှာလား။

စဉ်းစားရင်းနှင့် ကျွန်တော် ပြုံးမိလေသည်။

ခဏကြာတော့ နတ်သမီးတို့က ကျွန်တော် မြင်နိုင်သော မြင် ကွင်းရှေ့မှ ပျောက်ကွယ်သွားသည်။ သို့သော် ကျွန်တော့်စိတ်ထဲတွင် တော့ နတ်သမီး ပျောက်မသွား။ ညအိပ်တဲ့အချိန်ထိ ကျွန်တော့်ကို စိုးမိုးနေဆဲဖြစ်သည်။

ဒါပေမဲ့ အိပ်မက်ထဲအထိ ရောက်မလာတာကိုတော့ ကျွန်တော် ကျေးဇူးတင်ရပါလိမ့်မည်။

■

## ( ၃ )

"ကိုကြီး. . ."

"ဘာလဲ"

"ငါပေးထားတဲ့ လက်ပတ်လေးရော မပတ်တော့ဘူးလား"

"ဪ. . . ပတ်ပါတယ်ဟ"

ကျွန်တော့်အဖြေစကားကို သိမ့်သိမ့်က မကျေနပ်သေးဟန်ဖြင့် ထပ်မေးသည်။

"ငါမှ ပတ်မပေးဘဲနဲ့. . . ကိုကြီးက အဲဒီလက်ပတ်ကို တစ်ယောက်တည်း ဘယ်လိုပတ်သလဲ"

သိမ့်သိမ့်၏မေးခွန်းကြောင့် ကျွန်တော်က ရယ်ဖြစ်သည်။

"နင့်ကိုယ်စား ကောင်မလေးတစ်ယောက်ကို တာဝန်ပေးထား

တယ်''

''ဘယ်သူလဲ. . . မညိုမာလား''

သူ့စကားကြောင့် ကျွန်တော်က မျက်နှာကို တမင်ရှုံ့ပစ်လိုက်ပြီး ငြင်းရ၏။

''ပေါက်ပေါက်ရှာရှာဟာ. . . နင်ကလည်း၊ ငါနဲ့ ညိုမြာက သူငယ်ချင်းတွေပါဟ၊ အခုဟာက. . . နတ်သမီး''

''နာမည်က နတ်သမီး. . . ဟုတ်လား''

တအံ့တဩနှင့် ပြန်မေးနေသော သိမ့်သိမ့်ကြောင့် ကျွန်တော်က သေချာရှင်းပြရ၏။

''နာမည်အရင်းတော့ မဟုတ်ဘူးပေါ့။ ငါ့ဘာသာငါ တစ်ယောက်တည်း ကျိတ်ပြီးပေးထားတဲ့ နာမည်။ ဒါပေမဲ့ သူက စကားပြောရင် သူ့ကိုယ်သူ 'မီး'လို့ စကားထဲ ထည့်ပြောတတ်တယ်''

''ဩော်. . . အခြေအနေက အဲဒီလောက်ပဲ ရှိသေးတာလား။ ဒါနဲ့များ လက်ပတ်ကြိုးလေးကို ချည်ဖို့ တာဝန်ပေးထားသလေး. . . ဘာလေးနဲ့ သိပ်ကြွားတာပဲ''

''ဩော်. . . ဒါကတော့ဟာ. . . မောင်နှမအချင်းချင်းပဲဥစ္စာ''

ပြောပြီးတော့ ကျွန်တော်တို့မောင်နှမနှစ်ယောက်သား ပြိုင်တူရယ်မိကြသည်။

''ဟဲ့. . . ကိုကြီး. . . အဆင်ပြေရင် အိမ်ကို ခေါ်လာခဲ့ဦးနော်။ ငါ ကော်ဖီဖျော်တိုက်မယ်''

''အေးပါ. . . ကဲကဲ. . . ငါ စာသွားရေးလိုက်ဦးမယ်''

''ကိုကြီး. . . ဝတ္ထုတွေ၊ ကဗျာတွေချည်းပဲ ရေးမနေနဲ့။ ကျောင်းစာတွေလည်း လုပ်ဦး. . . ။ Class ရော မှန်မှန်တက်ရဲ့လား။ ပြီးတော့ မညိုမြာက ကိုကြီးအတွက် စာတွေ. . . အမြဲကူးပေးနေရတာ အားနာ

စရာကြီး''

''သိမ့်သိမ့်. . . နင်ကလေ. . . အငယ်ဖြစ်နေလို့ပဲ၊ အကြီးသာ ဆိုရင် မလွယ်ဘူး။ ဆရာ သိပ်လုပ်တာပဲ''

ကျွန်တော့်စကားကြောင့် သိမ့်သိမ့်က ရယ်သည်။ ထိုစဉ် မေမေ က ဝင်လာပြီး. . .

''မောင်နှမနှစ်ယောက် ဘာတွေသဘောကျနေတာလဲ''

ဟု မေးသည်။

သိမ်သိမ့်က. . .

''မေမေ့သားက ရည်းစားအသစ် ထားမလို့တဲ့။ အဲဒါကို သမီး က စာကြိုးစားဖို့ ဆုံးမနေရတာ''

သိမ့်သိမ့်က မေမေ့ကို မျက်နှာရအောင် ပြောဆိုရယ်မောပြီး အခန်းထဲ လှစ်ခနဲ ပြေးဝင်သွား၏။

''ခွေးစုတ်မလေး၊ မဟုတ်ဘူး မေမေ. . . သိမ့်သိမ့် လျှောက် ပြောသွားတာ''

မေမေက ကျွန်တော့်ကို ပြုံးပြီး ခေါင်းညိတ်ကာ ကြည့်သည်။ ပြီးတော့ အဓိပ္ပာယ်တွေ အများကြီးပါသော စကားတစ်ခွန်းကို ပြောပါ သည်။

''သားလည်း အရွယ်ရောက်နေပြီပဲ။ တက္ကသိုလ်ကျောင်းသား၊ စာရေးဆရာလုပ်နေတာ။ သားမှာ လူ့ဘဝကို ဖြတ်သန်းဖို့ လုံလောက် တဲ့အသိဉာဏ်၊ အတွေးအခေါ် ရှိပြီးသားပဲ။ ဒါပေမဲ့ မေမေက သားကို မိန်းကလေးတွေနဲ့ ပတ်သက်ပြီး နည်းနည်း စိတ်ပူမိတယ်။ ဒီမှာ သား ဘယ်မိန်းကလေးကြောင့်မှ. . . သားဘဝ အပျက်မခံစေနဲ့။ သား ကြောင့်လည်း ဘယ်မိန်းကလေးမှ ဘဝမပျက်စေနဲ့ သိလား''

''စိတ်ချပါ မေမေရဲ့။ သား နားလည်ပါတယ်''

"အေးအေး. . . သားလေး စာရေးစရာ၊ စာဖတ်စရာတွေ ရှိရင် သွားလုပ်ချေတော့။ မေမေတော့ သွားအိပ်တော့မယ်"

"ဟုတ်ကဲ့"

မေမေက အိပ်ခန်းဘက်ကို ထွက်သွား၏။ မေမေ အိပ်ပျော် ဦးမှာ မဟုတ်မှန်း ကျွန်တော်သိလိုက်ပါသည်။ အဝေးကြီးက သင်္ဘော တစ်စင်းပေါ်တွင် အလုပ်လုပ်နေသော ဖေဖေ့ကို မေမေက သတိတရ နှင့် လွမ်းနေပါလိမ့်မည်။ မေမေက မေတ္တာတရားကြီးမားသူ၊ ဖေဖေ့၏ အလုပ်တာဝန်တို့ကို နားလည်ပေးနိုင်သူဖြစ်သည်။

ကျွန်တော်ကတော့ ထက်မြက်လွန်းလှသည့် မိန်းကလေးမျိုးကို အသိဉာဏ်အရ သဘောကျမိသော်လည်း ခံစားမှုအရတော့ မေမေ့ လို မေတ္တာတရားကြီးမားသူကိုသာ မြတ်နိုးမိပါသည်။

ရုတ်တရက် ကျွန်တော်သည် နတ်သမီးနှင့် ညိုမာကို တစ်ပြိုင် နက်တည်း သတိရသွားမိ၏။

ဒါ မဖြစ်သင့်ဘူးဟု တွေးမိကာ ကျွန်တော် ခေါင်းကို ယမ်း လိုက်သည်။

သို့သော် အခြေအနေနှင့် အကြောင်းအရာများကို ခေါင်းယမ်း ပစ်တတ်ရုံဖြင့် ငြင်းဆန်၍မရမှန်း နောင်အခါတွင် ကျွန်တော် သိလာခဲ့ ရလေသည်။

■

SHINE

( ၄ )

ဖေဖော်ဝါရီ၏ ညနေခင်းတွင် ဆောင်းခိုငှက်တချို့က ပန်းဆိုးတန်းဘက်သို့ ပျံသန်းသွားကြသည်။

ကျွန်တော်က (၃၅) လမ်းထိပ်တွင်ထိုင်၍ နတ်သမီး၏ ရုံးဆင်းချိန်ကို ထိုင်စောင့်နေမိသည်။ ငါးနာရီခွဲကျော်သည်အထိ နတ်သမီးက ရောက်မလာသေး။ မျိုးထူးက ဒီနေ့ ကိစ္စရှိလို့ဆိုပြီး စောစောအိမ်ပြန်သွား၏။

ထိုစဉ် မိန်းကလေးသုံးယောက်က ကိုဇော်ကြီးနှင့်အတူ လမ်းထဲမှ ထွက်လာသည်ကို ကျွန်တော် မြင်ရ၏။ ထိုမိန်းကလေးသုံးယောက်တွင် နတ်သမီးနှင့်တွဲသော အဖော်ကောင်မလေးတစ်ယောက်လည်း ပါလာသည်။

ဒါဆို နတ်သမီးရော. . .။ ကျွန်တော် စဉ်းစားမရတဲ့ ဖြစ်သွား၏။

ကိုဇော်ကြီးကလည်း ကျွန်တော့်ကို မမြင်ဘဲ ကျော်သွားကြသည်။ ကျွန်တော့်ရင်ထဲတွင် မျှော်လင့်ခြင်းတွေက ပြိုကျသွားပြီး တစ်ကိုယ်လုံး နွမ်းနယ်သွားသလို ခံစားရ၏။

ဒါဆို ငါ နတ်သမီးကို ဒီနေ့ မတွေ့ရတော့ဘူးပေါ့။ တွေးရင်း ကျွန်တော်သည် ဝမ်းနည်းလာလေသည်။ မြင်ရသော အရာရာသည် ဝေဝါးမှုန်ရီလာ၏။ ကျွန်တော်က လမ်းထိပ်ကို ကြည့်နေရာမှ လမ်းထဲကို လှမ်းကြည့်မိသည်။

ရုတ်တရက် ကျွန်တော်သည် ကလေးတစ်ယောက်ကဲ့သို့ပင် သတိလက်လွတ် ပျော်ရွှင်သွားတော့သည်။

နတ်သမီးသည် သူ့ပုံစံအတိုင်း အိုရှင်းလမ်းလျှောက်ဟန်ဖြင့် ခပ်ဖြည်းဖြည်း လျှောက်လာလေသည်။ သူ့အကြည့်တွေက ဖျတ်ခနဲ ကျွန်တော့်ဆီ ရောက်လာ၏။ ကျွန်တော့်ကို မြင်သွားတော့ နှုတ်ခမ်းနီ ရဲနေသော သူ့နှုတ်ခမ်းတွေက ရယ်ချင်စိတ်ကို မနည်းထိန်းလိုက်ရပုံ ပေါ်သည်။

သို့သော် ထိုပုံစံကလေးကိုပင် ကျွန်တော် စွဲငြိသွားခဲ့ရပါသည်။ နောက်တော့ နတ်သမီးသည် ကျွန်တော့်ကို ကျော်သွားပြီး (၃၅)လမ်း အတိုင်း စုန်ဆင်းသွား၏။

ကြိုတင် ကြံစည်ထားခြင်း မရှိသော်လည်း ကျွန်တော်က လက်ဖက်ရည်ဖိုးကို ရှင်းပြီး သူ့နောက်ကို လိုက်လာခဲ့မိသည်။ ဆောင်း၏ အအေးဓာတ်တို့က မကုန်သေးသောကြောင့် ပတ်ဝန်းကျင်၌ အေးစိမ့်နေပေမယ့် ကျွန်တော့်သွေးတို့မှာ ပူနွေးနေလေသည်။

နတ်သမီးသည် နောက်ကို လှမ်းမကြည့်သော်လည်း ကျွန်တော်

သူ့နောက်လိုက်လာတာကိုတော့ သိဟန်တူသည်။ သူ့ခြေလှမ်းတွေက တမင်သတိထားပြီး လှမ်းနေမှန်း သိသာလှ၏။ ကျွန်တော်သည် သူ့နား သို့ နီးကပ်လာလေ ရင်တွေခုန်လာလေဖြစ်သည်။

"ဟိတ်. . . မီးမီး"

ကျွန်တော်က ကြိုတင်သိနှင့်ထားသော သူ့နာမည်ကို ခေါ်လိုက် တော့ သူက ဆံပင်တွေဝဲသွားအောင် လှည့်ကြည့်ပါသည်။ သူ့နာမည် ကို ကျွန်တော် သိနေတာကိုတော့ သူက သိပ်အံ့သြဟန် မပြပါ။ ကျွန်တော်က ခေတ်ရောင်စုံဂျာနယ်မှ ကြော်ငြာအဖွဲ့စာရင်းကို ဖတ်ထား သူမို့ သူ့နာမည်ကို သိသွားခြင်းဖြစ်သည်။

အခုတော့ ကျွန်တော်သည် သူနှင့် ပခုံးချင်းယှဉ်၍ လမ်းလျှောက် နေမိပြီ။

"ကျွန်တော်. . . မီးမီးကို စောင့်နေတာ ညနေလေးနာရီ လောက်ကတည်းက သိလား"

"စောင့်နေတာ ဟုတ်လား. . .။ ဘာကိစ္စများ ရှိလို့ပါလိမ့်"

ကျွန်တော်တို့ နှစ်ယောက်စလုံး၏ ခြေလှမ်းတွေက သိသိသာ သာ နှေးကွေးသွားကြသည်။

"ကိစ္စက ကျွန်တော် မီးမီးနဲ့ သူငယ်ချင်းတွေ ဖြစ်ချင်လို့"

ကျွန်တော့်စကားကိုကြားတော့ သူက သဘောကျစွာ ရယ်လေ သည်။ ပြီးတော့ ချိုမြသော မျက်နှာပေးနှင့် ကျွန်တော့်ကို ပြန်ပြော၏။

"သူငယ်ချင်းနော်. . . တကယ်ပြောတာလား"

ကျွန်တော်က အလျင်အမြန် ခေါင်းညိတ်ပြမိ၏။

"ခစ်. . . ခစ်. . . ခစ်"

သူက ရယ်လေသည်။

"ဘာဖြစ်လို့ ရယ်တာလဲဟင်"

ကျွန်တော်က နားမလည်စွာ မေးမိတော့ သူက ခေါင်းကို ယမ်းပြီး ဘာမှပြန်မပြောချေ။ နောက်တော့ မဟာဗန္ဓုလလမ်းမပေါ်ကို ရောက်လာကြပြီး မြို့တော်ခန်းမဘက်သို့ ဆက်လျှောက်လာကြသည်။ လေစိမ်းစိမ်းတွေက ကျွန်တော်တို့၏ ခြောက်သွေ့မှုများကို လန်းဆန်းသွားစေ၏။

"မီးနဲ့ ဘာဖြစ်လို့ သူငယ်ချင်းဖြစ်ချင်ရတာလဲ"

သူ့စကားများ၊ မေးခွန်းများကို မထစ်ငေါ့ရအောင် ကျွန်တော်က သတိထားပြီး တုံ့ပြန်ရသည်။

"ကျွန်တော်က. . . မီး ဘေးမှာ နေချင်လို့"

မီးမီးဟု ခေါ်နေရာမှ ကျွန်တော်သည် 'မီး'ဟု တစ်လုံးတည်း ပြောင်းလဲခေါ်ကြည့်မိ၏။ ထိုအချိန်တွင်တော့ သူက ကျွန်တော့်ကို ပြုံးစေ့စေ့နှင့် လှမ်းကြည့်ပါသည်။ ပြီးတော့ ကျွန်တော့်ကို ခနဲ့သလို ပြောလေသည်။

"ဩော်. . . ရည်ရွယ်ချက်က သိပ်ကြီးတာကိုး"

ကျွန်တော်က ကိုယ်စပြီး တောင်းဆိုထားသည့် ကိစ္စကို မမေ့မလျော့ ပြောရသည်။

"မီး. . . ပြောဦးလေ၊ ကျွန်တော့်ကို သူငယ်ချင်းအဖြစ် လက်ခံတယ် မဟုတ်လား"

ကျွန်တော့်တောင်းဆိုမှုကြောင့် သူက စဉ်းစားသလိုလုပ်ပြီး ကျွန်တော် ယုံကြည်ထားသည့်အတိုင်း ကျွန်တော့်ကို သူငယ်ချင်းအဖြစ် လက်ခံပါသည်။

"သူငယ်ချင်းလောက်ဆိုရင်တော့ ဖြစ်ပါတယ်"

ဒီအခြေအနေလောက်ကိုတော့ ကျွန်တော်က ကြိုတင်စဉ်းစားထားနှင့်ပြီးဖြစ်သော်လည်း တကယ်တမ်း ရင်ဆိုင်ရသောအခါတွင်

ကျွန်တော်က ထင်တာထက် ပိုမို ရင်ခုန်လှုပ်ရှားသွားမိသည်။

နောင် နတ်သမီးနှင့်ပတ်သက်သမျှ အဖြစ်အပျက်အားလုံးတွင် ကျွန်တော့်ကြိုတင်ထင်မြင်ချက်အားလုံးက မှန်ကန်နေတတ်သော်လည်း ခံစားမှုကတော့ ထင်ထားတာထက် အမြဲ ပိုမိုပြင်းထန်တတ်သည်။

"ဒါဆို ကျွန်တော့်တို့ သူငယ်ချင်းတွေ ဖြစ်သွားကြပြီပေါ့နော်"

သူက ကျွန်တော့်စကားကို ခေါင်းညိတ်ပြီး အတည်ပြုရင်း စကားတစ်ခွန်းကို ပြော၏။

"သူငယ်ချင်းတွေသာ ဖြစ်သွားတာ. . . သူ့နာမည်ကိုလည်း အခုထိ မသိရသေးဘူး"

"ကျော်ဝေပါ. . ."

ကျွန်တော့်နာမည်ကိုကြားတော့ သူက နည်းနည်းပါးပါး ပျော်သွားပုံရသည်။

"ကျော်ဝေ. . . ဟုတ်လား၊ စာရေးဆရာ ကျော်ဝေလား"

ခေါင်းကိုညိတ်ပြတော့ သူက ဆက်ပြော၏။

"ထင်တော့ထင်သားပဲ။ ဟိုတစ်နေ့က ကိုဇော်ကြီးဆီကို လာတော့ ပုံစံတွေက စာရေးဆရာ၊ ကဗျာဆရာတွေလား မသိဘူးဆိုပြီး တွေးမိသေးတာ"

တဖြည်းဖြည်းနှင့် ကျွန်တော်တို့နှစ်ယောက်သား လမ်းလျှောက်လာကြတာ မြို့တော်ခန်းမရှေ့ကို ရောက်လာကြသည်။ မာကျူရီမီးတွေ ပင် လင်းလာပြီ။

နောက် အင်းစိန်သွားမည့် ၄၅ ဘတ်(စ်)ကားဂိတ်မှာ ကားရပ်စောင့်ကြပြန်၏။ သူက ကျွန်တော့်ခရီးစဉ်ကို မေးလိုက်သည်။

"ဘယ်မှာနေတာလဲဟင်"

"သုခလမ်းမှာ. . ."

''ဟင်. . . ဒါဆို ဟိုတစ်နေ့က. . .''

''ဟုတ်တယ်. . . အဲဒီနေ့က မီး ဘယ်မှတ်တိုင်မှာ ဆင်းမလဲ ဆိုတာ သိချင်လို့ တမင် ကားလိုက်စီးတာလေ''

ကျွန်တော့်စကားကြောင့် သူက ရယ်လေသည်။ နောက်. . . ကျွန်တော့်ကို မျက်စောင်းထိုးကာ ပြော၏။

''စာရေးဆရာက ဒါမျိုးကျတော့လည်း ဖြစ်သားပဲ။ အခုရော စာရေးဖို့ ကုန်ကြမ်းလာရှာတာလား''

သူ့စကား၏ အသွားအလာကို ကြည့်ပြီး ကျွန်တော် နည်းနည်း ဖျားသွားပါသည်။ ဒါပေမယ့် သူ့ကို တုံ့ပြန်ဖို့ ပြင်ဆင်ချိန် သိပ်မရှိပါ။

''မဟုတ်ပါဘူး မီးရဲ့ . . . ကျွန်တော့်ဝတ္ထုထဲက ဇာတ်ကောင် မိန်းကလေးက 'မီး' လိုပုံစံမျိုးတွေ မဟုတ်ဘူး''

''အင်း. . . ဒါဆိုရင် ဝမ်းသာစရာပေါ့''

ထိုစဉ်မှာပင် ခုံလွတ်တွေ အများကြီးပါသော ၄၅ ဘတ်(စ်)ကား ကြီးတစ်စင်းက ထိုးဆိုက်လာသောကြောင့် ကျွန်တော်တို့ ကားပေါ်တက် ကြရသည်။ တခြားထိုင်ခုံတွေထက် နည်းနည်းပိုကျယ်သော နှစ်ယောက် တွဲထိုင်ခုံတစ်ခုကို ရွေးပြီး ကျွန်တော်တို့ ထိုင်ဖြစ်ကြ၏။

သို့သော် အရင်တစ်ခါတုန်းကနှင့် ခြားနားသည်မှာ သူက ပြတင်းပေါက်ဘက်မှာ ထိုင်လိုက်ခြင်းဖြစ်သည်။

နတ်သမီးနှင့် နီးကပ်စွာထိုင်ရခြင်းသည် ကျွန်တော့်အတွက် မရိုးမသားသည့် စိတ်ရိုင်းတွေကို အတင်း မောင်းထုတ်နေရခြင်း ဖြစ်နေ ၏။

၄၅ ဘတ်(စ်)ကားကြီးသည် ချက်ချင်းထွက်သွားသည်မဟုတ် ဘဲ တစ်စီးပြီးမှ တစ်စီး အလှည့်ကျ ထွက်ရတာဖြစ်သည်။ ကျွန်တော် က ဖျတ်ခနဲ အကြံရသွားပြီး ကျောပိုးအိတ်ထဲမှ လက်ပတ်ကြိုးအနက်

ရောင်လေးကို ထုတ်လိုက်၏။

"မီး. . . ဒီမှာ"

နတ်သမီးက နှုတ်ခမ်းကို တင်းတင်းစေ့ထားပြီး လှည့်ကြည့်သည်။

"ဘာလဲ. . . ချည်ပေးရဦးမှာလား"

"ဒါပေါ့"

သူက ကျွန်တော့်လက်ထဲမှ လက်ပတ်လေးကို ယူလိုက်ပြီး ဘာစိုးရိမ်မှုမှ မရှိသလို ပေါ့ပေါ့ပါးပါးပင် ကျွန်တော့် ညာဘက်လက်မှာ ချည်ပေးလေသည်။

ထိုအခိုက်အတန့်အတွင်းမှာပင် သူ့ဆံပင်တွေဆီမှ အမျိုးအမည် မသိရသော ရှန်ပူရနံ့သည် ကျွန်တော့်ရင်ထဲထိအောင် မွှေးပျံ့လာတော့၏။

"မီး. . . ကျွန်တော့်ကို အမြဲတမ်း ချည်ပေးမှာလား"

သူက ကျွန်တော့်ကို နှစ်လိုဖွယ် ခေါင်းညိတ်ပြပါသည်။ ထိုအချိန်တွင် ကားက ထွက်စပြုနေပြီ။ ကျွန်တော်နှင့် သူ၏ကြားက အတားအဆီးမှန်သမျှတို့သည် ထိုအတွေ့အကြုံ၌ လွင့်ပြယ်သွားခဲ့ပြီး မမြင်ရသော လေထုထဲတွင် သံယောဇဉ်အကြည့်များကို ကျွန်တော်တို့ ထားရစ်ခဲ့မိကြ၏။

ကျွန်တော်သည် နတ်သမီး၏ မျက်တောင်လှလှလေးများကို ငေးကြည့်ရင်း ရင်တွေခုန်လာသည်။

ကားပေါ်၌ တခြားခရီးသည်တို့၏ အသံများ၊ စပယ်ယာ၏ အော်သံ၊ ဟွန်းသံ၊ လေတိုးသံ စသဖြင့် အရောရော အနှောနှော ရှိနေကြ၏။ ကျွန်တော့်၏ ချစ်စရာနတ်သမီးလေးက ကျွန်တော့်ကို ကြည့်ရင်း မေးခွန်းတစ်ခုမေးပါသည်။

"တခြားကောင်မလေးတွေကိုရော အခုလို လက်ပတ်ချည်နိုင်းတာပဲလား"

ကျွန်တော်က ရယ်ချင်နေသည့်ကြားမှ သူ့မေးခွန်းကို ဖြေရသည်။

"ဘယ်သူ့မှ ဒီလက်ပတ်လေးကို ချည်ခွင့်ပေးတာ မဟုတ်ဘူး။ မီး တစ်ယောက်တည်း. . ."

သူက ကျွန်တော့်စကားလုံး ရွေးချယ်သုံးစွဲမှုကို မျက်နှာမဲ့သွား၏။ ဒါပေမဲ့ တော်တော်လှသည်။

"မီးက အဲဒီလက်ပတ်လေးကို တစ်ဦးတည်း ချည်ပေးခွင့်ရသူပေါ့နော်"

သူက ခပ်ရွဲ့ရွဲ့ ပြန်ပြောပြီး ပြုံးပါသည်။ ပြီးတော့ ပထမဦးဆုံး တစ်ကြိမ်တုန်းက အကြောင်းကို ပြန်၍ အစဖော်သည်။

"ဟိုတစ်ခါတုန်းကလေ. . . မီးက အမြင်မတော်လို့ပါနော်။ တစ်ယောက်တည်း ရှုပ်ယှက်ခတ်နေတာကို သနားလို့ ချည်ပေးလိုက်တာ"

"ဟုတ်ပါတယ် မီးရဲ့. . . ကျွန်တော်က ဘာပြောလို့လဲ"

"ဘာမှတော့ မပြောပါဘူးလေ၊ ဒါပေမဲ့. . . စိတ်ထဲမှာ တစ်မျိုးထင်သွားမှာစိုးလို့"

ကျွန်တော်က နတ်သမီး၏ကာကွယ်မှုကို မြတ်နိုးစွာ လှမ်းကြည့်ဖြစ်လိုက်သည်။

ဘတ်(စ်)ကားကြီးသည် ပိုမိုလျင်မြန်စွာ ပြေးလွှားနေပြီး ပြတင်းပေါက်မှ လေတွေကလည်း တအားတိုးနေလေသည်။ ထိုအခါ ကျွန်တော်တို့နှစ်ယောက်စလုံး၏ ဆံပင်တွေက လေထဲတွင် တလွင့်လွင့်နှင့် ရှိကြ၏။

ကျွန်တော်က သူ့ထက်တော့ ဆံပင်နည်းနည်း ပိုတိုပါသည်။

နတ်သမီးက လွင့်နေသည့် ကျွန်တော့်ဆံပင်တွေကို ကြည့်ပြီး မေးခွန်းတစ်ခုမေးပြန်သည်။

''ဆံပင်တွေက တမင်အရှည်ထားတာလားဟင်''

]][ w w , f . . မီးရော''

''အင်း. . . စဉ်းစားနေတာ၊ အရှည်ပြန်ထားရင် ကောင်းမလား လို့''

''အရင်က မီး. . . ဆံပင်တွေ အရှည်ကြီးပေါ့နော်''

''အင်း. . . ဟုတ်တယ်. . .။ အရင်အလုပ်က ကောင်လေးတွေ ဆို မီးကို အဲဒီဆံပင်ရှည်ကြီးနဲ့ ဘယ်လိုနောက်ကြတယ်ထင်လဲ။ မဟား ဒယားဆန်သူတဲ့။ မီးကလည်း မီးပါပဲ။ ဆံပင်ရှည်ကြီး တလွှားလွှားနဲ့''

သူ့စကားကြောင့် ကျွန်တော်က ရယ်မိတော့ သူက ကျွန်တော့် ကို စိုက်ကြည့်နေလေသည်။ ကျွန်တော်က ပြန်ကြည့်တော့ သူ့မျက်လုံး တွေကို လွှဲမသွားပါ။ ဘာစကားမှတော့ မပြော။

တဖြည်းဖြည်းနှင့် ကျွန်တော်တို့စီးလာသော ဘတ်(စ်)ကားကြီး သည် မြေနီကုန်းကို ကျော်လာသည်။ လေထဲတွင် နတ်သမီး၏ ဆံပင် များက ရှန်ပူရနံ့တွေ ဝေ့ဝဲနေကြသည်။

''မီး. . . ဆံပင်တွေကို ဘာရှန်ပူနဲ့ လျှော်သလဲဟင်''

''. . . . . . . . . .''

သူက ရှန်ပူနာမည်တစ်ခုကို ပြောပြသော်လည်း ကျွန်တော် သေချာမကြားရ။ ကြားရသလောက်ကလည်း ခက်ခက်ခဲခဲနှင့် ကျွန် တော် အလွယ်တကူ ခေါ်နိုင်မည့်နာမည်မျိုး မဟုတ်၍ ကျွန်တော် ထပ် မမေးတော့ပါ။ ငြိမ်သက်စွာ ရှိနေသော သူ့လက်ချောင်းလေးတွေကို ကျွန်တော်က မက်မောစွာ ကြည့်နေမိသည်။

ရုတ်တရက် နတ်သမီးက နှစ်ကိုယ်ကြား တိတ်ဆိတ်မှုကို ဖြိုခွဲပစ်လိုက်၏။

"ချက်စ် Chess ကစားတတ်သလားဟင်"

ပထမတော့ ကျွန်တော် ကြောင်သွားပေမယ့် ချက်ချင်းပင် သူဆိုလိုတာကို သဘောပေါက်သွားသည်။

"ကစားတော့ ကစားတတ်ပါတယ်။ ဒါပေမဲ့. . . အဖြစ်ပါ။ အကွက်ရွှေ့တတ်တယ် ဆိုရုံလောက်ပါပဲ"

"မီးကိုရော နိုင်အောင်ကစားနိုင်မယ် ထင်သလား"

"မထင်ပါဘူး. . . ဘာဖြစ်လို့လဲဆိုတော့ မီး ကစားတာကို ကျွန်တော်မှ မမြင်ဖူးတာ"

သူက ရယ်မောကာ ချက်(စ်)နှင့်ပတ်သက်ပြီး အဲသလောက်သာ ပြောခဲ့သည်။ နောက်တော့ ကျွန်တော်တို့စီးလာသော ဘတ်(စ်)ကားကြီးသည် လှည်းတန်းလမ်းဆုံကို ကျော်လွန်လာခဲ့ပြီး သုခမှတ်တိုင်ဆီသို့ တဖြည်းဖြည်း ချဉ်းကပ်လာ၏။

နတ်သမီးက ကျွန်တော့်ကို လှမ်းပြောသည်။

"ဟော့. . . သုခရောက်တော့မယ်. . . ဆင်းဖို့ပြင်ထားလေ"

"ဟင့်အင်း. . . မဆင်းဘူး။ ကျွန်တော်က သမိုင်းအထိ မီးကို လိုက်ပို့ပေးမှာ"

နီရဲနေသည့် သူ့နှုတ်ခမ်းလေးတွေက တွန့်ကွေးသွားပြန်သည်။ ပြီးတော့ သူက 'သဘော. . . သဘော' ဟု ခပ်တိုးတိုး ဆိုရှာသည်။

နတ်သမီးဆီမှ အထိအတွေ့နှင့် ရနံ့လေးတွေက ၄၅ ဘတ်(စ်)ကားပေါ်မှာပင် ကျွန်တော့်အသိတရားများအား ဖျားယောင်းထားနိုင်ခဲ့သည်။ ထိုအချိန်မှစ၍ ကျွန်တော်တို့နှစ်ယောက်၏ နွေးထွေးမှုကို ထုထောင်နိုင်ခဲ့ပြီဟု ကျွန်တော့်ဘက်က ယုံကြည်လိုက်မိ၏။

သမိုင်းလမ်းဆုံကိုရောက်တော့ နတ်သမီးက ဘတ်(စ်)ကားပေါ်မှ ဦးအောင်ဆင်းသည်။ အချိန်သည် ည ခုနစ်နာရီကျော်လာပြီမို့ အမှောင်သည် အေးစက်နေ၏။ ကျွန်တော်တို့နှစ်ယောက်သား သူတို့ရပ်ကွက်ထဲကို ခပ်ဖြည်းဖြည်း ဝင်လာခဲ့ကြသည်။

သူ့ခြေလှမ်းတို့က နည်းနည်းရဲရင့်နေသည်ဟု ကျွန်တော် ထင်မိ၏။ သူတို့လမ်းထိပ်ကိုရောက်တော့ သူက ကျွန်တော့်ကို နေခဲ့ဖို့ ပြောသည်။

"ရပြီ. . . ဒီလောက်ဆိုရင် ကျေနပ်ရောပေါ့"

ထိုအခါ ကျွန်တော်က ခြေစုံရပ်ပြီး သူ့စကားကို နာခံရသည်။ နတ်သမီးက တည်ငြိမ်စွာ ရှေ့ဆက်လျှောက်သွား၏။

ဖေဖော်ဝါရီဆောင်း၏ အအေးဓာတ်သည် နတ်သမီး မရှိတော့သည့် ကျွန်တော့်ဆီသို့ ပြေးဝင်ရောက်ရှိလာသည်။ ကျွန်တော်က သူချည်ပေးသွားခဲ့သော လက်ပတ်လေးကို ငုံ့ကြည့်မိ၏။

လမ်းထိပ်ရှိ ချာတိတ်တွေဆီမှ ဂစ်တာသံသဲ့သဲ့ကို ကြားရသည်။

"နောက်ကျသွားတဲ့ ဒီနောင်တတွေ. . . တို့ရဲ့ မှားယွင်းခြင်းပဲလား"

ကျွန်တော် ပြုံးမိသွားပြီး ဆံပင်တွေ ဝဲသွားသည်အထိ ခေါင်းကို ခါယမ်းလိုက်မိသည်။ ထိုညက နောင်တဆိုတာ နောက်ကျသွားတတ်သလားဟု သံသယဖြစ်စွာ ကျွန်တော် စဉ်းစားနေမိသည်။

■

## ( ၅ )

"ညိုမြာ. . . ဒါ မျိုးထူးတဲ့၊ သူက စိုင်းသီဟ"

"ဟုတ်ကဲ့. . . တွေ့ရတာ ဝမ်းနည်းပါတယ်"

ကျွန်တော်က မိတ်ဆက်ပေးတာကို ညိုမြာက အတည်ပေါက်နှင့် နောက်သည်။ မျိုးထူးနှင့် စိုင်းသီဟက ညိုမြာ့အကြောင်း မသိသေးတော့ ရုတ်တရက် ခံလိုက်ရသည်။

ကျွန်တော်က ရယ်ရင်း ညိုမြာက နောက်တတ်ကြောင်း သူတို့နှစ်ယောက်ကို ရှင်းပြတော့ မျိုးထူးက ရပါတယ်ဟု စပ်ဖြဲဖြဲနှင့် ပြောသည်။ ညိုမြာက ထိုအခါ ဒေါသသံလေးနှင့် တုံ့ပြန်၏။

"မရလို့ရော ဖြစ်မလား"

မျိုးထူးက မျက်နှာငယ်လေးနှင့် ညိုမြာ့ကို ဘာဆက်ပြောရမှန်း

မသိ ဖြစ်နေရှာသည်။ စိုင်းသီဟကတော့ ညိုမာ့အပြုအမူတွေကို သဘော ကျနေဟန် တူပါသည်။

ကျွန်တော်တို့သည် ညိုမာတို့ရပ်ကွက်ထဲရှိ လက်ဖက်ရည်ဆိုင် မှာထိုင်ရင်း ဟိုအကြောင်းဒီအကြောင်းတွေ လျှောက်ပြောဖြစ်ကြသည်။ တစ်ခါတလေ ညိုမာ့စကားတွေမှာ ကျွန်တော့်အပေါ် သံယောဇဉ်အရိပ် အယောင်တွေ ပါလာတတ်သည်။

ဒါမျိုးဆို မျိုးထူးက နောက်နေကျမို့ သိပ်မထူးသော်လည်း ခင် တာ သိပ်မကြာသေးသည့် စိုင်းသီဟကပါ လိုက်နောက်လေသည်။

"ကျော်ဝေ. . . နင် အတန်းမှန်မှန်တက်ပါဟာ။ ငါ စာကူးပေး ရလို့ ပြောတာမဟုတ်ဘူးနော်။ နင့်ကို ငါ ပုံမှန်မတွေ့ရလို့ပါ။ ကျောင်း မှာဆို အမြဲ ငါတစ်ယောက်တည်း ဖြစ်နေတာဟ"

ကျွန်တော်က ညိုမာ့စကားကြောင့် မျိုးထူးတို့က နောက်မည် စိုးသဖြင့် အလျင်အမြန် ပေါ့ပေါ့ပါးပါး တုံ့ပြန်လိုက်ရသည်။

"နင်ကလည်း. . . ကျောင်းမှာ တခြားသူငယ်ချင်းတွေ ရှိနေတာ ပဲ။ သူတို့နဲ့ ပေါင်းပေါ့. . . ဘာပျင်းစရာရှိသလဲ"

"ဟာ. . . နင်ကလည်း။ သူတို့က နင်မှမဟုတ်တဲ့ဟာကို မပေါင်း ချင်ပါဘူး"

ပြောမှ ညိုမာက ပိုဆိုးနေတော့သည်။ ဟိုကောင်တွေက ဝိုင်း နောက်ကြ၏။

"ညိုမာ. . . ငါတို့ကိုရော မပေါင်းချင်ဘူးလား"

"အောင်မယ်. . ."

မျိုးထူးကို ညိုမာက နှုတ်ခမ်းကိုက်ပြပြီး မျက်နှာ ရှယ်လေ သည်။ ပြီးတော့ အနည်းငယ် ရှက်နေပုံပေါ်သည်။ ညိုမာ့မျက်နှာသည် ရဲနေပြီး ကျွန်တော့်ကို လှမ်းကြည့်သောအကြည့်များ၌ ရိဝေမှုတွေကို

တွေ့ရ၏။ ထိုအခါ ကျွန်တော်က မျိုးထူးနှင့် စိုင်းသီဟာကို ထပ်မနောက်ဖို့ အမူအရာနှင့် တားမြစ်ရပါသည်။

ညိုမြာနှင့် ကျွန်တော်က ငယ်ပေါင်းတွေ မဟုတ်ကြပေမယ့် တကယ့်ငယ်ပေါင်းတွေလိုပင် ရင်းနှီးနေကြသည်။ အရင်ကဆို ညိုမြာသည် ကျွန်တော့်ဝတ္ထုတွေကို ပထမဆုံးဖတ်ပေးသည့် ပရိသတ်. . .။

ကျွန်တော့်ရည်းစားတွေဆိုရင်လည်း သူက လိုက်ကြည့်ပြီး အကဲဖြတ်ပေးတတ်သူ။ ကျွန်တော့်မှာ ငွေတွေဘာတွေ လိုလာလျှင် လိုအပ်သလောက်ကို ထုတ်ချေးသည့် မနရှင်။

ညိုမြာက အဲသလို သူငယ်ချင်းမျိုးဖြစ်သည်။

ဒါပေမဲ့ ညိုမြာက အရင်တုန်းကနှင့်မတူဘဲ အခုတလောမှာ ကျွန်တော့်အပေါ်ဆက်ဆံတာ တစ်မျိုးဖြစ်နေသည်။ သို့သော် ကျွန်တော်က ညိုမြာ့အပြောင်းအလဲကို မသိချင်ယောင်ဆောင်ရ၏။ အားလုံးကို ပုံမှန်အတိုင်းပဲ ပြုမူဆက်ဆံသည်။

ညိုမြာ့ကို ကျွန်တော်က သံယောဇဉ်ရှိသည်မှာ မှန်သော်လည်း ချစ်သူတစ်ယောက်လို ရင်ခုန်ဖို့ကတော့ ဖြစ်နိုင်မည်မထင်ပေ။

"ဟဲ့. . . ကျော်ဝေ၊ နင်. . . နောက်ပိုင်းရေးဖြစ်တဲ့ ဝတ္ထုတိုတွေ ငါ့ကို ပေးဖတ်ဦးလေ။ အသစ်တွေ ရေးဖြစ်တယ် မဟုတ်လား"

"အေး. . . ရေးဖြစ်ပါတယ်"

"ဘာအကြောင်းတွေလဲဟင်"

ကျွန်တော်က လွှတ်ခနဲ ပြောလိုက်တော့မည့် ဟန်ပြင်ပြီးမှ သတိထားပြီး စကားတစ်ခွန်းကို ပြောရ၏။

"အချစ်အကြောင်းပဲ ဆိုပါတော့. . ."

ကျွန်တော့်စကားကြောင့် ညိုမြာ့မျက်လုံးတွေက လက်ခနဲ ဖြစ်သွားပြီး စိတ်ဝင်စားမှုက ပိုမိုတောက်ပလာသည်။

"ကျော်ဝေ. . . နင် ဘယ်သူ့အကြောင်း ရေးနေတာလဲဟင်။ ရည်းစားအသစ်တွေ ဘာတွေများ နင် ရနေပြီလား"

"ဒါတော့. . . နင့်ကို ပြောပြလို့ ဘယ်ဖြစ်မလဲဟ။ ထိပ်တန်းလျှို့ဝှက်ချက်ဆိုတာ. . ."

ကျွန်တော့်စကားမဆုံးခင် ညိုမြာ့မျက်နှာက ငိုမဲ့မဲ့ ဖြစ်သွားပြီး ကျွန်တော်က ဟိုနှစ်ကောင်ကို ရုတ်တရက် နောက်လိုက်မည်စိုးသဖြင့် အသံတိတ် သတိပေးရသည်။ ညိုမြာ့ကိုလည်း ချက်ချင်း ချော့ရလေသည်။

"ညိုမာရယ်. . . ငါက အလကားစတာပါ။ နင်ကလည်း ငါ စိတ်မကောင်းဖြစ်အောင် အဲဒီလို မလုပ်ပါနဲ့"

"အဲဒါဆို. . . ငါ့ကိုပြောပြ"

"ဟာ. . . ဘာကိုပြောပြရမှာလဲ"

"နင့်ရည်းစား အသစ်အကြောင်းကို. . ."

ညိုမာအတင်းမေးတော့ ကျွန်တော်လည်း ဘာအကြောင်းပြောရင် ကောင်းမလဲဟု တွေဝေစွာ စဉ်းစားမိသည်။ ရုတ်တရက် နတ်သမီး၏ရုပ်ပုံက ကျွန်တော့်မျက်ဝန်းထဲ ရောက်လာ၏။ ဒါပေမဲ့ နတ်သမီးက ကျွန်တော့်ရည်းစား မဟုတ်သေး။

"ပြောလေ. . . ကျော်ဝေ"

ကျွန်တော် ဘာပြောမလဲဆိုတာကို မျိုးထူးနှင့် စိုင်းသီဟကပါ စိတ်ဝင်စားစွာ နားစွင့်နေကြ၏။

"ဒီလိုဟာ. . . သူက ငါ့ရည်းစားတော့. . . မဟုတ်သေးဘူး။ ဒါပေမဲ့ ငါက သူ့ကို ချစ်နေတာ"

"အေးပါ. . . ဟုတ်ပါပြီ။ နင်ပြောတဲ့ သူဆိုတာ ဘယ်သူလဲ"

"နတ်. . . သ. . . မီး"

ကျွန်တော်ပြောလိုက်သည့် နတ်သမီးဆိုသော နာမည်ကြောင့် ညိုမြာ၊ မျိုးထူး၊ စိုင်းသီဟ အားလုံးက အံ့သြသွားကြပါသည်။

''ဟွန်း. . . နာမည်ကလည်း နတ်သမီးတဲ့။ လူနာမည်လည်း မဟုတ်ဘူး''

ကျွန်တော့်ကို မျိုးထူးက သိသိသာသာကြီးပင် နှိမ့်ချကဲ့ရဲ့လိုက်သည်။ စိုင်းသီဟက ခပ်ဖွဖွ လိုက်ရယ်ပေမယ့် ညိုမြာက လုံးဝ မရယ်ချေ။ ကျွန်တော့်ကို သေချာစိုက်ကြည့်ရင်း ညိုမြာက မေးပါသည်။

''ကျော်ဝေ. . . အဲဒီတစ်ယောက်ကိုရော စုစုတို့၊ ဖြူစင်ထွန်းတို့လိုပဲလား။ နင် ရည်းစားတွေထားတာ များပြီနော်''

ညိုမြာ့စကား၏အဓိပ္ပာယ်ကြောင့် ကျွန်တော်က အသည်းအသန် ငြင်းရသည်။

''မဟုတ်ဘူး ညိုမြာ. . . နင်ထင်သလို မဟုတ်ဘူး။ အရင်လူတွေလိုလည်း မဟုတ်ဘူး။ ငါ မီးကို အတည်ချစ်တာ''

''အမယ်လေး. . . ဖြစ်နေလိုက်တာ၊ ခေါ်တာကလည်း မီးတဲ့။ သူ့နာမည်အရင်းက နတ်သမီးလား''

''မဟုတ်ဘူး ညိုမြာရဲ့။ ငါက သူ့နာမည်ကို မီးမီးလို့ပဲ သိတာ။ နတ်သမီးဆိုတာက ငါ့ဘာသာငါ သူ့ကို နာမည်ပေးထားတာလေ''

ကျွန်တော့်စကားဆုံးတော့ မျိုးထူးနှင့် စိုင်းသီဟတို့က အဖြစ်သည်းရန်ကော ဟူသည့် အဓိပ္ပာယ်များနှင့် ကြည့်ကြ၏။

''အေး. . . ထားပါ။ နင့်မီးမီးက ဘယ်မှာနေသလဲ။ ဘာလုပ်သလဲ။ ကျောင်းကရော''

''ဘယ်မှာနေသလဲဆိုတော့ သမိုင်းလမ်းဆုံမှာ။ ဘာလုပ်သလဲဆိုတော့ ခေတ်ရောင်စုံဂျာနယ်ရဲ့ ကြော်ငြာ Marketing လုပ်တယ်။ ကျောင်းကတော့ ငါလည်း မေးမကြည့်မိဘူး''

ညီမြမာသည် ကျွန်တော့်ကို သိပ်ဘဝင်မကျသော အကြည့်ဖြင့် ကြည့်နေပြန်သည်။ ပြီးတော့ ကျွန်တော့်ကို ထပ်မေးသည်။

"အခု. . .နင်တို့အခြေအနေက ဘယ်လိုလဲ"

ကျွန်တော်က ညီမြမာ့မေးခွန်းကို အမှားအယွင်း မရှိအောင် သေချာဖြေရသည်။

"ဒီလိုပါပဲ. . . သူငယ်ချင်းတွေပဲ ရှိသေးတယ်"

မျိုးထူးနှင့် စိုင်းသီဟာတို့က ခေတ်ရောင်စုံဂျာနယ်ရဲ့ Marketing ကောင်မလေးဆိုတော့ ကျွန်တော့်ကို တအံ့တဩ ကြည့်၏။

စိုင်းသီဟာက မနေနိုင်၊ မထိုင်နိုင် ဝင်ပြောသည်။

"ကျော်ဝေ. . . ဒါဆိုရင် မင်းကောင်မလေးက ကိုဇော်ကြီးတို့ဂျာနယ်ကပေါ့"

"အေး. . . ဟုတ်တယ်. . .၊ မင်းတို့နှစ်ယောက်ကိုလည်း ငါ တစ်ခါတည်း မှာထားရဦးမယ်။ အဓိက,က ကိုဇော်ကြီး မသိစေနဲ့။ မင်းတို့ကလည်း ကောင်မလေးကို သွားမနှောက်နဲ့"

မျိုးထူးရော စိုင်းသီဟာကပါ ကျွန်တော့် သတိပေးတားမြစ်မှုကို သဘောတူလိုက်ပါသည်။

"အေးပါကွ. . . စိတ်ချစမ်းပါ"

ညီမြမာကတော့ ကျွန်တော့်ကို မဲ့ရွဲ့စွာ ကြည့်နေဆဲ။

"ကျော်ဝေ. . . နင့် နတ်သမီးကို ဘယ်နေ့ ငါ့ဆီ ခေါ်လာမလဲ"

ကျွန်တော်သည် ရုတ်တရက်မေးလိုက်သော ညီမြမာ့မေးခွန်းကို ပြန်ဖြေဖို့ ခက်ခဲလျက်ရှိသည်။ နတ်သမီးသည် ကျွန်တော် အပိုင်ပြောရလောက်အောင် လွယ်ကူမည် မဟုတ်မှန်း စိတ်ထဲက ထင်နေမိ၏။

"ညီမြမာရယ်. . . ငါတို့က သူငယ်ချင်းတွေပဲ ရှိသေးတဲ့ဥစ္စာ။ ရည်းစားဖြစ်တဲ့နေ့ကျရင်တော့ တစ်မျိုးပေါ့"

ထိုနေ့က ညိုမာသည် နတ်သမီးနှင့်ပတ်သက်ပြီး ကျွန်တော့်ကို ဘာမှ ထပ်မပြောတော့။ မျိုးထူးနှင့် စိုင်းသီဟတို့ ရှိနေ၍လည်း ဖြစ်ချင်ဖြစ်မည်။ ဘာမှ ပြောစရာမလိုဘူးဟု သဘောထား၍လည်း ဖြစ်ချင်ဖြစ်မည်။ နောက်ဆုံး ပြောဖို့မဖြစ်နိုင်မှန်းသိ၍ လက်လျှော့သွားခြင်းလည်း ဖြစ်ချင်ဖြစ်လိမ့်မည်။

ဘာကြောင့်ပဲဖြစ်ဖြစ် ကျွန်တော်ကတော့ ညိုမာ ဘာမှ ထပ်မပြောတော့ဘဲ ငြိမ်နေလိုက်တာကို ကျေးဇူးတင်မိသည်။

ဘဝသည် ဘာလှုပ်ရှားကြိုးပမ်းမှုမှ မရှိတော့ဘဲ ကိုယ့်ရဲ့ရပိုင်ခွင့်တွေကို ငြိမ်သက်စွာ ထိုင်ကြည့်ခြင်းကြောင့်လည်း အရသာ ရှိကောင်းရှိနိုင်ပါလိမ့်မည်။

■

## ( ၆ )

ကြည့်နေရင်းမှာပင် မြင်ကွင်းထဲသို့ နတ်သမီးနှင့် သူ့အဖော်က ဝင်လာသည်။ ကျွန်တော့်ရင်ထဲ၌ အမျိုးအမည်မသိရသော ခံစားမှုက ဆို့တက်လာပြီး လူကို ပေါ့ပါးစေသည်။ ဘေးနားတွင် ထိုင်နေကြသော မျိုးထူးနှင့်စိုင်းသီဟတို့ကပါ နတ်သမီးကို မြင်သွားကြပြီး စိုင်းသီဟက ကျွန်တော့်ဒူးခေါင်းကို တို့ကာ နောက်၏။ မျိုးထူးက. . .

"ဟော့ကောင်. . . ကျော်ဝေ. . .၊ မင်း နတ်သမီးကလည်း ပိန်ပိန်လေးနော်"

မျိုးထူးသည် နတ်သမီးကို သူ့အဖော် ကောင်မလေးနှင့် နှိုင်းယှဉ်ကြည့်ဟန်တူပါသည်။ ကျွန်တော်က မျိုးထူးကို ဘာမှ တုံ့ပြန်မနေတော့ဘဲ နတ်သမီးကိုသာ လိုက်ကြည့်မိ၏။ နတ်သမီးသည် သူ့ထုံးစံ

အတိုင်း လုံချည်ကို လက်တစ်ဖက်ဖြင့် အနည်းငယ် မ,ထားပြီး အိုရှင်း စတိုင်နှင့် ခပ်ဖြည်းဖြည်း လမ်းလျှောက်လာသည်။ လမ်းလျှောက်နေရင်း မှ သူ့အဖော်ကောင်မလေးကို စကားတွေ လှည့်ပြောနေပြန်၏။

ကျွန်တော်တို့ထိုင်နေသည့် လက်ဖက်ရည်ဆိုင်ရှေ့ကို ရောက်တော့ နတ်သမီး၏မျက်လုံးတွေက ကျွန်တော့်ဆီ ရောက်လာလေသည်။

ပြီးတော့ ခပ်တည်တည်နှင့် ရှေ့ဆက်လျှောက်သွား၏။ ကျွန်တော်က နတ်သမီးနောက်ကို ဆက်လိုက်သွားဖို့ ခက်နေသည်။ သူ့ဘေးနားမှာ ကောင်မလေးတစ်ယောက် ပါနေသည် မဟုတ်ပါလား။

ထိုအချက်ကြောင့် ကျွန်တော် စိတ်ညစ်သွားပြီး အနော်ရထာလမ်းကို ကူးနေသည့် သူတို့နှစ်ယောက်ကို လှမ်းကြည့်မိ၏။ အဲဒီမှာပင် ထူးခြားသည့် အခြေအနေတစ်ရပ်ကို မြင်လိုက်ရသည်။ နတ်သမီးက (၃၅)လမ်းအတိုင်း တစ်ယောက်တည်း စုန်ဆင်းသွားပြီး သူ့အဖော်ကောင်မလေးက ပန်းဆိုးတန်းဘက်ဆီသို့ လျှောက်သွားခြင်းဖြစ်သည်။

ကျွန်တော်လည်း ဝမ်းသာသွားပြီး လက်ဖက်ရည်ဖိုးအတွက် နှစ်ရာတန်တစ်ရွက်ကို စားပွဲပေါ်တင်ကာ စီးကရက်တစ်လိပ်ကို အမြန်မီးညှိလိုက်၏။ ပြီးတော့ မျိုးထူးနှင့် စိုင်းသီဟကို သွားပြီဆိုသည့်သဘောဖြင့် ခေါင်းတစ်ချက်လှဲပြကာ နတ်သမီးနောက်ကို လိုက်လာခဲ့သည်။ ဟိုနှစ်ကောင်ကတော့ လက်ဖက်ရည်ဖိုးထားခဲ့၍ သဘောကောင်းစွာ လိုက်မနှောင့်ယှက်ကြချေ။

ခြေလှမ်းတွေကို ပုံမှန်ထက် ပိုမိုသွက်လက်စွာ လှမ်းလျှောက်လိုက်တော့ (၃၅)လမ်း တစ်ဝက်ခန့်တွင် ကျွန်တော်က နတ်သမီးကို မီလာ၏။

"မီး. . ."

နတ်သမီးသည် ကျွန်တော့်အသံကြောင့် လှည့်ကြည့်ပါသည်။

သူ့မျက်နှာတွင် ရယ်ချင်နေသော်လည်း လှောင်ပြောင်လိုသည့်သဘော ကိုတော့ မတွေ့ရ။

ရုတ်တရက် သူက ကျွန်တော့်ကို စကားတစ်ခွန်း မေးလိုက်ပါသည်။

"စောင့်နေတာ ကြာပြီလား"

နတ်သမီး၏ စကားသံ၌ သူ့ကိုယ်သူ အထင်ကြီးခြင်းတို့က ရောပြွန်းနေသော်လည်း ကျွန်တော်ကတော့ သူ့အပြုအမူတွေကို နှစ်သက်မိ၏။

"မီးက ကျွန်တော်စောင့်နေမယ်လို့ ကြိုပြီး တွေးထားလို့လား"

"တွေးထားတာ မဟုတ်ဘူး။ မီးကို စောင့်နေလိမ့်မယ်လို့ ယုံကို ယုံထားတာ"

ကျွန်တော့် နတ်သမီးက အဲသလို ပွင့်လင်းရဲရင့်သူလည်း ဖြစ်သည်။ ကျွန်တော်က ရယ်မောရင်း ဝန်ခံရ၏။

"ဟုတ်တယ် မီးရဲ့. . . ကျွန်တော် မီးကို စောင့်နေတာ"

သူက ကျွန်တော့်ဝန်ခံမှုကို ပခုံးလေးတွန့်ကာ ဂုဏ်ယူလေသည်။ ကျွန်တော်တို့ လမ်းလျှောက်လာကြတာ မဟာဗန္ဓုလလမ်းမပေါ်သို့ ရောက်လာကြပြီ။

"တိမ်တွေက အရမ်းလှတာပဲနော်"

ကျွန်တော်က အဲဒီလိုပြောတော့ သူက ပြုံးပြီး နားမလည်ဟန်ဖြင့် ပြန်ပြောသည်။

"မီးက အဲဒါမျိုးတွေ လှလား၊ မလှဘူးလားဆိုတာ မကြည့်တတ်ဘူးကွ၊ အဲဒါက ကြည့်တဲ့လူနဲ့လည်း ဆိုင်မယ်ထင်တယ်နော်"

"ဟုတ်မှာပေါ့ မီးရဲ့. . . ကျွန်တော်လည်း သေချာမသိပါဘူး"

နတ်သမီးက တိမ်တွေကို ကြည့်ရင်းနှင့် ကျွန်တော့်ကို ပြော

၏။

"အင်း. . . တိမ်တွေက လှတယ်ဆိုတာ ဟုတ်မယ်။ ဒီလို အချိန်မျိုး အိမ်ပြန်ပစ်ရမှာ နှမြောစရာကြီး"

သူ့စကားကို အကြောင်းပြုပြီး ကျွန်တော်က သူနှင့် ကြာကြာ နေရဖို့ အခွင့်အလမ်းတစ်ခုကို ဖန်တီးယူရသည်။

"ဟုတ်တယ် မီးရဲ့. . .၊ ကျွန်တော်တို့ မပြန်သေးဘဲ တစ်ခုခု သွားစားရအောင်လေ။ မီး. . . ဘာစားချင်လဲ"

နတ်သမီးသည် ကျွန်တော်၏လူလည်ကျမှုကို သဘောပေါက်စွာ ပြုံးသည်။ သို့သော် ကျွန်တော့်ကိုတော့ လိုက်လျောလေသည်။

"ရခိုင်မုန့်တီ စားချင်တယ်"

ချက်ချင်းပင် ကျွန်တော့်မှတ်ဉာဏ်တွေကို အလုပ်လုပ်ခိုင်းရသည်။ သိပ်ကြာကြာတော့ မစဉ်းစားလိုက်ရပါ။ မဟာဗန္ဓုလပန်းခြံလမ်းအောက်ဆုံးဘလောက်နှင့် ကမ်းနားလမ်းတစ်ပိုက်တွင် ရခိုင်မုန့်တီဆိုင်များ ရှိသည်ကို ကျွန်တော် သတိရလိုက်၏။

"လာ. . . ကျွန်တော်တို့ ကမ်းနားဘက်သွားကြမယ်။ အဲဒီမှာ ရခိုင်မုန့်တီဆိုင်တွေ ရှိတတ်ကယ်"

နတ်သမီးက ကမ်းနားလမ်းဘက်ဆိုတော့ သူတစ်ခါမှ မရောက်ဖူးတာမို့ လိုက်ခဲ့ဖို့ ခပ်ရွံ့ရွံ့ ဖြစ်နေသည်။ ကျွန်တော်က ထပ်မံ တိုက်တွန်းရ၏။

"လာပါ မီးရဲ့. . . အဲဒီမှာ ရခိုင်မုန့်တီက သိပ်ကောင်းတာ"

အမှန်တော့ ကျွန်တော်သည် အဲဒီဘက်မှာ ရခိုင်မုန့်တီဆိုင် တချို့ကို တွေ့ဖူးရုံသာဖြစ်ပြီး စားဖူးတာလည်း မဟုတ်ချေ။ ပြီးတော့ ကျွန်တော်က ရခိုင်မုန့်တီကိုလည်း မကြိုက်တတ်ပါ။

"သူကရော. . . ရခိုင်မုန့်တီ ကြိုက်သလား"

နတ်သမီးသည် ပထမဦးဆုံးအကြိမ်အဖြစ် 'သူ' ဟူသော နာမ်စားကို သုံးခြင်းဖြစ်သည်။

"ကြိုက်ပါတယ်. . . မီးရဲ့"

"ဘာလဲ. . . အရင်ကောင်မလေးတွေက သင်ပေးထားတာ လား"

"မဟုတ်ပါဘူး. . . ကျွန်တော့်ညီမလေး သိမ့်သိမ့်က သင်ပေး ထားတာပါ။ သူကလည်း ရခိုင်မုန့်တီ သိပ်ကြိုက်တာ"

ကျွန်တော် ညာပြောလိုက်တာကို နတ်သမီးသည် ရိပ်မိပုံ မပေါ် ပါ။

"အဲဒါနဲ့ ရခိုင်မုန့်တီ ကြိုက်သွားရောပေါ့"

"အင်းပေါ့. . . "

"ညီမလေးတစ်ယောက်တည်း ရှိတာလား"

"ဟုတ်တယ်. . . မီးမှာရော မောင်နှမ ဘယ်နှစ်ယောက် ရှိ သလဲ"

"မောင်လေးတစ်ယောက်ပဲ ရှိတယ်. . . ကျော်ကျော်တဲ့"

"သူက ဆိုးသလားဟင်. . . မီး ရန်တွေဘာတွေ ဖြစ်တတ် သလား"

ကျွန်တော့်မေးခွန်း၏သဘောကို သူက နားလည်သွားပြီး လှပ စွာ ရယ်ပါသည်။

"ကျော်ကျော်က အဲဒီလိုမျိုး မဟုတ်ပါဘူး. . .၊ စိတ်မပူပါ နဲ့. . .၊ တချို့ဆို သူ့ရှေ့မှာတင် ယောက်ဖဆိုပြီး နောက်ကြတာ။ သူက အေးအေးဆေးဆေးပဲ။ အစ်မချင်း လဲမယ်ဆိုပြီး မြန်မြန်နောက်လို့တောင် မီးက မနည်းငေါက်ထားရတယ်"

ကျွန်တော်သည် မမြင်ဖူးသေးသော ကျော်ကျော့်ကို စိတ်ကူး

နှင့် မြင်ယောင်ကြည့်မိ၏။ တဖြည်းဖြည်းနှင့် ကျွန်တော်တို့ လမ်းလျှောက်လာတာ ကမ်းနားလမ်းထိပ်ကို ရောက်လာသော်လည်း ရခိုင်မုန့်တီဆိုင်နှင့်တူသော ဆိုင်တစ်ဆိုင်မှ မတွေ့ရချေ။

နတ်သမီးက ကျွန်တော့်ကို ဘယ်လိုလဲဆိုသည့် အဓိပ္ပာယ်နှင့် လှမ်းကြည့်၏။ နှုတ်က ဖွင့်မမေးပေမယ့် ကျွန်တော်က ဖြေရှင်းရလေသည်။

"ဆိုင်တွေကလည်း. . . ဘာဖြစ်လို့ ပိတ်ကုန်ရတာလဲ မသိဘူး။ အရင်က ဒီနားမှာ ရခိုင်မုန့်တီဆိုင်တွေ ရှိတယ် မီးရဲ့"

ကမ်းနားလမ်း၏ ညနေခင်းသည် လူခြေတိတ်ဆိတ်နေပြီး နေဝင်ချိန်သည် ကျွန်တော်တို့နှစ်ယောက်၏ ခံစားမှုတို့ကို ပိုမိုလှပစေပါသည်။ နတ်သမီးသည် သူစားချင်သော ရခိုင်မုန့်တီဆိုင်ကို မတွေ့ရသော်လည်း ကျွန်တော့်ကို အပြစ်တင်ဖို့ မေ့လျော့နေ၏။

သူ၏ ကောင်းကင်ကို ငေးကြည့်နေပုံမှာ တစ်မျိုးတပ်မက်စရာကောင်းသည်။

ဆူးလေဘုရားလမ်းနှင့် ကမ်းနားလမ်းထောင့်ကို ရောက်တော့ မြဝတီဘဏ်အဆောက်အအုံကြီးကို ခံ့ညားစွာ တွေ့ရသည်။ ဘဏ်ပိတ်ချိန်ဖြစ်နေ၍လားတော့မသိ။ အစောင့်နှင့် ဝင်ထွက်သွားလာနေသော ဘဏ်ဝန်ထမ်းများကိုလည်း မတွေ့ရပေ။

အဲဒီ မြဝတီဘဏ်ရှေ့တွင် ညနေစောင်းမှ လာဖွင့်ဟန်တူသော အာဟာရဆိုင်လေးက ကျွန်တော့်တို့နှစ်ယောက်စလုံးကို ဖမ်းစားလိုက်ပါသည်။ ရန်ကုန်တွင် ၁၉၉၅ ခုနှစ်နောက်ပိုင်း အဲဒီလိုဆိုင်မျိုးလေးတွေ အမြောက်အမြားရှိလာ၏။ အာဟာရဆိုင်များတွင် နွားနို့နှင့် ကြက်ဥရသည်။ ကော်ဖီမစ်၊ တီးမစ်၊ ကွေကာအုပ် စသဖြင့် အထုပ်များကို ဓရေနွေးရှိရုံဖြင့် သောက်ဖို့အဆင်ပြေနိုင်သည်။ ပြီးတော့ လက်ဖက်သုပ်၊

ဂျင်းသုပ်၊ ထမင်းသုပ်၊ ဆေးဘဲဥသုပ်တို့ကိုလည်း ရနိုင်လေသည်။

"မီး. . . ကျွန်တော်တို့ ဒီမှာပဲ ထိုင်ကြရအောင်"

သူက ဘာမှပြန်မပြောဘဲ ခေါင်းကိုသာ ညိတ်ပြသည်။ ထိုင်မည်ဆိုတော့ ကျွန်တော်က စားပွဲဝိုင်းကို ရွေးရ၏။ မြဝတီဘဏ်ရှေ့တွင် တုက္ကိုပင်များ၊ ရေတမာပင်ငယ်များက နေရာတကျ ရှိနေရာ စားပွဲဝိုင်းများကလည်း ထိုအပင်များကြားတွင်၊ အောက်တွင် ခင်းကျင်းထားလေသည်။ ကျွန်တော်က ရေတမာပင်အောက်က စားပွဲဝိုင်းပုလေးတစ်ခုကို ရွေးလိုက်ချိန်တွင် နတ်သမီးက သူထိုင်ဖို့ ပလတ်စတစ်ခုံလေးများကို ရွေးနေ၏။

"ဟော့. . . မီးကို ဟိုဘက်ဝိုင်းက လိမ္မော်ရောင်ခုံလေး ယူပေးပါလား"

ကျွန်တော်က ရှိသည့်ခုံမှာ မထိုင်ဘဲ ဟိုဘက်ဝိုင်းကခုံကို ယူခိုင်းနေသော သူ့ကို နားမလည်သော်လည်း သူထိုင်ဖို့ ခုံကိုတော့ သွားယူပေးလိုက်ပါသည်။

"ဘာစားမလဲ မီး. . . ရခိုင်မုန့်တီတော့ မရဘူး"

"ဆေးဘဲဥသုပ်"

ကျွန်တော်က အတန်ငယ် အလှမ်းဝေးနေသည့် ဆိုင်ကောင်တာကို သွားပြီး သူစားဖို့ ဆေးဘဲဥသုပ်နှင့် ကျွန်တော်သောက်ဖို့ ကော်ဖီမစ်တစ်ထုပ်ကို မှာရသည်။

နတ်သမီးက ကမ်းနားလမ်းဘက်ရှိ နာရီစင်ပါသော ရှေးဟောင်းအဆောက်အအုံကြီးတစ်ခုကို နေဝင်ချိန်ဆည်းဆာနှင့် တွဲဖက်ကာ ငေးကြည့်နေသည်။

"မီး. . ."

သူက ခေါင်းကို ငုံ၍ကြည့်ပါသည်။

"ဒီခုံအညှိုရောင်ကို ဘာဖြစ်လို့ မထိုင်တာလဲဟင်"

ကျွန်တော့်မေးခွန်းကြောင့် သူက ရယ်ပြီး ပြန်မေးသည်။

"အခု. . . မီး. . . ဘာအရောင်ဝတ်ထားသလဲ"

ဒီတော့မှ ကျွန်တော်က သူ ဘာရောင်ဝတ်ထားသလဲဆိုတာကို သေချာကြည့်ရသည်။ နတ်သမီးက ပုစွန်ဆီရောင်နှင့် အဝါရောင်ဖျော့ဖျော့ကို တွဲဖက်ဝတ်ဆင်ထား၏။ ကျွန်တော် အခုမှ သဘောပေါက်သွားပြီး သူ့အကျင့်စရိုက်တွေကို မှတ်သားရသည်။

"ဪ. . . အရောင်တွေ လိုက်ဖက်အောင်. . . မီးက အဲဒီလိုလား"

"ဟုတ်တယ်. . . အဲဒါမှ မီး. . . လှမှာပေါ့"

ကျွန်တော်က သူ့စကားကို ရယ်ချင်ပေမယ့် မရယ်ရဲပါ။

"တွေ့လား. . . မီးကို စိတ်ထဲက ကျိတ်ပြီး လှောင်နေတယ်"

သူ၏ကြောက်စရာ ပါးနပ်မှုကို ကျွန်တော် အသိအမှတ်ပြုလိုက်ရပါသည်။ သူ့ကိုလည်း ဖြေရှင်းချက်ပေးရ၏။

"မလှောင်ပါဘူး မီးရဲ့. . .၊ ကျွန်တော်က မီးစိတ်ကူးကို သဘောကျလို့ပါ။ တော်ရုံတန်ရုံ ကောင်မလေးတစ်ယောက်က အဲဒါမျိုးလုပ်ဖို့ဆိုတာ စိတ်ကူးမိမှာတောင် မဟုတ်ဘူး"

"အခုမှ လာမြှောက်မနေနဲ့။ သူ မလှောင်ဘူးဆိုတာ မဖြစ်နိုင်ဘူး။ နည်းနည်းပါးပါးလောက်တော့ လှောင်မှာပဲ။ သူ့ဝတ္ထုတွေ မီးဖတ်ဖူးသားပဲ။ ကောင်မလေးတွေကို အမြဲလှောင်ပြီး ရေးထားတာ"

"အဲဒါက ဝတ္ထုရေးထားတာပဲ မီးရဲ့. . . ဘာဆိုင်လို့လဲ။ အခု မီးကို လုံးဝ မလှောင်ဘူးဆိုတာ ကျွန်တော် အာမခံပါတယ်"

နတ်သမီးက ကျွန်တော့်ကို တည်ငြိမ်စွာ ကြည့်သည်။ ငှက်အော်သံတွေကို တီးတိုးကြားရ၏။ ကျွန်တော့်ကို သူက မေးခွန်းတစ်ခွန်း

မေးသည်။

"မီး. . . တစ်ခုမေးမယ်၊ သူ ကျောင်းပြီးသွားပြီလား"

"ဟင့်အင်း. . . တက်နေတုန်းပဲ၊ ဖလော်ဆိုဖီ"

"မီးက အဝေးသင်. . . သခင်ျာက၊ သူက Day လား"

"ဟုတ်တယ်. . . ကျွန်တော် Class မတက်တာ တော်တော်ကြာနေပြီ"

"Day ဆိုရင်တော့ ကျောင်းမှန်မှန်တက်ပေါ့"

ရုတ်တရက် ကျွန်တော်က ဘာမှမဆိုင်သော မေးခွန်းကို မေးလိုက်မိ၏။

"မီး. . . ကျွန်တော်တို့ သူငယ်ချင်းတွေဖြစ်နေကြတာ မီးနဲ့ တွဲတဲ့ ဟိုအစ်မကြီး သိလား"

"အင်း. . . သိတယ်"

"မီးက ပြောပြလိုက်တာလား"

"အင်းပေါ့. . . မီးနဲ့ မနိုင်နဲ့က အကုန်ပြောကြတာ"

"သူ့နာမည်က မနိုင်လား"

"မနိုင်နိုင်ဝင်းတဲ့. . .၊ ခေတ်ရောင်စုံဂျာနယ်က Marketing လေးယောက်ရှိတယ်လေ။ မီးနဲ့ မနိုင်နဲ့က တစ်တွဲ၊ ကျန်တဲ့နှစ်ယောက်က တစ်တွဲ"

ထိုအချိန်တွင် ကျွန်တော်တို့ မှာထားသော ကော်ဖီမစ်နှင့် ဆေးဘဲဥသုပ်များ ရောက်လာ၍ စကားစပြတ်သွားကြသည်။ နတ်သမီးသည် သူ့လက်ချောင်းလှလှလေးတွေဖြင့် ဆေးဘဲဥသုပ်များကို ထိတို့ကြည့်နေ၏။

ကျွန်တော်ကတော့ သူဘာပဲလုပ်လုပ် ရင်ခုန်စွာ လိုက်လံမှတ်သားထားရသည်။ ခဏမျှကြာသောအခါ နတ်သမီးဆီမှ ကျွန်တော်

လုံး၀ ထင်မထားသည့် စကားကို ကြားရလေ၏။

"နောက်နေ့တွေကျရင် မီးနဲ့ သူနဲ့ စစ်တုရင် ထိုးကြမယ်"

"ကျွန်တော်မှ သိပ်မကစားတတ်တာ. . .၊ ဒီပုံအတိုင်းဆို မီးက တော်တော်ကျွမ်းမှာပဲ. . .၊ ကျွန်တော် ရှုံးမှာပေါ့"

"ဒီလိုလည်း ဘယ်ဟုတ်မလဲ၊ သူ မကျွမ်းသေးရင် မီးက သင်ပေးမှာပေါ့"

အိုး. . . သိပ်လှတဲ့စိတ်ကူး. . .။ နတ်သမီးလို ကောင်မလေးမျိုးဆီမှာ ကျွန်တော်က စစ်တုရင် သင်ရမယ်တဲ့။

ကျွန်တော် သူ့ကို ပျော်ရွှင်စွာ ခေါင်းညိတ်ပြလိုက်လေသည်။

ထိုနေ့က ကျွန်တော်တို့ပြန်တော့ ပန်းဆိုးတန်းရှိ စတိုးဆိုင်တစ်ဆိုင်တွင် စစ်တုရင်ဘုတ်ပြားနှင့် အရုပ်များကို ဝယ်ဖြစ်ကြသည်။ ပြီးတော့ ကျွန်တော်တို့နှစ်ယောက် ကားအတူတူစီးပြီး အိမ်ပြန်ခဲ့ကြ၏။

ကျွန်တော်က ထုံးစံအတိုင်း သမိုင်းအထိ ကားလိုက်စီးပေးပြီး နတ်သမီးကို လိုက်ပို့သည်။ နတ်သမီးက သူတို့လမ်းထိပ်ရောက်တော့ ကျွန်တော့်ကို မှာသည်။

"မနက်ဖြန်နေ့လယ် (၂) နာရီလောက် (၃၅) လမ်းထိပ်မှာစောင့်နေ။ မနိုင်က အဲဒီအချိန်ဆို ကျူရှင်တစ်ခု သွားတက်မှာ၊ သူက မီး Marketing ဆင်းတာကို လိုက်ခဲ့ပေါ့"

"ကောင်းပြီလေ. . . ကျွန်တော် စောင့်နေပါ့မယ်"

"ရော့. . . ဒီအရုပ်တွေယူသွား. . .၊ မီးက ဘုတ်ပြားလေး ယူသွားမယ်။ မနက်ဖြန်ကျရင် အဲဒီ စစ်တုရင်အရုပ်တွေ ယူလာခဲ့နော်"

ကျွန်တော်က ခေါင်းကိုညိတ်ပြမိသည်။ နတ်သမီးက သူတို့လမ်းထဲကို ကွေ့ဝင်သွား၏။ သူ မရှိတော့မှ ကျွန်တော်သည် လွမ်းသလို

လို ဖြစ်လာသည်။

မနက်ဖြန်ဆိုသည်မှာ ဘယ်တော့မှ အဆုံးမရှိတတ်ကြောင်း ကျွန်တော် ကြို၍တင် သိထားခဲ့ဖို့ကောင်းသည်။

■

## ( ၇ )

နေရောင်ခြည်က မွန်းလွဲချိန် မဆန်စွာ တောက်ပပူပြင်းဆဲဖြစ်၏။ ကျွန်တော့်လက်ထဲမှ ဆေးပေါ့လိပ်သည် မီးငြိမ်းသွား၍ ကျွန်တော်က လွှင့်ပစ်လိုက်သည်။ (၃၅) လမ်းထိပ်သည် ယခင်အချိန်များတုန်းကထက် ပိုမို လောင်ကျွမ်းနေလေသည်။

နာရီကိုကြည့်လိုက်တော့ (၂)နာရီခွဲနေပြီ။ နတ်သမီးက ဒီအချိန်အထိ ရောက်မလာသေး။ စောင့်မျှော်ရသူတစ်ဦး၏ဒုက္ခကို နတ်သမီးသိဖို့ကောင်းသည်။ ကျောပိုးအိတ်ထဲမှ စစ်တုရင်ရုပ်များကို သတိရသွားပြီး ကျွန်တော်က ထုတ်ကြည့်လိုက်ပါသည်။ ကျွန်တော့်မျှော်လင့်ချက်များက စစ်တုရင်ရုပ်ကလေးများပေါ်တွင် ခိုကပ်နေကြပေလိမ့်မည်။

"ဟိတ်. . . ဘာတွေကြည့်နေတာလဲ"

နတ်သမီး၏အသံကြောင့် ကျွန်တော် ဝမ်းသာသွား၏။ သို့သော် ကျွန်တော်က စိတ်ဆိုးဟန်ဆောင်လိုက်ပါသည်။

"ဘာဖြစ်လို့ ဒီလောက်တောင် နောက်ကျနေရတာလဲ"

နတ်သမီးသည် ကျွန်တော့်မေးခွန်းကို ဘာမှမဖြစ်သလို ရယ်မောရင်း မှတ်ချက်ချလေသည်။

"ဩော်. . . စာရေးဆရာက စိတ်ကောက်နေတာကိုး"

ကြည့်စမ်း. . . ဘယ်လောက်နူးညံ့ပြီး ကလေးဆန်တဲ့ မှတ်ချက်လဲလို့။ ချက်ချင်းပင် ကျွန်တော့်တစ်ကိုယ်လုံး ပျော့ပျောင်း ရင်ခုန်လာသည်။

"လာ. . . စိတ်ကောက်မနေနဲ့၊ သွားမယ်၊ ဘာဖြစ်လို့ နောက်ကျရတာလဲဆိုတော့ မနိုင်လေ. . . (၂)နာရီသွားရမယ့် ဥစ္စာကို မသွားဘဲ အခုမှ သွားတယ်။ သူကရှိနေတော့ မီးက ထွက်မရဘူးဖြစ်နေတာပေါ့. . . ဆောရီးနော်"

သူက တောင်းပန်သော်လည်း ကျွန်တော်က အစောကြီးကတည်းက သူ့ကို ခွင့်လွှတ်ထားပြီးဖြစ်ပါသည်။

"ရပါတယ် မီးရဲ့. . . ကျွန်တော်က စိတ်မဆိုးပါဘူး"

"ဒါပေမဲ့. . . မီးက အားနာတယ်လေ။ သူ့ကို မီး မုန့်လိုက်ကျွေးမယ်"

"ဘယ်မှာ လိုက်ကျွေးမှာလဲ"

"J' DONUT "

ကျွန်တော်တို့ ပန်းဆိုးတန်းရှိ J' DONUTS ဆိုင်ကို ရောက်တော့ ဆိုင်က လူတော်တော်ရှင်းနေ၏။ သူက ဆိုင်ကို ရောက်ရောက်ချင်း ကျွန်တော့်လက်ပတ်ကြိုးလေးကို မမေ့လျော့ဘဲ ချည်ပေးတော့ ကျွန်တော့်မှာ ဝမ်းသာပျော်ရွှင်ရပါသည်။ နတ်သမီးသည် အညိုရောင်

အကျီနှင့် ပန်းနုရောင်လုံချည်ကို ဝတ်ဆင်ထားတာမို့ ကျွန်တော်က အညိုရောင်ထိုင်ခုံရှိသော စားပွဲကို ရွေးလိုက်သည်။ နတ်သမီးက ကျွန်တော့်လုပ်ရပ်ကို ချီးကျူးပါသည်။

"သိပ်တော်တာပဲ"

ပြီးတော့ သူက ကောင်တာမှာ ချောကလက်မစ်ရှိတ်နှစ်ခွက်နှင့် လိမ္မော်ဒိုးနပ်စ်တွေကို သွားယူလာသည်။ နောက် ချောကလက်မစ်ရှိတ်ခွက်တွေဆီ ညွှန်ပြရင်းပြော၏။

"မြင်လား. . . သောက်တဲ့အရောင်ကလည်း ဒီလိုမျိုးအရောင်ပဲ၊ အနီရောင်ဝတ်တဲ့နေ့ဆို စတော်ဘယ်ရီ၊ အဖြူရောင်ဝတ်တဲ့နေ့ဆို နို့အေး၊ အဝါရောင်ဝတ်တဲ့နေ့ဆို အောရင့်၊ အညိုရောင်ဝတ်တဲ့နေ့ဆို ချောကလက်၊ အဲဒီလိုသောက်တာ။ ပြီးတော့ အဲဒီဥစ္စာတွေကို ဘယ်တော့မှ ကုန်အောင်မသောက်ဘူး. . . မှတ်ထားနော်"

"ဟင်. . . မီးကလည်း ဘာဖြစ်လို့ ကုန်အောင်မသောက်တာလဲ. . .၊ နမြောစရာကြီး"

"ဖက်ရှင်လေကွာ. . . စားပွဲပေါ်မှာ ဒီချောကလက်ခွက်လေးကို တင်ထားပြီး မီးက ဒီလိုထိုင်နေတာ"

သူ့စကားကြောင့် ကျွန်တော့်မှာ ရင်သပ်ရှုမော အံ့သြရလေသည်။ တတ်လည်းတတ်နိုင်တဲ့ ကောင်မလေး။

နတ်သမီးသည် သူ့စကားအတိုင်း ချောကလက်မစ်ရှိတ်ခွက်ကို တစ်ဝက်ခန့်သောက်ပြီး ရပ်ထားလိုက်သည်။

"သိလား. . . မနိုင်က ပြောတယ်တော့်"

သူ့စကားအဆုံးတွင် 'တော့်'ဟု ပြောလိုက်သောအခါ ကျွန်တော်က သဘောကျစွာ ပြုံးမိပြီး သူ့ကို ပြန်နောက်မိသည်။

"ဘယ်လို ပြောတာလဲတော့်"

ထိုအခါ သူက ရယ်လေသည်။

"မနိုင်က သူ့ကို စာရေးဆရာနဲ့လည်း မတူဘူးတဲ့။ ခုန်ခုန် ပေါက်ပေါက်ကလေးတဲ့"

ဘုရား. . . ဘုရား. . . ကျွန်တော့်မှာ သူ့စကားတွေကို အံ့ညြပြီးရင်း အံ့ညြနေရသည်။

"အဲဒီတော့ မီးက ဘာပြန်ပြောလိုက်သလဲ"

"ပြောလိုက်တာပေါ့ကွာ. . . လူက ရင့်ကျက်စရာမလိုပါဘူးလို့၊ အသိဉာဏ်ပဲ ရင့်ကျက်ဖို့လိုတယ်လို့"

"ဟား. . . ဟား. . . ဟား. . . သိပ်တော်တာပဲတော့်"

ကျွန်တော်က သူ့စကားအတိုင်း အတုခိုးပြီး ပြောလိုက်တော့ သူက ရယ်ပြန်သည်။

"အရမ်းခင်ဖို့ကောင်းတာပဲ။ မီးမှာ. . . ဒီလောက်ခင်ဖို့ကောင်းတဲ့ သူငယ်ချင်းမျိုး မရှိဖူးဘူး"

ပြောပြီး နတ်သမီးက ချောကလက်ဖန်ခွက်တွေ၊ မုန့်ပန်းကန်တွေကို ဘေးသို့ ကပ်လိုက်ပြီး စားပွဲကို နေရာကျယ်ကျယ်ရအောင် ဖန်တီးလိုက်ပါ၏။ နောက် သူ့ပိုက်ဆံအိတ်ကြီးထဲမှာ ခေါက်ထည့်ထားသော စစ်တုရင်ဘုတ်ပြားလေးကို ထုတ်၍ ဖြန့်လိုက်သည်။ ထိုအခါ ကျွန်တော်ကလည်း စစ်တုရင်အရုပ်လေးများကို ထုတ်ရ၏။

နတ်သမီးသည် ကျွန်တော့်ဘက်ကို အဖြူရုပ်လေးများအား ယူစေသည်။ သူက အနက်. . .။

"စစ်တုရင်ဆိုတာ ဘယ်ကစသလဲ သိလား"

ကျွန်တော်က တပည့်ပီသစွာ သိသလောက်ဖြေရ၏။

"အိန္ဒိယ"

"ဟုတ်ပြီ. . . လက်ရှိ ကမ္ဘာပေါ်မှာ Chess နဲ့ပတ်သက်လို့

ဘယ်တိုင်းပြည်က အတော်ဆုံးလဲ''

''ရုရှား''

နတ်သမီးသည် ကျွန်တော့်အဖြေကို 'ဟုတ်ပြီ'ဟု ထောက်ခံရင်း အနည်းငယ် စဉ်းစားလိုက်ပါသည်။ ကျွန်တော်က ကတ်စပါးရော့တို့၊ ကားပေါ့တို့၊ အာနန်တို့ စသဖြင့် ကြားဖူးနားဝ ကမ္ဘာ့ထိပ်တန်း စစ်တုရင်သမားများကို သူမေးလာလျှင် ဖြေဖို့ အသင့်ပြင်ထားရသည်။ သို့သော် နတ်သမီးဆီမှ ထွက်လာသောမေးခွန်းက တစ်မျိုးဖြစ်လေသည်။

''အန်ဒါဆင်(Anderson )ကို သိသလား''

''ဗျာ. . . ''

ကျွန်တော် ခံလိုက်ရလေသည်။ သူပြောသည့် အန်ဒါဆင်ကို ကျွန်တော် ကြားပင်မကြားဖူးပေ။ ဒါပေမဲ့ အန်ဒါဆင်ဆိုတာ စစ်တုရင်သမားတစ်ယောက်ပဲဟု ကျွန်တော် ခန့်မှန်းလိုက်မိသည်။

''ကျွန်တော် အန်ဒါဆင်ကို မသိဘူး''

နတ်သမီးက ခေါင်းကို တစ်ချက်ညိတ်ပြရင်း တည်ကြည်စွာ ပြောသည်။

''အန်ဒါဆင်က ဆွီဒင်ကကွ။ ကမ္ဘာ့ချန်ပီယံတော့ မဟုတ်ဘူး။ သူ့အဆင့်က နံပါတ်တစ်ဆယ်ကျော်မှာ ရှိတယ်။ ခံစစ်နဲ့ ပတ်သက်ရင် နာမည်ကြီးတယ်။ သူ့ကိုနိုင်အောင် ကစားဖို့ဆိုတာ တော်တော်ခက်ခဲတယ်။ တကယ့်ချန်ပီယံတွေတောင် သူနဲ့ကစားရင် သရေကျတာ များတယ်. . .၊ အင်း. . . ထားပါတော့။ သူတို့တစ်ယောက်ချင်းစီရဲ့ အကြောင်းနဲ့ ကစားကွက်တွေကို နောက်မှ ဆက်ပြောပြမယ်။ အခုလောလောဆယ် သူ ဘာတွေလိုအပ်သလဲသိရအောင် မီးနဲ့ တစ်ပွဲလောက် စမ်းကစားကြည့်တာပေါ့၊ ကဲ. . . စရွှေ့တော့''

ကျွန်တော်က အဖြူရုပ်တွေကို ကိုင်ပြီး တတ်သလောက် မှတ်သလောက် ကစားရသည်။ သို့သော် အကွက်နှစ်ဆယ်ခန့်အတွင်း ကျွန်တော်ရှုံးဖို့မှာ ကိုးဆယ်ရာခိုင်နှုန်း သေချာသွားလေသည်။

နတ်သမီးသည် ပေါ့ပေါ့ပါးပါး ကောင်မလေး ဟန်ဆောင်ထားသော ကြောက်စရာကောင်းလောက်သည့် လေးနက်သူမှန်း ကျွန်တော် သိလာရ၏။ ကျွန်တော်ကလည်း သိပ်မညံ့သူမှန်း နတ်သမီးကို ပြသရ၏။

နောက်တစ်ပွဲတွင်တော့ ကျွန်တော်သည် သူ၏ ထိုးဖောက်တိုက်စစ်ဆင်မှုကို ပထမပွဲ အတွေ့အကြုံဖြင့် အပြင်းအထန် ခုခံကာကွယ်တော့သည်။ ကျွန်တော်သည် တဖြည်းဖြည်းနှင့် သူ့ပါဝါထုတ်ခြင်း သဘောကို နားလည်လာ၏။

ဒုတိယပွဲသည် အကြိတ်အနယ်ဖြစ်ပြီး ကျွန်တော်က သရေဖြစ်စေရန် အသည်းအသန် ကစားခဲ့သော်လည်း သူက နယ်ရုပ်(Pawn)များ အသာဖြင့် ကျွန်တော့်ဘုရင်ကို ချေမှုန်းပစ်နိုင်ခဲ့သည်။ ပွဲပြီးသွားတော့ နတ်သမီးက ပြော၏။

"စစ်တုရင်မှာ ဘာလုပ်မလဲဆိုတာနဲ့ ဘာလိုလုပ်မလဲဆိုပြီး မေးခွန်းနှစ်ခုရှိတယ်၊ ဘာလုပ်မလဲဆိုတဲ့ မေးခွန်းကို မဟာဗျူဟာက ဖြေရပြီး ဘယ်လိုလုပ်မလဲဆိုတဲ့ မေးခွန်းကိုကျတော့ နည်းဗျူဟာက ဖြေကြားရတယ်၊ ဒီနေရာမှာ နည်းဗျူဟာက မဟာဗျူဟာရဲ့ နောက်လိုက်ဆိုပေမယ့် တကယ့်အခြေအနေတွေမှာ နည်းဗျူဟာက သိပ်အရေးကြီးတယ်၊ စောစောတုန်းကပွဲမှာ သူရှုံးသွားတာ နည်းဗျူဟာ မှားသွားလို့ပဲ၊ (Knight)မြင်းနဲ့ (Castle)ရဲတိုက်ကို သူက ပါဝါအသာကြောင့် လဲပစ်လိုက်တာကို။ အမှန်က စစ်တုရင်ကစားတယ်ဆိုတာ အကောင် ပါဝါအသာထက် ကစားကွက်အသာကို ဦးစားပေးရတယ်"

ကျွန်တော်က နတ်သမီးပြောပြသော ကျွန်တော့်အမှားအယွင်းများကို သဘောပေါက်လာ၏။ နောက်တော့ ကျွန်တော်သည် စစ်တုရင်ရုပ်တစ်ရုပ်ချင်း၏ သဘောကို ကျေညက်အောင် လေ့လာရတော့သည်။ သူက ညနေလေးနာရီခွဲတော့ ကစားဝိုင်းကို သိမ်းစေပြီး သူတို့ဂျာနယ်တွင် ကြော်ငြာထည့်မည့် Customer တစ်ဦးဆီ ကျွန်တော့်ကို ခေါ်သွားသည်။ အဲဒီကပြန်တော့ ကျွန်တော်က သူ့ကို အခုလို ပြောမိသည်။

"မီး. . . နောက်နေ့တွေလည်း. . . Marketing ဆင်းရင် ကျွန်တော် လိုက်ခဲ့မှာနော်"

"နောက်နေ့တွေကျရင် မနိုင် ပါမှာကွယ့်"

"ဟာ. . . ဘာဖြစ်လဲ မီးရဲ့၊ သုံးယောက်အတူတူ Marketing ဆင်းမယ်လေ"

ကျွန်တော့်တောင်းဆိုမှုကြောင့် နတ်သမီးက လှပစွာ ရယ်ပါသည်။ ပြီးတော့ ကျွန်တော် မသိသေးသော လျှို့ဝှက်ချက်တစ်ခုကို ပြောပြလေသည်။

"စနေနေ့ကျမှ လိုက်ခဲ့. . .၊ အဲဒီနေ့ကျရင် မနိုင်က ကျူရှင်ရှိတယ်"

"စနေနေ့တိုင်းလား"

"အင်း. . ."

ထိုနေ့က အပြန်တွင် ကျွန်တော်တို့ မြဝတီဘဏ်ရှေ့ကို မရောက်ဖြစ်တော့။ (၃၆)လမ်းထိပ်တွင် ရခိုင်မုန့်တီတစ်ပွဲစီ စားပြီး အိမ်ပြန်ခဲ့ကြ၏။

(၄၅) ဘတ်(စ်)ကားပေါ်တွင် သူက ကျွန်တော့်ကို စစ်တုရင်အကြောင်းတွေ ပြောပြလိုက်၊ ကျွန်တော်က သူ့ကို နောက်ရေးမည့် ကျွန်တော့်ဝတ္ထုတွေအကြောင်း ပြောပြလိုက်နှင့် ပျင်းစရာမကောင်းဘဲ

အဆင်ပြေနေလေသည်။

သမိုင်းလမ်းဆုံကို ရောက်တော့ ကျွန်တော်တို့က ရပ်ကွက်ထဲကို လမ်းလျှောက်ကြရပြန်သည်။

"မီး. . . ရည်းစားတွေ ထားဖူးသလားဟင်"

"ဩော်. . . ဒီအရွယ်ပဲ ရောက်နေပြီ. . . ထားဖူးတာပေါ့"

"ကျွန်တော်လည်း ရည်းစားထားဖူးတယ်"

"ယုံပါတယ်. . . ကောင်မလေးတွေနဲ့ ပတ်သက်ရင် ဒီလောက် ကျွမ်းတာ၊ ပြီးတော့ သူက စကားပြောလည်း သိပ်ကောင်းတယ်၊ ဒါပေမဲ့ အရင်ရည်းစားတွေအကြောင်း ပြန်မပြောကြေးနော်။ မီးလည်း မပြောဘူး. . .၊ သူလည်း မပြောရဘူး"

ထိုအခါတွင် ကျွန်တော်က ကြည်နူးစွာ ကတိပေးဖြစ်သွားပါသည်။

"စိတ်ချပါ မီးရဲ့. . .၊ မီး. . . သဝန်တိုအောင် ဘယ်တော့မှ မလုပ်ဘူး"

ကျွန်တော့်စကားကြောင့် သူ့မျက်နှာမှာ ရဲသွားပြီး ကျွန်တော့် လက်မောင်းကို ပုတ်ရင်း တုံ့ပြန်လေသည်။

"အံမယ်. . . သူ့ကို သဝန်တိုတယ်ပဲ ဖြစ်ရသေးတယ်"

နောက်တော့ ကျွန်တော်တို့ ရယ်မောဖြစ်ကြလေသည်။ အိမ်သို့ ပြန်ရောက်သောအခါ ကျွန်တော့် ရင်ခုန်သံတွေသည် စကားလုံးအဖြစ် စတင်ပြောင်းလဲသွားကြ၏။

သူ့ကို လွမ်းရဲသည့်သတ္တိတွေ ငါ့မှာ ရှိနေပြီလားဟု တွေးကြည့်မိတော့ အရာရာသည် တိတ်ဆိတ်သွားပါသည်။

■

## ( ၈ )

လေစီးကြောင်းထဲက ရနံ့များထဲတွင် နတ်သမီးအတွက် ယုံကြည်ချက်များ ရှိနေသည်ဟု ကျွန်တော် ခံစားရသည်။ ဘယ်တော့မှ မဟောင်းနွမ်းသည့် ကျွန်တော့်ချစ်ခြင်းမေတ္တာတွင် သူ့ကို ပျော်ရွှင်စေဖို့ တတ်နိုင်ပါ့မလားဟုလည်း စဉ်းစားမိ၏။

ကျွန်တော်သည် နတ်သမီးကို စောင့်နေရင်းမှ အနာဂတ်အကြောင်း တွေးမိကာ ခွန်အားတွေ အလိုလို ဖြစ်လာသည်။ နာရီကို ကြည့်လိုက်တော့ ညနေ (၅)နာရီခွဲသွားပြီ။ လမ်းထဲကို လှမ်းကြည့်လိုက်တော့ သူက အချိန်တိတိကျကျပင် ထွက်လာပါသည်။

လက်တစ်ဖက်က လုံချည်ကို မ,တင်ရင်း ထုံးစံအတိုင်း အိုရှင်းစတိုင်နှင့် ခပ်ဖြည်းဖြည်း လမ်းလျှောက်လာ၏။ သူ့ဘေးတွင် မနိုင်လည်း

ပါသည်။ လက်ဖက်ရည်ဆိုင်ရှေ့သို့ ရောက်သောအခါ နတ်သမီး၏ မျက်လုံးများက ကျွန်တော့်ဆီသို့ ဝေ့ခနဲ ရောက်လာသည်။ ကျွန်တော်က ဣန္ဒြေမပျက် ဆက်ထိုင်နေရ၏။

သူတို့သည် အနော်ရထာလမ်းကို ကူးသွားကြပြီး တစ်ဖက်သို့ရောက်တော့ မနိုင်က ပန်းဆိုးတန်းဘက်ကို ထွက်သွားသည်။ ကျွန်တော်ကလည်း အဲဒီတော့မှ တစ်ယောက်တည်း ဆက်လျှောက်သွားသည့် နတ်သမီးနောက်ကို လိုက်၏။ ကျွန်တော့် ကျောပိုးအိတ်ထဲတွင်တော့ စစ်တုရင်ရုပ်ကလေးများက ခုန်နေလေသည်။

"ဟော့. . . မီး"

သူက ပြန်လှည့်ကြည့်ကာ ပြောသည်။

"ဒီနေ့တော့ မီး ထွက်လာတာ အချိန်အတိအကျပဲ မဟုတ်လား" -

ကျွန်တော်က ခေါင်းညိတ်ပြတော့ နတ်သမီးက ခပ်စူးစူးတစ်ချက်ကြည့်သည်။

"ဒီနေ့ ကျွန်တော်တို့ ဘယ်ဆိုင်သွားရင် ကောင်းမလဲ"

"မီးတို့ဆိုင်လေးကိုပဲ သွားမယ်။ မြဝတီဘဏ်ရှေ့. . ."

သူ၏ပြောပုံကြောင့် ကျွန်တော်က သဘောကျစွာ ရယ်ဖြစ်သည်။ ကျွန်တော်တို့ မြဝတီဘဏ်ရှေ့ကို ရောက်လာတော့ နေဝင်ချိန်ကို အလှပဆုံး မြင်ရ၏။ သူက ရောက်ရောက်ချင်းပင် စစ်တုရင်ဘုတ်ပြားလေးကို ထုတ်ကာ ဖြန့်ခင်းလိုက်ပါသည်။

ထိုအခါ ကျွန်တော်လည်း သူ့ကိုယှဉ်ပြိုင်ဖို့ စစ်တုရင်ရုပ်လေးတွေကို ထုတ်ရလေသည်။ သူသည် စစ်တုရင်ရုပ်လေးများကို စီတာအလွန်မြန်သည်။ သူ့အနက်ရောင်ရုပ်များကို စီပြီးသွားသောအခါ ကျွန်တော့်အတွက် အဖြူရောင်ရုပ်များကိုပါ ဝိုင်းကူစီပေး၏။

ကော်ဖီမစ် တစ်ယောက်တစ်ခွက်စီ မှာထားကြပြီး ကျွန်တော်တို့၏ စစ်တုရင်ကစားပွဲကို စတင်သည်။ သူက စစ်တုရင်ရုပ်တွေကို ကိုင်တွယ်သည့်နေရာတွင် ကျွမ်းကျင်လွန်းသူဖြစ်၏။ ကျွန်တော်က အတုယူရပါသည်။

နတ်သမီး၏ ခံစစ်တည်ဆောက်ပုံ၊ တိုက်စစ်ဆင်တတ်ပုံ၊ ကျွန်တော့်တွင် အသုံးဝင်နေသော ပါဝါကောင်များကို မရမက အကောင်လဲပြီး ကစားသွားပုံတို့ကို ကျွန်တော်က ဂရုတစိုက်နှင့် လေ့လာရ၏။ သူက ကစားပွဲပြီးသွားတိုင်း ကျွန်တော့်အမှားတွေကို ထောက်ပြသင်ကြားပေးသည်။ ဒီကြားထဲ သူ့ဆံပင်တွေဆီမှ အမျိုးအမည် မသိရသော ရှန်ပူရနံ့ကြောင့် ကျွန်တော့်မှာ မူးဝေရှတစ္စာ ရင်ခုန်ရပြန်၏။

ကျွန်တော့်အရှုံးပွဲတွေသည် သူ၏ နှစ်သိမ့်သောအပြုံးများအောက်တွင် နေသားကျနေခဲ့သည်။ နတ်သမီးသည် ကစားနေရင်းကမ္ဘာ့စစ်တုရင်လောကမှာ ကျွန်တော်မကြားဖူးသည့် ဂျီအမ်(GM)များအကြောင်း ပြောပြပါသည်။ အဒမ်( Adams )၊ အိုင်ဗန်ချက်(Ivanchuk)၊ ကမ်းစကီး(Kamsky)စသဖြင့်. . . ။

ကျွန်တော်ကလည်း ပင်ကိုယ်ဉာဏ်ရည်ဉာဏ်သွေးတွင် သူ့ထက်တော့ နိမ့်ကျသူတစ်ယောက် မဟုတ်ပါ။ တဖြည်းဖြည်း သူ့ ကျွမ်းကျင်မှုကို ခုခံဖို့ နားလည်တတ်ကျွမ်းလာ၏။

''သိပ်တော်တာပဲ. . . မီးလောက်နီးပါးပဲ''

နတ်သမီးက ထိုသို့ နောက်ပြောင်ချီးမွမ်းတော့ ကျွန်တော့်မှာ မခံချင်ဖြစ်ရသည်။ အခုထိ ကျွန်တော် သူ့ကို သရေရအောင် မကစားနိုင်သေးပေ။ ဒါပေမဲ့ နောက်ထပ်ရက်စွဲတွေ ရှိသေးမှန်း ကျွန်တော်က သတိရမိသည်။

ဒီနေ့အဖို့ နတ်သမီးကို ငါးပွဲဆက်တိုက် ရှုံးပြီးသွားသောအခါ

ကျွန်တော်တို့ အိမ်ပြန်ဖို့ ဖြစ်လာသည်။ ပြန်ခါနီး သူက သူ့အင်္ကျီနှင့် လိုက်ဖက်သော အစိမ်းပုတ်ရောင် ခုံပုလေးကို မက်မောစွာ ကြည့်နေသေး၏။ အပြန်ကားပေါ်ရောက်တော့ နတ်သမီးက ကျွန်တော့်ကို ပြောသည်။

"အမှန်အတိုင်းပြောရရင် သူက သိပ်ဉာဏ်ကောင်းတာ. . .၊ အခုဆို တော်ရုံတန်ရုံ လူတစ်ယောက်နဲ့ စစ်တုရင် ကစားကြည့်ပါလား၊ သူ နိုင်မှာ သေချာတယ်"

"ကျွန်တော်က သူများတွေကို မနိုင်ချင်ပါဘူး။ မီးကိုပဲ နိုင်ချင်တာ"

ထိုအခါတွင်တော့ သူက ရယ်လေသည်။ ပြီးတော့ ကျွန်တော့်ကို ကြင်နာစွာကြည့်ပြီး ပြော၏။

"စာရေးဆရာကလည်း ကျွမ်းကျင်ရာ လိမ္မာပေါ့ကွယ်၊ ဒါ ဝတ္ထုရေးနေတာမှ မဟုတ်ဘဲ"

(၄၅)ဘတ်(စ်)ကားကြီးသည် လှုပ်လီလှုပ်လဲ့ဖြင့် ဖြည်းဖြည်းချင်း ရွေ့လျားနေသည်။ နတ်သမီးက ရုတ်တရက် ကျွန်တော့်လက်မောင်းကို ပုတ်ရင်း ပြောပါသည်။

"ဒီနေ့ သူ့ကို လက်ပတ်လေး မချည်ပေးရသေးဘူးနော်"

ကျွန်တော်လည်း စောစောတုန်းက မေ့နေခဲ့သော လက်ပတ်ကြိုးလေးကို ကျောပိုးအိတ်ထဲမှ ထုတ်ပေးလိုက်၏။ သူက ခိုင်အောင် သေချာချည်ပေးသည်။

လေတို့သည် ကား၏အရှိန်နှုန်းဖြင့် ပေါင်းစပ်ကာ ကျွန်တော်တို့ ဆံပင်များကို ဝဲလွင့်နေစေသည်။ ကျွန်တော်က ရည်လျားလှပသော နတ်သမီး၏ မျက်တောင်ကော့ကော့လေးများကို တပ်မက်နေမိ၏။ သူ ချည်ပေးထားသည့် ကျွန်တော့်လက်မှ လက်ပတ်လေးကို မြှောက်ပြပြီး

သူ့ကို ကြွားသလိုလုပ်တော့ နတ်သမီးက နှုတ်ခမ်းကို မဲ့သည်။

"မီး. . . ကျွန်တော်တို့ဆံပင်တွေ မညှပ်ဘဲ အတူတူ ဆံပင်ရှည်ထားကြရအောင်. . . ဘယ်လိုလဲ"

"အေးအေး. . . ကောင်းတယ်"

ကျွန်တော်က သူ့စကားပြောဟန်ကို နှစ်သက်စွာ ပြုံးမိပါသည်။ နတ်သမီးသည် လွတ်လပ်ပေါ့ပါးပြီး စကားကို သူ့စိတ်ထဲရှိသလို ပြောတတ်သူလည်း ဖြစ်လေသည်။ ဘာဟန်ဆောင်မှုမှ မရှိ။ ဘာချုပ်နှောင်ထားမှုမှ မရှိ။

"သူ့ဆံပင်တွေက အမြဲရှုပ်ပွနေတာပဲ၊ ခေါင်းမဖြီးဘူးလား"

"ဟင့်အင်း. . . ကျွန်တော့်မှာ ဘီးမရှိဘူး။ သူများဘီးတွေနဲ့လည်း ခေါင်းမဖြီးတတ်ဘူး"

"အရင်ရည်းစားတွေက ခေါင်းဖြီးဖို့ မသင်ပေးဘူးပေါ့"

"မသင်ပေးဘူး"

"သူ့ကို မနက်ဖြန်ကျရင် မီးက ဘီးတစ်ချောင်း ဝယ်ပေးမယ်၊ မနက်ဖြန် စနေနေ့လေ. . .၊ မီးတစ်ယောက်တည်းပဲ၊ မနက်ရှစ်နာရီခွဲလောက် လမ်းထိပ်မှာ စောင့်နေ။ အိမ်ကနေ Marketing တန်းဆင်းမှာ"

ကျွန်တော် သူ့လက်ချောင်းလေးတွေကို ကိုင်ကြည့်ချင်လာ၏။ ထို့ပြင် သူ့ဆံပင်တွေကိုလည်း နမ်းရှိုက်ကြည့်ချင်မိသည်။ နတ်သမီးသည် ကျွန်တော့်စိတ်ကူးတို့ကို သိသွားသည့်အလား လှည့်ကြည့်လိုက်ပါသည်။

"မီးကို ဘာဖြစ်လို့ ဒီလောက်ကြည့်နေတာလဲ"

"ချစ်လို့. . . "

ထိုအခါ သူက ရှက်သွားရမည့်အစား ကျွန်တော့်ကို ငြိမ်ငြိမ်လေး ပြန်ကြည့်သည်။ စိတ်ဆိုးဟန်တော့ မပြ။

"မီး. . . ကျွန်တော့်ကို ချစ်တယ်မဟုတ်လားဟင်"

နတ်သမီးသည် ဟိုဟိုသည်သည် လျှောက်ကြည့်နေပြီး ဒီအဖြစ်အပျက်ကို ကျော်လွှားဖို့ ကြိုးစားနေပုံရသည်။ မထင်မှတ်ဘဲ ရည်းစားစကား အပြောခံလိုက်ရသည့် ကောင်မလေး တော်တော်များများသည် ထိုကဲ့သို့ ပြုမူတတ်ကြသည်ဟု ကျွန်တော် ထင်သည်။

"အစကပြောတော့. . . သူငယ်ချင်းတဲ့၊ အခုကျတော့ ရည်းစားစကားပြောတယ်၊ ကတိလည်း မတည်ဘူး"

"ဒါက ဒီလိုလေ မီးရဲ့. . .၊ သူငယ်ချင်းဆိုတာက ကျွန်တော်ကြံဖန်ပြီး လျှောက်ပြောလိုက်တဲ့ ကြားဖြတ်အစီအစဉ်ပဲ။ မီး သိပါတယ်။ ကျွန်တော့်သဘောထားက မီး အပေါ် ဘယ်လိုရှိသလဲဆိုတာကို"

နတ်သမီးသည် ကျွန်တော့်ကို ပြုံးစေ့စေ့နှင့် ကြည့်ပါသည်။ ထိုအကြည့်သည် သူနှင့် ကျွန်တော်ကြားရှိ အမှတ်တရများတွင် တစ်ခု အပါအဝင်ဖြစ်သည်။

"မီး. . . စဉ်းစားချင်သေးလို့လား"

ကျွန်တော်က အဲဒီလို သူ့အတွက် လမ်းဖွင့်ပေးလိုက်တော့ သူက ခေါင်းကို ညိတ်ပြ၏။ ငြိမ်သက်နေသော သူ့ကို ရယ်မောပျော်ရွှင်လာအောင် ကျွန်တော်က လုပ်ပေးရသည်။

"အမှန်တော့ ကျွန်တော်က မီးကို ချက်ချင်း အဖြေပေးစေချင်တာ၊ ကျွန်တော့် အရင်ရည်းစားတွေတုန်းကလေ အခုလို ကားစီးရင်း အဖြေပေးတာ တစ်ခါမှ မခံရဖူးဘူး. . . သိလား"

ကျွန်တော့်စကားကြောင့် နတ်သမီးက ပြောင်ချော်ချော်နှင့် ရယ်ရင်း ခေါင်းကိုယမ်းသည်။ ကျွန်တော်သည် အရင်ရည်းစား ဖြူစင်ထွန်းက အဖြေပြန်ပေးလိုက်ပုံကို သတိရမိလိုက်သည်။ သူသည် ထိုအခြေအနေမျိုးမှာပင် ကျွန်တော့်ကို အကဲခတ်နိုင်စွမ်းရှိသူဖြစ်သည်။

"အခုချိန်မှာ အရင်ရည်းစားတွေအကြောင်း မတွေးနဲ့နော်။ မီးက သိပ်ပြဿနာရှာတတ်တာ. . . မယုံမရှိနဲ့"

နတ်သမီးသည် ပြောပြီး စိတ်ကောက်သွားလေသည်။ သူ၏ စိတ်ကောက်ပုံမှာ မြန်ဆန်လွန်းပြီး အဆင့်မြင့်လှသည်ဖြစ်ရာ ကျွန်တော့်မှာ မနည်းလိုက်ယူရ၏။ ဘယ်လိုမှလည်း မချော့တတ်အောင် ဖြစ်နေရသည်။ နတ်သမီး၏ စိတ်ကောက်ပုံသည် ခပ်တည်တည်ဖြစ်လေသည်။ ကျွန်တော်လည်း ရယ်စရာတွေပြောပြီး သူ့ကို ရယ်အောင်လုပ်ဖို့ စဉ်းစားမိသေးသော်လည်း ကျွန်တော့်ခေါင်းထဲမှာ လောလောဆယ် ဘာရယ်စရာကိုမှ စဉ်းစားမရချေ။ ဒီနေ့အဖို့တော့ ကျွန်တော်က သူ့စိတ်ကောက်မှုကို လက်လျှော့ထားလိုက်ပြီး မနက်ဖြန်ကျတော့မှ Marketing ဆင်းတဲ့အခါ ပြန်ချော့ရမည်ဟု ယာယီအားဖြင့် တွေးထားလိုက်သည်။

သို့သော် ကျွန်တော် ကံကောင်းခဲ့သည်။ ဘူတာရုံလမ်းမှတ်တိုင် လောက်တွင် နတ်သမီး၏ မျက်လုံးတွေ ဝိုင်းစက်သွားပြီး ခန္ဓာကိုယ်မှာလည်း ရုတ်တရက် တောင့်တင်းသွားသည်။ ပြီးတော့ ကျွန်တော့်ကို အားကိုးတကြီးနှင့် လှမ်းကြည့်ကာ နှုတ်မှလည်း ခပ်တိုးတိုး အာမေဋိတ်ပြုလေသည်။

"ဒုက္ခပါပဲ. . . ဟိုမှာ အဖေရယ်တော့်"

သူက ပြောလိုက်တော့ ကျွန်တော်လည်း ဘာလုပ်ရမှန်း မသိဖြစ်သွားသည်။

"မီး. . . ကျွန်တော်တို့ကို မြင်သွားသလား"

"မြင်သွားတယ်"

"အိမ်ပြန်ရောက်လို့ မေးတဲ့အခါ မီး ဘယ်လိုဖြေမလဲ"

"အဲဒါမသိလို့ စိတ်ညစ်နေတာပေါ့၊ အဖေက လှည်းတန်းက တည်းက ပါလာတာ၊ မီးနဲ့ သူနဲ့ စကားပြောနေတာလည်း မြင်တယ်၊

မီး သူ့ကို စိတ်ကောက်ပြီး စကားမပြောတော့တာလည်း မြင်တယ်၊ အဲဒါတွေအကုန်လုံး လှည်းတန်းကျော်မှ ဖြစ်တာချည်းပဲ၊ အဖေ့အလုပ်က လှည်းတန်းမှာလေ''

ထိုအခါတွင် ကျွန်တော်က သူ့ကို စိတ်အေးအေးထားဖို့ ပြောရ၏။ တစ်ပြိုင်တည်းမှာပင် သူ့ပြဿနာကိုလည်း စဉ်းစားပေးရသည်။

''ဒီလိုပြော မီး. . . ကျွန်တော့်ကို ဓာတ်ပုံဆရာလို့ပြော၊ မီးတို့ခေတ်ရောင်စုံဂျာနယ်ရဲ့ ပင်တိုင်ဓာတ်ပုံဆရာပေါ့၊ အခု. . . ညှိခံပွဲတစ်ခုက ပြန်လာလို့ အတူတူ ဖြစ်နေတာလို့၊ ကျွန်တော်က အင်းစိန်မှာ နေတယ်လို့၊ ကျွန်တော်က သမိုင်းလမ်းဆုံရောက်ရင် မဆင်းဘဲနဲ့ ဆက်စီးသွားလိုက်မယ်''

နတ်သမီးသည် ကျွန်တော့်အစီအစဉ်ကို နားထောင်ရင်း လိုက်နာဖို့ သဘောတူကြောင်း ခေါင်းညိတ်ပြသည်။ သူ့စိတ်ထဲမှာလည်း ပေါ့ပါးသွားပုံရသည်။ ထိုင်ခုံမရဘဲ ခပ်လှမ်းလှမ်းမှာ ရပ်ပြီး စီးနေသည့် သူ့အဖေကိုပင် အတင့်ရဲစွာ လှမ်းကြည့်လိုက်သေးသည်။

နောက်တော့ သမိုင်းလမ်းဆုံကို ရောက်လာသည်။ သူ့အဖေသည် ဆင်းခါနီး ကျွန်တော့်ကို မသိမသာ အကဲခတ်သည့်သဘောဖြင့် တစ်ချက်ကြည့်သွား၏။ ကျွန်တော်က သိသော်လည်း မသိချင်ယောင်ဆောင်နေရသည်။

ထိုနေ့က ကျွန်တော်သည် သမိုင်းလမ်းဆုံပြီး နောက်တစ်မှတ်တိုင်ဖြစ်သည့် ကုလားကျောင်းမှတ်တိုင်တွင် ဆင်းကာ သုခဆီသို့ ကားပြန်စီးခဲ့သည်။

နတ်သမီးတော့ သူ့အဖေနှင့် ဘာတွေဆက်ဖြစ်ကြသလဲ မသိ။ ကျွန်တော် မနက်ဖြန်ကျမှ မေးကြည့်ရဦးမည်။

■

( ၉ )

လှိုင်သာယာသို့ သွားသည့် ဘတ်(စ်)ကားပေါ်တွင် ခရီးသည်တွေက ခပ်နည်းနည်းသာရှိ၏။ နတ်သမီးက လှိုင်သာယာရှိ သူ့ Customer တစ်ယောက်၏ စက်ရုံကို သွားခြင်းဖြစ်သည်။ ကျွန်တော်သည် သူ့ကို ကားပေါ်တွင် လက်ပတ်ကြိုးလေးအား ထုတ်ပေးလိုက်ပြီး ကျွန်တော့် ညာဘက်လက်တွင် ချည်ပေးစေသည်။

"မီး. . . မနေ့တုန်းက အိမ်မှာ အခြေအနေ ဘယ်လိုလဲ"

သူက ပထမဆုံး ဘာမှမပြောသေးဘဲ ရယ်နေသဖြင့် ကျွန်တော်က မနေ့တုန်းက စိတ်ကောက်ခြင်းကို မေ့သွားပြီဖြစ်ကြောင်း သဘောပေါက်လိုက်သည်။

"အဖေက သူ့ကိုမေးတယ်၊ ဘယ်သူလဲတဲ့၊ အဲဒါ မီးက သူ

ပြောတဲ့အတိုင်းပဲ ခါတ်ပုံဆရာလို့ ပြောပြလိုက်တာပေါ့၊ အဖေက ယုံသွားတယ်၊ အေးဆေးပဲ. . .''

''ဒါဆို ယောက္ခမကြီးက သူ့သားမက်လေးကို ခါတ်ပုံဆရာလို့ ထင်သွားပြီပေါ့''

''အံမယ်. . . မီးအဖေကိုများ ယောက္ခမတဲ့။ ပိုင်စိုးပိုင်နင်းနဲ့''

သူက မျက်စောင်းထိုးရင်း စိတ်ဆိုးဟန်ပြုသည်။

''မီး. . . ဒီမှာကြည့်စမ်း''

ကျွန်တော်က သူ့ကို ညတုန်းက အဆုံးသတ်နိုင်ခဲ့သော ဝတ္ထုတိုလေးကို ပြလိုက်ခြင်းဖြစ်ပါသည်။ နတ်သမီးက ကျွန်တော့်စာမူကို ယူပြီး တစ်ကြောင်းနှစ်ကြောင်း ဖတ်ကြည့်သည်။

''မီးကို အရင်ဆုံး ပေးဖတ်တာလား''

''ဟုတ်တယ်''

''ဩော်. . . ဒါဆို မီးက ဂုဏ်ယူရဦးမှာပေါ့''

''သဘောပဲ''

နတ်သမီးသည် ကျွန်တော့်ဝတ္ထုကို သူ့ပိုက်ဆံအိတ်ထဲသို့ ထည့်သိမ်းလိုက်ပြီး နောက်မှဖတ်ကြည့်မယ်ဟု ပြောသည်။ ထိုစဉ် ဘတ်(စ်)ကားပေါ်၌ လေးဖြူ၏ အလွမ်းများသီချင်းက ခပ်တိုးတိုး လွင့်ပျံ့လာသည်။ သူက သီချင်းကို ပိုင်ပိုင်နိုင်နိုင်ပင် လိုက်ညည်းနေ၏။ မိန်းကလေးတော်တော်များများက လေးဖြူသီချင်းတွေကို သူ့လို ပိုင်ပိုင်နိုင်နိုင်မရှိတတ်ကြပါ။

''မီးက သီချင်းတွေ ကြိုက်သလား''

''ကြိုက်တယ်. . . အဓိက,ကတော့ လေးဖြူပဲ၊ သူက အသံဒီလောက်ကောင်းတာ မဟုတ်ဘူး၊ သီချင်းဆိုတတ်တာ၊ ပြီးတော့. . . အော်နိုင်တာ''

သူ့မှတ်ချက်ကြောင့် ကျွန်တော်ပင် လေးဖြူကို သနားရမလို ဖြစ်သွားရသည်။ သူ့ရှေ့မှာ ကျွန်တော် ပြုံးမိသွားသည် ထင်ပါသည်။ ကျွန်တော်၏ စိတ်ကောက်ကျွမ်းကျင်သော နတ်သမီးက ကျွန်တော့်ကို စိတ်ကောက်ဖို့ ချောင်းမြောင်းနေသည်ဟုပင် ဆိုရလောက်၏။

"တွေ့လား. . . မီးကို စိတ်ထဲက ကျိတ်ပြီးလှောင်နေပြန်ပြီ"

"မဟုတ်ပါဘူး. . . မလှောင်ဘူး"

"မညာနဲ့နော်. . . မီး သိတယ်. . .၊ မရဘူး အဲဒါမျိုးလှောင်နေရင် သူငယ်ချင်းလည်း မတော်တော့ဘူး"

"ရတယ်လေ. . .၊ သူငယ်ချင်း မတော်ချင်လည်း ချစ်သူပဲ တော်လိုက်တော့ ဟုတ်ပြီလား၊ ကျွန်တော်ပဲ အနစ်နာခံလိုက်ပါ့မယ်"

"ရမယ်. . .၊ သူက နစ်နာတယ်ပဲ ရှိရသေးတယ်"

ပြောပြီး ကျွန်တော် မက်မောသော သူ့မျက်စောင်းလှလှလေးက ရောက်လာ၏။ သူ့မျက်စောင်းလေးတွေကို ကျွန်တော် မက်မောတတ်မှန်း သူ မသိစေချင်ပါ။ ထိုအခါ သူက ညစ်ပြီး မျက်စောင်းမထိုးတော့မှာ စိုးရိမ်သောကြောင့် ဖြစ်သည်။

ကျွန်တော်သည် နတ်သမီးကို တစ်စထက်တစ်စ စွဲလမ်းနေမိသည်။ ရုတ်တရက် သူ့ကို လှမ်းကြည့်မိတော့ သူက လေးဖြူသီချင်းကို ခပ်တိုးတိုး လိုက်ဆိုနေ၏။

တစ်နာရီနီးပါးကြာအောင် ကားစီးခဲ့ပြီးသောအခါ ကျွန်တော်တို့ လှိုင်သာယာသို့ ရောက်လာကြသည်။ နတ်သမီးက ဦးဆောင်ပြီး သူ့ Customer ၏စက်ရုံကို ဆက်သွားကြရ၏။ စက်ရုံကို ရောက်တော့ သူက စက်ရုံထဲ ဝင်တွေ့သည်။ ကျွန်တော်က စက်ရုံရှေ့ရှိ အသုပ်ဆိုင်ငယ်လေးတွင် အအေးတစ်ပုလင်းနှင့် ထိုင်စောင့်နေရသည်။

သို့သော် သိပ်မကြာခင် နတ်သမီးက ပြန်ရောက်လာသည်။

"မီး. . . မြန်လှချည်လား။ ပြီးသွားပြီလား"

"ဟင့်အင်း. . . မပြီးသေးဘူးကွ၊ အဲဒီလူနဲ့ မတွေ့လို့၊ အဲဒါ ရုံးခန်းထဲမှာ မစောင့်ချင်တာနဲ့ ဒီမှာလာစောင့်တာ"

"ဘယ်လောက် ကြာမှာလဲဟင်"

"မပြောတတ်ဘူး။ မတွေ့မချင်း စောင့်ရမှာပဲ၊ ဒီကို. . . တကူး တက လာခဲ့တာဆိုတော့ မထူးဘူးလေ၊ ကဲ. . . စစ်တုရင်ထိုးမယ်၊ အရုပ်တွေထုတ်"

နတ်သမီးသည် အဲသလိုမျိုးဖြစ်သည်။ သူ့ဦးနှောက်ထဲမှာ လုပ် စရာရှိသည်များကို ဆက်တိုက် စီစဉ်ထားတတ်သည်။ ကျွန်တော်သည် သူ့ကို ရှုံးမည်မှန်း သိသော်လည်း စစ်တုရင်ပွဲကို ကစားရဦးမည်ဖြစ် သည်။

သရေကျဖို့ပင် မဖြစ်နိုင်သော ပြိုင်ပွဲများနှင့် သူက ကျွန်တော့် ကို ဖျားယောင်းထားနိုင်ခဲ့သည်။

ကျွန်တော်တို့နှစ်ယောက်သား အဲဒီအသုပ်ဆိုင်ကလေးမှာ စစ် တုရင် သုံးပွဲတိတိ ကစားခဲ့သည်။ ထုံးစံအတိုင်း သုံးပွဲစလုံးပင် ကျွန်တော် ရှုံးသွားသည်။

ဒါပေမဲ့ သူက ကျွန်တော့်ကို ပိုတော်လာသည်ဟုသာ ချီးမွမ်း ခဲ့သည်။ ကျွန်တော်ကိုယ်ကျွန်တော်လည်း ထိုသို့ပင် ထင်မိ၏။ တစ်ပွဲ ပြီးတိုင်း ကျွန်တော့်မှာ ပညာတစ်ခု ထပ်တိုးရ၏။ ကျွန်တော် ဘယ် လောက်တော်တော် သူ့ကို ရှုံးဖို့တော့ လုံလောက်နေဦးမှာ ဖြစ်သည်။

"ခဏနေခဲ့ဦး. . .၊ မီး. . . စက်ရုံထဲ ပြန်ဝင်ကြည့်လိုက်ဦးမယ်"

ဒီတစ်ခါတော့ သူ စက်ရုံထဲကို ဝင်သွားတာ တော်တော်ကြာ သည်။ တစ်နာရီလောက်ကြာတော့ ပြန်ထွက်လာ၏။ မျက်နှာက မကြည် မသာဖြစ်လျက် အချိန်မရွေး ကျွန်တော့်ကို စိတ်ကောက်နိုင်သော

မျက်နှာဟု ကျွန်တော် ခန့်မှန်းမိလေသည်။ ဒီတော့ ကျွန်တော်လည်း စကား သိပ်မများဘဲ ငြိမ်ငြိမ်နေရသည်။

အပြန် ကားပေါ်ရောက်မှ နတ်သမီးက ကျွန်တော့်ကို မကျေမနပ်ဖြစ်နေမှန်း ကျွန်တော် သဘောပေါက်သွားသည်။ အဘယ်ကြောင့်ဆိုသော် သူသာ Customer နှင့် မပြေလည်ခဲ့ခြင်းဖြစ်ပါက ကျွန်တော့်ကို တိုင်တည်ကာ သူ့အဖြစ်အပျက်တွေကို ပြောပြလိမ့်မည်။ အခုတော့ ထိုသို့ မပြောပြရုံသာမက ကျွန်တော့်ကိုလည်း စကားမပြောဘဲ ခပ်တည်တည်လုပ်နေ၏။ ဒီတော့ Customer ကို မကျေနပ်ခြင်း မဟုတ်ပါက ကျွန်တော့်ကို မကျေနပ်တာပဲဖြစ်ရမည်။

သို့သော် ခက်တာက ကျွန်တော် သူ မကျေနပ်လောက်သည့် အမှားတစ်ခုမှ မလုပ်မိသေးတာ သေချာသည်။ စောစောကပင် ပြုံးပြုံးရွှင်ရွှင်နှင့် ကျွန်တော်တို့ စစ်တုရင်ကစားခဲ့ကြသေးသည် မဟုတ်ပါလား။

"မီး. . . ဘာတွေဖြစ်နေတာလဲ"

"စိတ်ကောက်နေတာ"

ဘုရားရေ. . . စိတ်ကောက်နေပြန်ပြီတဲ့။ လိုင်သာယာကားပေါ်မှာ မနေ့တုန်းကလို သူ့အဖေနဲ့တိုးပြီး စိတ်ကောက်တာ မေ့သွားဖို့ကလည်း မဖြစ်နိုင်။ သူ စိတ်မကောက်တော့အောင် သူ့အဖေကိုပင် တမ်းတရမလို ဖြစ်နေသည်။

"ဘာဖြစ်လို့ စိတ်ကောက်ရတာလဲဟင်"

ကျွန်တော်က အဲဒီလို လေသံပျော့လေးနှင့် မေးတော့ နတ်သမီးသည် သူ့ပိုက်ဆံအိတ်ထဲမှ ကျွန်တော့်ဝတ္ထုစာမူကို ထုတ်ကာ ကျွန်တော့်ပေါင်ပေါ် ခပ်ကြမ်းကြမ်း ပစ်တင်သည်။

"မီး. . . ဒီဝတ္ထုက ဘာဖြစ်လို့လဲ"

ကျွန်တော့်မေးခွန်းကြောင့် နတ်သမီးက စိတ်မရှည်သလို စုတ်

တစ်ချက် သပ်၏။

"အဲဒီဝတ္ထုထဲမှာ. . . ဘယ်ကကောင်မနာမည်ကို ထည့်ရေးထားတာလဲ"

ချက်ချင်းပင် ကျွန်တော့်ဦးနှောက်ကို အလုပ်ပေးကာ အလျင်အမြန် စဉ်းစားရ၏။ ဖျတ်ခနဲ ကျွန်တော် သဘောပေါက်သွားသည်။

"ညိုမာလေ. . .၊ ကျွန်တော့်သူငယ်ချင်းတစ်ယောက် နာမည်ပါမီးရဲ့"

"အဲဒါကြောင့်ပဲ ပြောနေတာပေါ့၊ ဘယ်က ညိုမာလဲ၊ မီးမသိဘူး၊ သူရေးတဲ့ နောက်ဆုံးဝတ္ထုမှာ ညိုမာ့နာမည်က ဘာဖြစ်လို့ပါရတာလဲ"

"ဒီလိုပါ မီးရဲ့. . .။ ကျွန်တော်ရေးနေတုန်း အဲဒီ ဝတ္ထုထဲက ကောင်မလေးကို နာမည်ပေးဖို့ လိုနေတယ်။ အဲဒီအချိန်မှာပဲ ညိုမာ့ကို သတိရသွားတာနဲ့ သူ့နာမည်ကို သုံးလိုက်တာပါ"

"တွေ့လား . . . ညိုမာ့ကို သတိရနေတာတဲ့၊ ပေါ်ပြီ. . . သူငယ်ချင်း ဖြစ်တာချင်းအတူတူ မီးကိုကျတော့ သတိမရဘူး။ ညိုမာက သူ့ရည်းစားမဟုတ်လား"

ဟာ. . . သွားပြီ။ ဒုက္ခပါပဲ။ ငါ ဘယ်လိုရှင်းပြရမှာပါလိမ့်။ နတ်သမီးလေးရယ်. . . ငါ့ကို အဲသလို ခက်ခဲအောင် မလုပ်ပါနဲ့။

"ကြည့်ပါလား. . . ဘာမှ ပြန်မပြောနိုင်တော့ဘူးလား၊ ညိုမာက သူ့ရည်းစားပဲ. . . သေချာနေပါပြီ"

"မဟုတ်ပါဘူး မီးရဲ့၊ ကျွန်တော် ရှင်းပြပါ့မယ်"

"လုပ်မနေနဲ့. . .၊ ရှင်းတယ်ဆိုကတည်းက အစက ရှုပ်ထားလို့ပေါ့"

ကျွန်တော့်မှာ နတ်သမီးနှင့် ပြေလည်အောင် မဖြေရှင်းနိုင်ဘဲ

မျက်နှာငယ်လေးနဲ့ သူ့ဘေးမှာ ပါလာခဲ့သည်။ သူက စိတ်ဆိုးနေ၍ ကျွန်တော်လည်း အခက်တွေ့နေ၏။

တဖြည်းဖြည်း စီးလာသော ဘတ်(စ်)ကားသည် မြို့ထဲသို့ ရောက်ခါနီးလာပြီ။ ဒီလောက်ဆို သူစိတ်ကောက်တာ အရှိန်ကုန်သွားလောက်ပြီဟု ကျွန်တော် တွေးမိသည်။

"မီး. . . အခု ကျွန်တော်တို့ ဘယ်ဆက်သွားမှာလဲ"

"ယုဇနပလာဇာကို သွားမှာလေ။ ဒီမှာ Marketing ဆင်းလို့မှ မပြီးသေးပဲ"

နတ်သမီး၏ လေသံအနေအထားအရ စိတ်ကောက်ပြေသွားပြီဟု ကျွန်တော် တွေးလိုက်ပါသည်။ ကျွန်တော်တို့နှစ်ယောက် ဆူးလေမှတ်တိုင်မှာ ဆင်းပြီး ယုဇနပလာဇာကို ဆက်သွားကြရပြန်သည်။

"မီး. . . ကျွန်တော့်ဝတ္ထု ကောင်းတယ်မဟုတ်လား"

လှပသော သူ့မျက်စောင်းလေးက ဒိုင်းခနဲ ရောက်လာလေသည်။

"ကောင်းပါတယ်. . .၊ ဒါပေမဲ့ အဲဒီ ညီမြမာဆိုတဲ့နာမည်ကို မထည့်နဲ့၊ လိမ္မာပါတယ်ကွာ၊ ပြန်ပြင်လိုက်နော်"

သူကပင် ကျွန်တော့်ကို ပြန်ပြီး ချော့မော့ပြောနေသေးတော့၏။

"မီး. . . မကြိုက်ရင် အဲဒီနာမည်ကို ကျွန်တော် ပြန်ပြင်ရေးလိုက်မယ်လေ"

"ညီမြမာနဲ့ သူနဲ့ ဘာမှ မပတ်သက်ပါဘူးနော်"

ကျွန်တော်က နတ်သမီးကို ရယ်မောရင်း ကတိပေးရသည်။

"စိတ်ချပါ မီးရဲ့. . .၊ ကျွန်တော်က မီးတစ်ယောက်တည်းပဲ ချစ်တာပါ"

နတ်သမီးသည် ကျွန်တော့်စကားကြောင့် ရှက်သွားသလို ခေါင်းကို ငုံ့၏။ ပြန်မော့လာတော့ သူ့မျက်နှာသည် ပန်းရောင်သွေးများဖြင့် လှပနေသည်။

"ခုနတုန်းက မီး. . . သူ့ကို အော်လိုက်မိတာ စိတ်မဆိုးနဲ့နော်၊ တကယ်ဆို မီးနဲ့သူက ရည်းစားတွေမှ မဟုတ်သေးဘဲ၊ မီး. . . အဲဒီလိုမျိုးကြီး မလုပ်သင့်ဘူးနော်"

"ရပါတယ် မီးရဲ့. . . ရည်းစားတွေလို့ပဲ သဘောထားလိုက်ပေါ့"

"ဖြစ်မလား. . . မနေ့တုန်းကမှ ရည်းစားစကားပြောတဲ့ဟာကို. . .၊ လူလည်လာမကျနဲ့"

ကျွန်တော်သည် သူ့စကား၏အဓိပ္ပာယ်ကြောင့် ကြည်နူးစွာ ရယ်မောမိသည်။ နတ်သမီးက ပြောသည်။

"စက်ရုံရုံးခန်းထဲမှာလေ. . . ဟို Customer ကို စောင့်ရင်း သူ့ဝတ္ထုကို မီး ဖတ်နေတာ၊ ညိုမြာဆိုတဲ့နာမည်ကိုလည်း ဖတ်မိရော မီး. . . သိပ်ဝမ်းနည်းတာပဲ သိလား"

ထိုစဉ်မှာပင် ဘတ်(စ်)ကားသည် ယုဇနပလာဇာရှေ့ကို ရောက်လာ၏။ ကျွန်တော်က နတ်သမီး၏ ဝမ်းနည်းနေမှုကို ယုဇနပလာဇာထဲရောက်မှ ချော့ရသည်။

"မီးရယ်. . . ကျွန်တော်နဲ့ညိုမြာနဲ့က ရိုးရိုးသူငယ်ချင်းတွေပါ၊ မယုံရင် ညိုမြာနဲ့ မီးကို မိတ်ဆက်ပေးမယ်၊ အဲဒီကျတော့ မီး ခန့်မှန်းကြည့်နိုင်တာပေါ့"

"ဟာ. . . မိတ်မဆက်ချင်ပါဘူး။ အဓိပ္ပာယ်မရှိတာ၊ ယောက်ျားတစ်ယောက်အတွက်နဲ့ မိန်းကလေးအချင်းချင်း အဲဒါမျိုး ဘယ်တော့မှ မလုပ်ဘူး"

ထိုခဏ၌ နတ်သမီး၏မာနကို လှစ်ခနဲ ကျွန်တော် အကဲခတ်

ခွင့်ရလိုက်သည်။ နတ်သမီးက ယုဇနပလာဇာထဲတွင် ရှိသော သူ့ Customer များဆီ ဝင်ထွက် သွားလာနေ၏။ ကျွန်တော်ကတော့ တစ်ယောက်တည်း ဟိုဟိုသည်သည် လျှောက်ငေးကြည့်မိသည်။

တစ်နာရီခန့် ကြာသောအခါ ကျွန်တော်လည်း လျှောက်ကြည့်ရတာ ပျင်းလာသည်။ နတ်သမီးသည် ကျွန်တော့်ကို သူ့အလုပ်တွေ လုပ်ရင်း လှမ်းပြုံးပြ၏။ သူ့အပြုံးသည် အားနာမှုများကို သယ်ဆောင်ထားလေသည်။

နတ်သမီး၏ ကိစ္စများပြီးသွားတော့ ကျွန်တော့်ကို သူက စတိုးဆိုင်တစ်ဆိုင်သို့ ခေါ်သွားပြန်သည်။

"မပြီးသေးဘူးလား မီးရဲ့"

"ပြီးပါပြီ. . . အခုဟာက သူ့အတွက် ဘီးတစ်ခု ဝယ်ပေးမလို့လေ"

နတ်သမီးသည် မနေ့တုန်းက သူပြောထားသည့် စကားကို မေ့ထားရကောင်းလားဆိုသည့် သဘောဖြင့် ကျွန်တော့်ကို မျက်စောင်းထိုးသည်။ ပြီးတော့ နတ်သမီးက ဆိုင်ထဲရှိ ဘီးကောင်တာတွင် ကျွန်တော့်အတွက် စိတ်ပါလက်ပါ ဘီးတွေကို ရွေးနေသည်။ နောက်ဆုံးတွင် ငွေမှင်ရောင်နှင့် အနက်ရောင်ကို တွဲဖက်ထားသော ယောက်ျားသုံး ဘီးတစ်ချောင်းကို ရရှိသွားလေသည်။

"ဒီဘီးကို အမြဲဖြီးနော်. . . ဘယ်အချိန်ဖြစ်ဖြစ် ဆံပင်တွေ ပွနေရင်. . . ဖြီး. . . သိလား"

"အင်းပါ မီးရဲ့. . . ဖြီးမှာပေါ့"

"ဩော်. . . သူ့ကို မေးရဦးမယ်။ သူစာရေးရင် ဘယ်နေရာမှာ ရေးသလဲဟင်"

"ကျွန်တော်က ညဘက်ဆို အိမ်မှာပေါ့။ ကိုယ့်အခန်းထဲမှာ

ကိုယ်ရေးတာပဲ။ နေ့ဘက်ဆိုရင်တော့ Main ထဲမှာ သွားရေးတတ်တယ်။ ကန်တင်းမှာဖြစ်ဖြစ်၊ လိုင်ဗရီမှာဖြစ်ဖြစ် အဆင်ပြေသလိုပဲ''

''ဒါဆို နောက်နေ့ သူ ဝတ္ထုရေးတဲ့အခါ မီး ဘေးမှာ တစ်ရက်လောက် အဖော်လိုက်ခဲ့ဦးမယ်''

ကျွန်တော်သည် သူ့စကားကြောင့် ဝမ်းသာသွားပါသည်။

''လိုက်ခဲ့ပေါ့ မီးရဲ့. . . ဒီနေ့ စနေနေ့။ မနက်ဖြန်ဆို တနင်္ဂနွေ။ ကျွန်တော် ကျောင်းထဲမှာ စာသွားရေးမှာ။ မီးလည်း အလုပ်ပိတ်တာပဲ။ ကျွန်တော် မနက်ပိုင်း မီးတို့လမ်းထိပ်မှာ လာခေါ်မယ်''

''အင်း. . . လာခေါ်လေ''

နတ်သမီးသည် တစ်ခုခုကို စဉ်းစားနေပုံရသည်။ ခဏကြာတော့ သူက ကျွန်တော့်ကို မေးပါသည်။

''အခုလို. . . မီး Marketing ဆင်းတာကို လျှောက်လိုက်နေတော့ သူ စာမရေးရဘူးပေါ့ ဟုတ်လား''

''အဲဒီလိုတော့ မဟုတ်ပါဘူး။ ဒီရက်ပိုင်းတွေကျတော့ ညဘက်အိမ်မှာရေးတယ်လေ။ ကျွန်တော် စာရေးဖြစ်ပါတယ်''

သူက ကျွန်တော့်စကားကြောင့် နောက်ထပ် ဘာမှ မပြောတော့ချေ။ ကျွန်တော်တို့၏ ဘဝများသည် ထိုကဲ့သို့ တိတ်ဆိတ်သွားသည့်အခါများတွင် ပျင်းစရာဖြစ်လာမလားဟု ကျွန်တော် သံသယရှိမိသည်။

နောင် စနေနေ့များတွင်လည်း ကျွန်တော်တို့ အတူတူ Marketing ဆင်းဖြစ်ကြသည်။ ကျွန်တော့်အတွက်တော့ ထိုစနေနေ့များသည် ရင်ခုန်ဖွယ်ရာ စနေနေ့တွေဖြစ်သည်။

''မီးနဲ့ Marketing လိုက်ဆင်းရတာ တစ်ယောက်တည်းစိတ်မညစ်ဘူးလား''

"ဟင့်အင်း. . . မညစ်ပါဘူး"

"အင်းပေါ့လေ. . . အစဆိုတော့လည်း ဒီလိုပဲပေါ့"

ကျွန်တော်နှင့်ပတ်သက်၍ နတ်သမီးသည် အဆုံးကိုလည်း ကြိုတင်မျှော်လင့်ထားကောင်း ထားခဲ့ပေလိမ့်မည်။

■

## ( ၁၀ )

ရာသီမှာ ဖေဖော်ဝါရီနှင့် မတ်လကြားရှိ နွေဦးရာသီဖြစ်သည်။ မြင်သမျှအရာအားလုံးသည် ဒီလိုအချိန်တွင် လှပစွာ စိမ်းစိုနေတတ်သည်။

တနင်္ဂနွေနေ့ဖြစ်သောကြောင့် ရန်ကုန်တက္ကသိုလ်ဝင်းတစ်ခုလုံးသည် လူသူနည်းပါးစွာဖြင့် အေးအေးဆေးဆေး ရှိသည်။ နွေဦးငှက်အော်သံတို့မှာ ကျွန်တော့်အတွက် ကဗျာတွေ၊ သီချင်းတွေ ဖြစ်နေ၏။

အဓိပတိလမ်း၏ ရှုခင်းသည် ကျွန်တော့်ဘေးနားတွင် နတ်သမီးပါလာသည့်အတွက် ပိုလှနေသလိုပင် ခံစားရသည်။ လမ်းဘေးတစ်ဘက်တစ်ချက်စီတွင် ပေါက်ရောက်နေသော သစ်ပင်အားလုံးသည် လတ်ဆတ်သည့် အစိမ်းနုရောင်တွေ ဖြစ်နေကြ၏။ နတ်သမီးသည် ဒီနေ့မှ

နှုတ်ခမ်းနီဆိုးမထားဘဲ သူ့နှုတ်ခမ်းတွေကို မူရင်းအတိုင်း ကျွန်တော် မြင်ဖူးခြင်းဖြစ်ပါသည်။

"မီးတို့အဝေးသင်တွေ ဒီကျောင်းထဲမှာ ကျောင်းတက်ရတာ တော့. . . သူ. . . သိလား"

"မသိဘူး"

နတ်သမီးသည် နှုတ်ခမ်းကို ကိုက်ပြ၏။

"မနောက်နဲ့နော်. . . ဒီကျောင်းထဲမှာ အဝေးသင်တွေ ကျောင်း တက်ရတယ်လို့ ပြောပြီးပြီပဲ. . . သိတာပေါ့။ သိလားဆိုတာက စကားပြောတာ အကျင့်ပါနေလို့"

ကျွန်တော်က ချေပစကားပြောနေသော နတ်သမီးကို ကြည့် ကာ ရယ်မောနေခဲ့သည်။ ထိုအခါ လှပသည့် မျက်စောင်းလေးတွေက လှစ်ခနဲ ရောက်လာသည်။ ကျွန်တော် ဝမ်းသာရင်ခုန်သွားပေမယ့် ထပ် မရယ်ရဲ။ တော်ကြာ စိတ်ကောက်သွားမှာ စိုးရလေသည်။

"မီး. . . ကျွန်တော်တို့ ဝိဇ္ဇာကန်တင်းမှာ ထိုင်ရအောင်လေ"

"အင်း. . . ကောင်းသားပဲ။ မီးက သံဘူးသောက်ချင်နေတာ။ ဒီကျောင်းထဲရောက်ရင် မီးက သံဘူးသောက်နေကျ"

ဒီလိုနှင့် ကျွန်တော်တို့ ဝိဇ္ဇာကန်တင်းသို့ ရောက်လာခဲ့သည်။ ဝိဇ္ဇာကန်တင်းသည် တနင်္ဂနွေမို့ ဆိုင်ခန်းများအားလုံး စုံအောင် ဖွင့်သည် မဟုတ်ဘဲ ဆိုင်တချို့သာ ဖွင့်ထားကြ၏။ ကျွန်တော်က နတ်သမီး သံဘူး သောက်၍ အဆင်ပြေစေရန် ယမ်းဘီလူးအအေးဆိုင်ကိုပဲ ရွေးချယ်လိုက် ပါသည်။

နတ်သမီးက ဟိုဟိုသည်သည် စပ်စုအကဲခတ်နေချိန်တွင် ကျွန် တော်က သူ့အတွက် သံဘူးမှာပေးရ၏။

"မီး. . . ဘာတွေလျှောက်ကြည့်နေတာလဲ"

"ဒီလိုပါပဲ. . . ငှက်တွေ၊ သစ်ပင်တွေပေါ့။ မီးက ဆယ့်နှစ်လရာသီမှာ ဒီအချိန်ကို အချစ်ဆုံးပဲ။ နွေဦးအချိန်လေ"

ကျွန်တော်သည် သူ့စကားသံတို့၏ ချိုမြသော ဆွဲဆောင်မှုကို အထူးအံ့ဩလျက်ရှိလေသည်။ နတ်သမီးက ရောက်လာသော သံဘူးခွက်ကို ကျကျနန ပိုက်နှင့်စုပ်နေ၏။

"ကဲ. . . စာရေးဆရာ. . . စာရေးတော့လေ။ ဒီမှာ မီးက သူစာဘယ်လိုရေးသလဲ သိချင်လို့"

"ဒီလိုပဲ. . . ဘောလ်ပင်နဲ့ စာအုပ်နဲ့ ရေးတာပေါ့ မီးရဲ့။ ဘာထူးဆန်းလို့လဲ"

သူက ရယ်ကျဲကျဲနှင့်. . .

"အဲဒါတော့ သိတာပေါ့ကွ။ မီးက သူ စာရေးလိုက်၊ စဉ်းစားလိုက် လုပ်နေတာကို မြင်ဖူးချင်လို့"

နတ်သမီး၏ ချစ်စရာကောင်းသော တောင်းဆိုမှုကြောင့် ကျွန်တော်က သူ့ရှေ့မှာ စာရေးပြရတော့သည်။ သူသည် သံဘူးသောက်လိုက်၊ ကျွန်တော့်ကို ကြည့်လိုက်၊ ငှက်အော်သံများကို နားထောင်လိုက်နှင့် တစ်ယောက်တည်း အဆင်ပြေနေ၏။

ကျွန်တော်ကလည်း သူ ရှိနေသည်ကို မေ့ထားပြီး ရေးလက်စဝတ္ထုကို ဆက်ရေးနေရသည်။ အပြာရောင်ကောင်းကင်အောက်မှာ ဒီလိုသာ ချစ်ဖို့ကောင်းသည့် နတ်သမီးနှင့် ငြိမ်းငြိမ်းချမ်းချမ်း နေရလျှင် ကျွန်တော့်အဖို့ ဘာလိုအပ်ဦးမည်နည်း။

ကျွန်တော်သည် ဝတ္ထုကို တစ်ကြောင်း၊ နှစ်ကြောင်းခန့် ရေးပြီး ဆက်ရေး၍ မရတော့ပေ။ ရှေ့တွင်ရှိသော သူ့ကိုသာ ခိုးကြည့်ချင်နေမိ၏။

"မီးက အခုလို နှုတ်ခမ်းနီမဆိုးဘဲထားတော့ ပိုလှတယ် သိလား"

ကျွန်တော်က စကားအဆုံးတွင် သူပြောသလို 'သိလား' ဟု လိုက်ပြောကြည့်မိသည်။ သူက ဘာမှပြန်မပြောဘဲ ကျွန်တော့်ကို ပြုံးပြသည်။ ထိုအခါ သူ့အောက်နှုတ်ခမ်းသားပေါ်တွင် သေချာကြည့်မှ မြင်ရနိုင်သော မှဲ့သေးသေးတစ်လုံး တွေ့ရပါသည်။

"ဘာဖြစ်လို့ မီးကို ဒီလောက်ငေးကြည့်နေတာလဲ။ ဒီမှာ မနေတတ်တော့ဘူး"

"ဩော်. . . မီးများ ဒီနေ့ ကျွန်တော့်ကို အဖြေပေးချင်မလားလို့ပါ"

"အံမယ်. . . လူလည်လာမကျနဲ့"

သူက အော်ရင်း ကျွန်တော့်ချဉ်းကပ်မှုကို ကာကွယ်လေသည်။

"ကဲကဲ. . . စစ်တုရင်ကစားမယ်။ အရုပ်တွေ ထုတ်ပါ"

နတ်သမီးသည် သူ့ဆီမှ မရမက အဖြေတောင်းမည့်စိုးသဖြင့် ကျွန်တော့်အာရုံများကို စစ်တုရင်ကစားပွဲသို့ လွှဲပြောင်းခြင်းဟု ထင်ရပါသည်။ နောက်တော့ ကျွန်တော်လည်း စစ်တုရင်ပွဲကို ကစားရန် ပြင်ဆင်ရ၏။

"စစ်တုရင်မှာ Opening က အရေးကြီးတယ်။ ကမ္ဘာ့ချန်ပီယံတွေ အကုန်လုံးမှာ ကိုယ်ပိုင် Opening တွေ ရှိကြတယ်။ ပုံသေကစားကွက်တွေမှာ"

သူသည် ကစားနေရင်းက စစ်တုရင်အကြောင်းပြောကာ ကျွန်တော့်ကို သင်ပေးသည်။ သူ့လက်ကလေးတွေကို ငေးကြည့်ကာ ရင်ခုန်မိပြန်၏။ နတ်သမီးဘက်မှ အနက်ရောင် စစ်တုရင်ရုပ်လေးများသည် အချိန်တန်တော့ ထုံးစံအတိုင်း ကျွန်တော့်ကို အနိုင်ယူသွားခဲ့ကြသည်။

"ကဲ. . . နောက်တစ်ပွဲပေါ့။ မီးကို နိုင်အောင် ကစားနော်"

ကျွန်တော့်ကို သူက မခံချင်အောင် ရိလေသည်။ ထိုသို့ဖြင့် ယမ်းဘီလူးအအေးဆိုင်တွင် သူနှင့် ကျွန်တော်တို့ ဒုတိယပွဲကို စတင်ကြသည်။

ဒီတစ်ပွဲတွင် ကျွန်တော်က သူ့ကို ဦးဆောင်တိုက်စစ်ဆင်လိုက်ပါသည်။ တိုက်စစ်ကစားနေရင်းမှပင် ခံစစ်ကိုလည်း လုံအောင်တည်ဆောက်ရ၏။ ကျွန်တော့် အဖြူရုပ်ကလေးတွေသည် ဒီတစ်ခါတော့ နတ်သမီး၏ ဘုရင်ကို ကောင်းစွာ ခြိမ်းခြောက်ကစားနိုင်လေသည်။

ကျွန်တော်သည် ပွဲစတင်သည့်အချိန်မှစ၍ ပိုင်ပိုင်နိုင်နိုင် ဖိကစားနေရင်း နတ်သမီး၏ အဓိကမြင်းရုပ်တွေကို အကောင်လဲ ကစားပစ်လိုက်နိုင်ခဲ့၏။ သူသည် အနည်းငယ်မျှ ပျာယာခတ်သွားသော်လည်း ချက်ချင်းပင် သူ့ Double Bishops များက ကျွန်တော့်ကို အလုပ်ပေးတော့သည်။ ပြီးတော့ သူ၏ ကြောက်စရာ (Pawn)ပွန်းရွေ့ကွက်များ။

ကျွန်တော်လည်း ရရှိထားသည့် အသာစီးကွက်များကို မေ့ပစ်လိုက်ရပြီး လုံးဝမထင်မှတ်ထားသော သူ့ Counter- Attack ကို ပြန်လည်ခုခံရပြန်သည်။ ကျွန်တော့်ဘုရင်သည် အတော်လုံခြုံနေသည်ဖြစ်ရာ ရှုံးမှာကိုတော့ လောလောဆယ် မပူရသေးပေ။

ဥဩငှက်၏ အော်သံက နွေဦးရာသီနှင့် လိုက်ဖက်လွန်းသည်။ ထိုအခြေအနေမျိုးတွင် နတ်သမီးကဲ့သို့ လှလှပပ ကောင်မလေးတစ်ယောက်၏ ကြောက်စရာကောင်းသော စစ်တုရင် ကစားကွက်များသည် ကျွန်တော့်အတွက် အဓိပ္ပာယ်တစ်မျိုး ဖြစ်နေသည်။ စစ်တုရင်ခုံပေါ်တွင် သူ၏ စဉ်းစားတွေးခေါ်နေသည့် မျက်လုံးများသည် ကျွန်တော်ချစ်သော နတ်သမီးမဟုတ်တော့။ ရန်သူ့ကို ချေမှုန်းမည့် စစ်သူကြီးတစ်ယောက်၏ ပါးနပ်ထက်မြက်မှုတွေသာ သူ့မျက်နှာတွင် ကျွန်တော် ရှာတွေ့သည်။

ကစားပွဲ၏ အဆုံးသတ်ပိုင်းတွင် ကျွန်တော်က အနည်းငယ်

ပြန်၍ အသာစီးရသွားသည်။ Ending ပိုင်းသည် ပို၍ ရင်ခုန်ဖို့ကောင်းသော စွန့်စားခြင်းတွေ ဖြစ်နေခဲ့၏။ နတ်သမီးသည် (Promotion) ရာထူးတိုးခါနီး ကျွန်တော့် (Pawn) ပွန်းရုပ်ကို သူ့(Bishop) ဘုန်းကြီးဖြင့် အမှတ်မထင် လဲကစားသွားသောကြောင့် ကျွန်တော် မျှော်လင့်ချက်တွေ ပျက်စီးသွားပြန်သည်။

နောက်ဆုံးတော့ ဒီပွဲကို သရေပွဲအဖြစ်သာ အဆုံးသတ်ခဲ့ရ၏။ နတ်သမီးက ကျွန်တော့်ကို လေးလေးစားစားပင် ချီးကျူးပါသည်။

"သူ. . . တကယ်တော်တယ် သိလား။ မီး. . . သရေဖြစ်အောင် မနည်းလုပ်ခဲ့ရတာ"

ကျွန်တော်ကတော့ ဒီလောက်အပြင်းအထန် အားထုတ်ကြိုးပမ်းထားသည့်ပွဲမှာ သရေကျသွားသဖြင့် ကိုယ့်ကိုယ်ကို မကျေမနပ်ဖြစ်မိ၏။ စစ်တုရင်ကစားခြင်းနှင့် ပတ်သက်၍ နတ်သမီး၏ ဉာဏ်အဆင့်နှင့် ကျွမ်းကျင်မှုသည် ယခုအချိန်အထိတော့ ကျွန်တော့်ထက် အများကြီး သာလွန်နေသေးသည်။

"မီးကို ဒီနေ့ တစ်ခါပဲ ကျွန်တော် သရေကစားနိုင်သေးတယ်နော်"

ကျွန်တော်က အဲဒီလို မချင့်မရဲပြောတော့ နတ်သမီးက ရယ်သည်။

"ဒီလိုပဲပေါ့ကွယ်. . . သူက ဉာဏ်ကောင်းတာပဲ။ နောက်တော့ မီးကို နိုင်လာမှာပေါ့"

သူ့စကားကို ကျွန်တော် ဘာမှ ပြန်မပြောဖြစ်ပေ။ ကျွန်တော်တို့ စစ်တုရင်ပွဲကို သိမ်းလိုက်ကြပြီး ကျောင်းဝင်းထဲတွင် ဟိုဟိုသည်သည် လျှောက်ကြည့်ဖြစ်ကြသည်။ နွေဦး၏ အရှိန်အဝါအောက်တွင် နတ်သမီးက တကယ့်ကို ချစ်စရာကောင်းမလေးတစ်ယောက် ဖြစ်သည်။

ကျွန်တော်တို့နှစ်ယောက် သွားရင်းနှင့် ဘွဲ့နှင်းသဘင်ခန်းမ၏ အပေါ်ဘက် အနည်းငယ် လူပြတ်သောနေရာသို့ ရောက်လာကြ၏။ ထိုနေရာတွင် ကျောက်လမ်းဟောင်းလေးနှင့် လူတွေ အသုံးမပြုတာ ကြာပြီဖြစ်သော ရေပန်းအပျက်ကြီးတစ်ခုရှိသည်။ ကျွန်တော်တို့နှစ်ယောက်သည် မည်သည့်အကြောင်းအရာကိုမဆို မေ့ထားကြကာ ပျော်ရွှင်နေကြတော့သည်။

နတ်သမီးက အပြေးတစ်ပိုင်းနှင့် ထိုရေပန်းဟောင်းကြီး၏ ဘောင်ပေါ်တွင် သွားထိုင်သည်။ အနီးတစ်ဝိုက်ရှိ သက်ကယ်ပင် အစိမ်းရောင်တွေက လှပလွန်းသည်။ ကျွန်တော်က ဆော့ကစားချင်စိတ် သက်သက်ဖြင့် သက်ကယ်ပင် ဆယ်ပင်လောက်ကို နုတ်လိုက်ပါ၏။

ပြီးတော့ သက်ကယ်ပင်တစ်ပင်ကို ကျွန်တော့်နဖူးတွင် ချည်နှောင်လိုက်သည်။ ထိုအခါ နတ်သမီးက သရော်လိုသော သဘောဖြင့် ရယ်လေသည်။

''ရယ်မနေနဲ့. . . မီးကိုလည်း တစ်ခုချည်ပေးမယ်''

ပြောပြီး ကျွန်တော်က သူ့နဖူးတွင်လည်း ကျွန်တော့်နဖူးမှာကဲ့သို့ သက်ကယ်ပင်တစ်ပင်ကို ချည်ပေးလိုက်သည်။ သူသည် ငြိမ်သက်ကာ ကျွန်တော့်ကို ကြည့်နေ၏။

''မီး. . . ကျွန်တော့်ကို အဖြေ ပြန်ပေးတော့မှာလားဟင်''

''အံမယ်. . . လာပြန်ပြီ. . . ဒါပဲပြောနေတာပဲ. . . မီး. . . စိတ်ညစ်လာပြီနော်''

တကယ်တော့ နတ်သမီးမျက်နှာပေါ်တွင် စိတ်ညစ်သည့် အရိပ်အယောင်မျှပင် ကျွန်တော် မတွေ့ရပါ။

''မီးက ဘယ်လောက်ထိအောင် စဉ်းစားနေဦးမှာလဲ''

''ကြိုက်သလောက် စဉ်းစားမှာ''

သူက ကျွန်တော့်ကိုကြည့်ကာ ရယ်နေပြန်သည်။ ကျွန်တော်က မျက်နှာကို ရှုံ့မဲ့ရင်း လက်ထဲတွင် ကျန်သေးသော သက်ကယ်ပင်များကို မြားပစ်နေမိသည်။

"လက်ရှမယ်နော်"

နတ်သမီးက စိုးရိမ်စွာ သတိပေး၏။ ကျွန်တော်က ဂရုမစိုက်ဘဲ လက်ကို တမင်သက်သက် သက်ကယ်ရှအောင် မြားဆက်ပစ်နေခဲ့သည်။ အကြောင်းမှာ ကျွန်တော့်လက်တွေ သွေးထွက်လာလျှင် နတ်သမီးများ သနားသွားမလားဆိုသည့် မျှော်လင့်ချက်နှင့် ဖြစ်သည်။

ထိုအချက်ကို နတ်သမီးက ရိပ်မိသည့်အလား အောက်ပါအတိုင်း ပြောလေသည်။

"အေးနော်. . . မီးပြောစကားကို နားမထောင်ဘူး။ လက်မှာ သက်ကယ်ရှရင် သနားမယ်မထင်နဲ့"

ကျွန်တော်လည်း နတ်သမီး၏ ပါးနပ်မှုကို အသိအမှတ်ပြုသည့် အနေဖြင့် သက်ကယ်မြားပစ်ခြင်းကို ရပ်ပစ်လိုက်သည်။

"မီးက ကျွန်တော့်အတွင်းစိတ်ကို သိနေတယ်နော်"

"သိတာပေါ့. . . မီးကိုများ ဘာမှတ်နေလို့လဲ"

"ဟုတ်ပါတယ်. . . မီးကို Fire လို့ မှတ်ပါတယ်"

ထိုအခါ နတ်သမီးက ကျွန်တော့်လက်မောင်းကို လှမ်းရိုက်သည်။

ကျွန်တော်က နာချင်ယောင်ဆောင်ပြီး သူ့လက်ကလေးတွေကို ဖမ်းယူထားလိုက်ပါသည်။ ပထမတော့ သူက ရုန်းသေး၏။ ကျွန်တော့်ဆီတွင် ထိုသို့ ရုန်းမရမှန်း သိသောအခါ နတ်သမီးက ငြိမ်သက်သွားသည်။

ရုတ်တရက် သူ့ဆံပင်တွေဆီမှ ရှန်ပူရနံ့က မွှေးလာလေသည်။

"မီး. . . လက်ကလေးတွေက သေးသေးလေးတွေနော်"

သူက ခေါင်းညိတ်ပြပြီး ကျွန်တော့်ကို ကြည့်ပြန်သည်။

နတ်သမီးက ကျွန်တော့်ခေါင်းတွင် ချည်ထားသော သက်ကယ်ပင်လေးကို ဖြုတ်လိုက်၏။ ပြီးတော့ သူ့ခေါင်းက သက်ကယ်ပင်ကိုလည်း ဖြုတ်သည်။

"လာ. . . ပြန်ကြရအောင်နော်. . . သူက လိမ္မာပါတယ်"

နတ်သမီးသည် တိတ်ဆိတ်သော အခြေအနေကြောင့် သူ. . . ကျွန်တော့်ကို အဖြေပေးလိုက်မိမှာ စိုးရိမ်ဟန်တူသည်။ ကျွန်တော်လည်း သူ့စိုးရိမ်မှုကို သဘောတူလိုက်ပါ၏။

"အင်း. . . ကျွန်တော်တို့ အင်းလျားပေါ်သွားကြတာပေါ့"

သို့သော် ကျွန်တော်သည် သူ့လက်ကလေးတွေကိုတော့ လွှတ်မပေးသေးဘဲ ဆုပ်ကိုင်ထားမိဆဲဖြစ်သည်။ ဘွဲ့နှင်းသဘင်နားရောက်တော့ သူကပြော၏။

"လက်ကိုလွှတ်တော့လေ. . . လူမြင်ကွင်းကြီးထဲ ရောက်လာပြီ"

"ဟာ. . . မီးကလည်း ဘာဖြစ်လဲ။ ကျောင်းဝင်းအပြင် ရောက်တဲ့အထိ ကျွန်တော်မီးလက်ကို ကိုင်ထားမှာပဲ"

"ဩော်. . . ခက်တော့တာပဲ"

နတ်သမီးက စိတ်ပျက်သံနှင့် ထိုသို့ပြောခဲ့သော်လည်း ကျွန်တော့်တောင်းဆိုမှုကိုတော့ လိုက်လျောခဲ့ပါသည်။ ကျွန်တော်က သူ့လက်ကလေးကိုတွဲပြီး ကျောင်းဝင်းထဲမှာ လမ်းလျှောက်မိနေ၏။

"မီးကို. . . ကျွန်တော် သိပ်ချစ်တာပဲ"

သူက ကျွန်တော့်စကားကြောင့် အဝေးကိုငေးနေရာမှ လှည့်ကြည့်ပါသည်။

"ချစ်တယ်ဆိုတာ ဘာလဲ။ ကဲ. . . စာရေးဆရာ ဖြေပါ"

နတ်သမီးက သူ၏ လှပသော မျက်တောင်ကော့ကော့လေးတွေ

ကို ပုတ်ခတ်ပုတ်ခတ် လုပ်ရင်းမေးသည်။

"စာရေးဆရာ ဖော်ဖော်အောင်ကတော့. . . ချစ်တယ်ဆိုတာ လက်ချင်းတွဲပြီး ရည်ရွယ်ချက်မရှိဘဲ လမ်းလျှောက်ခြင်းတစ်မျိုးပဲတဲ့၊ အခု ကျွန်တော်တို့လိုပဲပေါ့"

နတ်သမီးသည် သူ့မျက်နှာကို မဲ့ရင်း လှပစွာ ရယ်လေသည်။

"သူက သိပ်စကားတတ်တာပဲ. . . သိလား"

"မသိဘူး"

"အို. . . "

သူသည် ကျွန်တော့်နောက်ပြောင်မှုကြောင့် သည်းထန်စွာ ရယ်မောနေတော့သည်။ ကျွန်တော်က သူ့လက်ကလေးကို ပိုမိုတင်းကျပ်စွာ ဆုပ်ကိုင်ထားရင်း အီကိုဘက်မှ အင်းလျားကန်ဘောင်ပေါ်ကို ဆက်လျှောက်လာသည်။

"မီးလက်ကို ကိုင်ထားပြီး မီးဆီက အဖြေရအောင် မြှူဆွယ်တယ်"

နတ်သမီးက လမ်းလျှောက်နေရင်းမှ ထိုသို့ ချစ်စဖွယ် စွပ်စွဲသေး၏။ ကျွန်တော်က ဘာမှ ပြန်မပြောဘဲ မသိချင်ယောင်ဆောင်ရသည်။ ထိုအချိန်မှာပင် ကျွန်တော်တို့ အင်းလျားလမ်းမပေါ်ကို ရောက်လာခဲ့ကြသည်။ ကျောင်းဝင်းအပြင်ကို ရောက်လာပြီ ဖြစ်သဖြင့် ကျွန်တော်က ကတိအတိုင်း သူ့လက်ကိုလွှတ်ပေးလိုက်ပါသည်။

အဲ့ဒီတော့ နတ်သမီးက သဘောကျစွာ ပြုံးသည်။ ထို့နောက် ကျွန်တော်တို့သည် အင်းလျား ကန်ဘောင်အတိုင်း လမ်းလျှောက် လာခဲ့ကြ၏။ တနင်္ဂနွေနေ့မို့ အင်းလျားကန်ဘောင်ပေါ်တွင် လူတွေ စည်ကားနေလေသည်။ အချိန်က ညနေစောင်းချိန်ဖြစ်သောကြောင့် ပတ်ဝန်းကျင်၏ သာယာလှပမှုကို နတ်သမီးက မက်မောစွာ ငေးကြည့်နေခဲ့၏။

ထိုစဉ် ကျွန်တော့်ကို မှတ်မိကြသော ကျောင်းသား အုပ်စုက အော်ဟစ်နှုတ်ဆက်တော့ နတ်သမီးက ရှက်သွားသေးသည်။

ကျွန်တော့်ကိုလည်း 'သူ လူသိသိပ်များတာပဲ' ဟု အပြစ်တင်၏။

"သူတို့နဲ့က ကျောင်းထဲမှာ မျက်မှန်းတန်းမိကြတာပါ။ သိပ်မသိပါဘူး. . . မီးရဲ့"

ကျွန်တော့်စကားကြောင့် နတ်သမီးသည် ဘာမှ မပြောတော့ဘဲ ပြုံးပြသည်။ ကျွန်တော်တို့ စကားမပြောဖြစ်ကြဘဲ ကိုယ့်အတွေးနဲ့ကိုယ် လမ်းလျှောက်လာခဲ့ကြ၏။ ရုတ်တရက် သူ့ဆီမှ စကားသံတွေ ထွက်လာသည်။

"ဟယ်. . . မီးမေ့သွားတယ်တော့"

"ဘာမေ့သွားတာလဲ"

"ဩော်. . . ကျောင်းထဲမှာ ဒီအချိန်ဆို ကံ့ကော်ပန်းတွေ ပွင့်နေပြီ မဟုတ်လား။ အဲ့ဒါ. . . မီးက ကျောင်းထဲရောက်တုန်း ကံ့ကော်ပန်း ဝယ်မလို့၊ အခုမေ့သွားပြီ"

"နောက်နေ့တွေကျရင် ကျွန်တော် ဝယ်လာခဲ့ပေးမယ်လေ။ မီးက ကံ့ကော်ပန်းကြိုက်လို့လား"

"မကြိုက်ဘူး၊ မီးက ဘာပန်းမှ မကြိုက်ဘူး၊ အခုဟာက ကံ့ကော်ပန်းရဲ့ ဝတ်ဆံတွေကို အခြောက်လှန်းပြီး သနပ်ခါးနဲ့ ရောလိမ်းဖို့လေ၊ သူက မိတ်တွေပျောက်တယ်၊ လူလည်းအေးတယ်"

ကျွန်တော့်မှာ တစ်ခါမှ မကြားဖူးသည့် မိန်းကလေးပညာဖြစ်သောကြောင့် သူ့စကားတွေကိုပဲ ငြိမ်ငြိမ်လေး နားထောင်နေရသည်။ တဖြည်းဖြည်းနှင့် ကျွန်တော်တို့ လမ်းလျှောက်လာကြတာ ကန်ဘောင်၏ အဆုံးပိုင်းသို့ ရောက်လာ၏။

"မီး. . . ညောင်းနေပြီ၊ လာ ဒီအုတ်ခုံလေးမှာ ခဏထိုင်ရအောင်"

ကျွန်တော်လည်း သူ ညွှန်ပြသော အုတ်ခုံလေးမှာ ဝင်ထိုင်ရသည်။ အင်းလျားညနေခင်းသည် နေဝင်ချိန်မို့ လှပလွန်း၏။ နှုတ်ခမ်းနီ ဆိုးမထားသည့် သူ့နှုတ်ခမ်းလေးတွေမှာ ပန်းရောင်ရင့်နေသည်ဟု ကျွန်တော်ထင်သည်။

"ဩော်. . . မေ့နေလိုက်တာ၊ ဒီနေ့ သူ့ကို လက်ပတ်ကလေး မချည်ပေးရသေးဘူး"

သူကပြောမှ ကျွန်တော်လည်း သတိရသွားပြီး လက်ပတ်ကလေးကို ကျောပိုးအိတ်ထဲမှ ထုတ်လိုက်ပါသည်။ နောက်တော့ သူက ထုံးစံအတိုင်း လက်ပတ်ကလေးကို ကျွန်တော့်လက်မှာ သေချာချည်ပေး၏။

ထိုစဉ်မှာပင် ကျွန်တော်က သူ့လက်ကလေးတွေကို ဆုပ်ကိုင်လိုက်မိသည်။ နတ်သမီးက ညင်သာစွာ မော့ကြည့်သည်မှလွဲ၍ မရုန်းပါ။

"မီး ဆံပင်လေးတွေက သိပ်မွှေးတာပဲ၊ ကျွန်တော် နမ်းကြည့်မယ်နော်"

ပြောပြောဆိုဆို ကျွန်တော်သည် နတ်သမီး၏ ဆံပင်ဖျားလေးတွေကို နမ်းကြည့်မိသည်။ ထိုအခါ သူကခေါင်းကို ငုံ့လိုက်ပြီး ငြိမ်သက်သွား၏။ နောက်တော့ နတ်သမီးဆီက ခပ်တိုးတိုးအသံထွက်လာသည်။

"ညာတာပါတေးနဲ့. . . လက်ကိုလည်း ကိုင်တယ်၊ ဆံပင်တွေလည်း နမ်းတယ်"

ကျွန်တော်က ရယ်မောရင်း. . .

"ကျွန်တော်နဲ့ မီးက ရည်းစားတွေ ဖြစ်သွားကြပြီပဲ မီးရဲ့"

"ဟုတ်လို့လား"

"သိပ်ဟုတ်တာပေါ့"

ကျွန်တော်သည် ရုတ်တရက် နတ်သမီး၏ ဘယ်ဘက်မခုံးပေါ်ကို သိုင်းဖက်လိုက်မိသည်။ သူက ဘာမှ မပြောဘဲ ကျွန်တော့်ကို ခပ်စောင်းစောင်း လှည့်ကြည့်ပါသည်။ ညနေခင်း ဆည်းဆာထဲတွင် ငှက်ကလေးများက လှပစွာ ပျံဝဲနေကြ၏။ ကျွန်တော့်ရင်ခွင်ထဲတွင် ရောက်နေသော နတ်သမီးကို ကျွန်တော်က အားပေးသလို ပြုံးပြလိုက်မိသည်။

"အခုလိုကြီး ဖြစ်သွားကြတာဆိုတော့ မီးတို့ရည်းစားတွေဖြစ်သွားကြလို့ပေါ့နော်"

"ဒါပေါ့. . . မီးရဲ့"

"သိပ်စိတ်ညစ်တာပဲ. . . အရင်လို သူငယ်ချင်းတွေ ပြန်ဖြစ်လို့မရဘူးလား"

ကျွန်တော်သည် သူ့စကားတွေကို ရယ်ချင်စိတ်နှင့်သာ တုံ့ပြန်မိ၏။

"ဘယ်ရတော့မှာလဲ မီးရဲ့. . . မရဘူး"

နတ်သမီးက ကျွန်တော့်စကားကြောင့် နှုတ်ခမ်းကို ကိုက်ပြီး ကျွန်တော့် လက်ဖျံကို မနာကျင်အောင် ခပ်သာသာလေး ဆွဲဆိတ်ပါသည်။ ပြီးတော့ နတ်သမီးသည် အင်းလျားရေပြင် အစပ်ကို ကျွန်တော့်ရင်ခွင်ထဲမှ ချောင်းကြည့်နေလေသည်။

"ကို. . ."

ကျွန်တော်သည် နတ်သမီး၏ အခေါ်အဝေါ်ကြောင့် အံ့သြသွားမိသည်။ သူ့စိတ်ကူးစိတ်သန်းလေးကိုလည်း ချစ်သွားပါသည်။

"မီးက ကျွန်တော့်ကို 'ကို' လို့ခေါ်တာ ဟုတ်လား"

သူက ခေါင်းညိတ်ပြ၏။

"အင်း. . . ကောင်းတယ်၊ ဒါဆို. . . ကျွန်တော်လည်း မီးနဲ့

စကားပြောရင် ကိုလို့ပဲပြောတော့မယ်''

ကျွန်တော်က အဲ့ဒီလိုပြောတော့ နတ်သမီးက အကြောင်းမဲ့ ရှက်နေပြန်သည်။

''ကို. . . မနက်ဖြန်ကျရင် မနက်ပိုင်းလမ်းထိပ်မှာ လာမကြို နဲ့၊ ကျော်ကျော်နဲ့အတူ အပြင်ထွက်ရမှာ ကိစ္စတစ်ခုရှိလို့၊ ညနေကျမှပဲ အရင်လို ရုံးဆင်းချိန်ကို လာခဲ့လေ''

''ဟာ. . . လာမှာပဲ ကျော်ကျော်က အေးဆေးပါ၊ ယောက်ဖ လေးက မသိပါဘူး မီးရဲ့''

''အမယ်လေး. . . သိတယ်၊ကို့ကို မီးမပြောရသေးဘူး၊ မနေ့ တုန်းက မီးတို့ကို ယုဇနပလာဇာမှာ ကျော်ကျော်က မြင်သွားတယ် တော့၊ အိမ်ပြန်ရောက်တော့ အဲ့ဒါဘယ်သူလဲတဲ့. . . မေးတယ်''

''ဟုတ်လား. . . အဲ့ဒီတော့ မီးက ဘာပြန်ပြောလိုက်သလဲ''

''ဘာမှ မပြောပါဘူး၊ နင် နားမလည်ပါဘူးဆိုပြီး မီးက အိပ် ခန်းထဲပြေးဝင်တာပေါ့''

''ဩော်. . . မီးကလည်း အဲဒီလိုမလုပ်ရဘူး၊ ဘာဖြစ်လဲ. . . ကျော်ကျော့်ကို အဲဒါ ငါကြိတ်ပိုးနေတဲ့ ကောင်လေးဆိုပြီး ပြောလိုက် ပေါ့''

ထိုအခါ နတ်သမီးသည် ကျွန်တော့်လက်ဖျံလေးကို ဒီနေ့အဖို့ ဒုတိယအကြိမ် ဆွဲဆိတ်ပါသည်။ ကျွန်တော်၏ စိတ်ကောက်နတ်သမီး သည် ထူးထူးခြားခြား ဒီနေ့မှ စိတ်မကောက်ဘဲရှိ၏။

နောက်တော့ ကျွန်တော်တို့နှစ်ယောက်သား တိတ်ဆိတ်စွာ အင်းလျားရေပြင်မှ စိမ်းမှောင်သော ရှုခင်းတွေကို ကြည့်နေမိကြသည်။ အချိန်သည် တလွင့်လွင့်နှင့် ညနေခင်းဆီမှ ညဦးပိုင်းကို ကူးပြောင်းလာ ခဲ့သည်။

နတ်သမီးသည် ကျွန်တော်ပခုံးကိုမှီလျက် ဘာတွေစဉ်းစားနေသလဲဆိုတာကိုတော့ ကျွန်တော်မသိချင်ပါ။ သူ့ Customer တွေနှင့် စစ်တုရင် ကစားကွက်တွေက ကျွန်တော့်ထက် ပိုအရေးမကြီးဟု သူက ခံယူထားလျှင်တော့ နတ်သမီး၏ စဉ်းစားမှုတွေက ကျွန်တော့်အကြောင်းတွေပဲ ဖြစ်ရမည်။

ရုတ်တရက် နတ်သမီးသည် ငြိမ်သက်နေရာမှ ပြန်ဖို့ အချိန်ကို သတိရသွားပြီး နာရီကို ကြည့်လိုက်သည်။

"ကို. . . မီးတို့ပြန်ကြရအောင်လေ၊ ဒီမှာ ရှစ်နာရီတောင် ကျော်နေပြီ"

ကျွန်တော်က ခေါင်းညိတ်ပြကာ ထိုင်ရာမှ ထရသည်။ ထိုစဉ် အလွန်အံ့သြစရာကောင်းသော နတ်သမီး၏ စိုးရိမ်စိတ်နှင့် ရယ်စရာကောင်းသော သူ့စိတ်ကို ကျွန်တော်တွေ့ရလေသည်။

"ကို. . . မီးအိမ်ပြန်နောက်ကျနေပြီ၊ အမေများ ဆူမလား မသိဘူး"

"မဆူလောက်ပါဘူး မီးရဲ့"

ကျွန်တော့်မှာ ပြောသာပြောရသော်လည်း သူ့အိမ်အကြောင်း ဘာမှသိသူ မဟုတ်ပါ။

"ဟာ. . . ဟုတ်ပြီ၊ မီးသတိရပြီ၊ ကို. . . မီးပြောတဲ့အတိုင်း လုပ်နော်"

ကျွန်တော်က ဘာမှန်းမသိပဲ ခေါင်းညိတ်ပြမိ၏။

"ကို. . . အသက်အောင့်ထားပြီး မီးကျောကုန်းကို ခုနစ်ချက် တိတိ ပုတ်ပေးပါ"

"ဘာ. . . ဘယ်လို"

"ဒီလို. . . ကိုရဲ့၊ ဟိုတစ်ခါ. . . မနိုင်ပြောပြတာ ကြားဖူးတယ်။

ရည်းစားနဲ့ သွားလို့ အိမ်ပြန်နောက်ကျရင် ကိုယ့်ရည်းစားကို အသက်အောင့်ပြီး ကျောခုနစ်ချက် ပုတ်နိုင်းတဲ့၊ အမေ အဆူမခံရဘူးတဲ့''

ကျွန်တော့်မှာ နတ်သမီး၏စကားကို မနည်းရယ်ချင်သွားသော်လည်း သူ့ကိုတော့ မလှောင်ရက်ပါ။ သူ့အလိုကျ သူ့ကျောကို ခုနစ်ချက် ပုတ်ပေးဖို့လည်း သဘောတူလိုက်၏။

''ကို. . . အသက်လုံးဝမရှူနဲ့နော်''

''အင်းပါ. . . မီးရဲ့''

''တစ်. . . နှစ်. . . သုံး. . . လေး''

သူ့ကြောပြင်နှင့် ကျွန်တော့်လက်ဖဝါး၏ အထိအတွေ့ကို ကျွန်တော် ဘာနဲ့မှ မလဲနိုင်ပါ။

ညင်သာငြိမ်သက်သော ချစ်ခြင်းမေတ္တာတရားနှင့် ကျွန်တော်တို့၏ ရည်းစားဘဝသည် ထိုသို့စတင်ခဲ့လေသည်။

■

( ၁၁ )

ကျွန်တော်နှင့် နတ်သမီးတို့၏ နောက်ထပ်နေ့စွဲများသည် တစ်ယောက်ကိုတစ်ယောက်က အလေးအနက်ရှိသော ဆွဲဆောင်ခြင်းများဖြစ်သည်။ အမြဲမဖြစ်နိုင်သည့် ပျော်ရွှင်မှုဆိုသည်မှာ ကျွန်တော်တို့နှစ်ယောက်အတွက်တော့ ခြွင်းချက်ဖြစ်သည်။

ကျွန်တော်တို့၏ ရည်းစားဘဝသည် တခြားရည်းစားများကဲ့သို့ ပန်းခြံများ၊ ရုပ်ရှင်ရုံများတွင် အချိန်ကုန်ကြသည် မဟုတ်ဘဲ သူ့ Marketing ဆင်းနေချိန်များ၊ စစ်တုရင်ပွဲများ၊ ကျွန်တော့်ဝတ္ထုတွေအကြောင်း သူ့ကို ပြောပြနေချိန်များဖြင့်သာ ကုန်လွန်ခဲ့ကြ၏။ တဖြည်းဖြည်းနှင့် ကျွန်တော့်စစ်တုရင် ကစားကွက်တွေသည်လည်း အဆင့်မြင့်လာသည်။ နတ်သမီးဆီတွင် စစ်တုရင်ပညာမှာ ကျွန်တော့်အတွက်

သင်ယူလေ့ကျင့်၍ မကုန်ပေ။ နောက်ပိုင်း သူနှင့်ကစားသော ပွဲများသည် သရေကျတာများလာ၏။ သုံးပွဲကစားလျှင် နှစ်ပွဲ သရေဖြစ်သည်။ သို့သော် တစ်ပွဲကတော့ ကျွန်တော်ရှုံးနေဆဲပင်။

ကျွန်တော်တို့နှစ်ယောက်၏ ပြိုင်ပွဲသက်တမ်းတစ်လျှောက်လုံးတွင် နတ်သမီးကို တစ်ခါမှ ကျွန်တော်မနိုင်ဖူးပါ။ တဖြည်းဖြည်းနှင့် ကျွန်တော်တိုးတက်လာသည်။ သရေပွဲတွေ ဆက်တိုက်ဖြစ်ပြီး အနိုင်အရှုံးမပေါ်သောနေ့တွေပင် ရှိလာသည်။ နတ်သမီးကို ကျွန်တော်က တန်းတူကစားနိုင်လာ၏။ ကျွန်တော်၏ စစ်တုရင်အဆင့်သည် သူနှင့် သိပ်မကွာတော့ဟု ဆိုရမည်။

ဒီနေ့တော့ နတ်သမီး ကျွန်တော့်ကို တစ်ပွဲမှ အနိုင်မရသေးသဖြင့် မျက်နှာထား ခပ်တည်တည် ဖြစ်နေသည်။ ဒါပေမဲ့ သူက ဒီကိစ္စကြောင့်တော့ဟု မပြောပေ။ စိတ်ကောက်ဖို့ အခွင့်အလမ်းကိုသာ နတ်သမီးက ချောင်းနေလေသည်။

ကျွန်တော်ကလည်း သူ့အကြံအစည်ကို သိထားနှင့်ပြီးမို့ သတိထားရသည်။ ထုံးစံအတိုင်း နတ်သမီးက ကျွန်တော့်ကို လက်ပတ်ကြိုးလေး ချည်ပေးပြီးသောအခါ ထိုသို့ပြောပါသည်။

"ကို. . . စစ်တုရင်ပွဲကို သိမ်းလိုက်တော့မယ်၊ ဒီနေ့ ပွဲတိုင်း သရေဖြစ်နေတာ"

"မီးက ညံ့တာကိုး. . . ကိုယ့်တပည့်ကိုတောင် ကိုယ်မနိုင်ဘဲနဲ့"

ထိုအခါ နတ်သမီးက ရယ်ရင်းပြောသည်။

"ကိုက တပည့်ဆိုပေမယ့် တော်တာကိုးကွ၊ ဒါပေမဲ့. . . ကိုလည်း မီးကို တစ်ခါမှ မနိုင်ဖူးဘဲနဲ့"

"ဒါပေမဲ့ မီးရယ်. . . မီးက ဆရာပဲဥစ္စာ၊ ဒီတော့ ကိုက မီးသိက္ခာမကျအောင် လျှော့ပေးရတာပေါ့"

"အံမယ်. . . မနိုင်ရင် မနိုင်ဘူးပေါ့. . . လာလုပ်မနေနဲ့"

ပြောပြီး နတ်သမီးက ရယ်ပြန်သည်။ J' DONUTS ဆိုင်တွင် လူတွေ စည်ကားနေချိန်မို့ သူ့ကို တိုးတိုးရယ်ဖို့ သတိပေးရ၏။

"မီး. . . ဗိုက်ဆာနေသေးလား။ ကိုတော့ ဆာနေပြီ"

"အင်း. . . ဆာတယ်"

"ဒါဆိုခဏနေဦး။ ကို. . . မုန့်ဝယ်လိုက်ဦးမယ်"

ကျွန်တော်က ထပြီး သူစားနေကျ လိမ္မော်ဒိုးနပ်နှစ်ခု ထပ်ဝယ်ပေးရသည်။ ထိုအချိန်တွင် J' DONUTS ဆိုင်ရှိ T.V ၌ ဘောလုံးပွဲတစ်ပွဲ လာနေသည်ကို လူတွေက ဝိုင်းကြည့်လျက်ရှိသည်။ ပေါ်တူဂီနှင့် ဟော်လန် ကစားသည့်ပွဲဖြစ်၏။ နတ်သမီးကလည်း အများနည်းတူ မုန့်စားလိုက်၊ ဘောလုံးပွဲကြည့်လိုက် လုပ်နေသည်။

"မီးက ဘောလုံးပွဲ ကြိုက်သလားဟင်"

"မကြိုက်ပါဘူး"

"ဒါဖြင့် ဘာဖြစ်လို့ ကြည့်နေတာလဲ"

"ဩော်. . . ကိုကလည်း အဲဒီပွဲမှာ မီးကြိုက်တဲ့ ဘောလုံးသမား ပါတယ်လေ"

"ဘယ်သူလဲ"

"ကို. . . ခန့်မှန်းကြည့်ပါလား"

နာမည်ကြီး ဟော်လန်နှင့် ပေါ်တူဂီပွဲကို ကြည့်ရင်း ဘယ်သူတွေ ခြေစွမ်းပြနေကြသလဲ ဆိုတာကို ကျွန်တော် အကဲခတ်ရ၏။ ဟော်လန်ကဆိုရင် ကလူးဗတ်၊ အဂ္ဂါဒေးဗစ်၊ ဖန်ဒန်. . . ပေါ်တူဂီက ဆိုရင်တော့ ဖီဂိုတစ်ယောက်သာ ခြေပေါ်သည်။ အနေအထားအရလည်း ဟော်လန်က ပေါ်တူဂီကို ဖိထားချိန်ဖြစ်သည်။

ကျွန်တော်သည် ထိုဘောလုံးသမားများထဲမှ ဟော်လန်က

ဇန်ဒန်ကို ရွေးချယ်လိုက်ပါသည်။

"ဇန်ဒန်လား"

"ဇန်ဒန်. . . ဟုတ်လား၊ ဇန်ဒန် ဆိုတာ ဘယ်သူလဲ"

နတ်သမီးသည် ကျွန်တော်ပြောသော ဇန်ဒန်ကိုတောင် မသိပေ။ ကျွန်တော်က ဇန်ဒန်ကို ပြရ၏။

"ဟိုမှာတွေ့လား. . . မီး ဟော်လန်ဘက်က ကျောနံပါတ် ခုနစ်"

"အင်း. . . တွေ့ပြီ. . . တွေ့ပြီ. . . သူက သိပ်လည်း မချောပါဘူး ကိုရဲ့၊ မီး ကြိုက်တာက ပေါ်တူဂီဘက်က နံပါတ်ရှစ်၊ ဂိုမတ်(စ်)ကို ကြိုက်တာ"

"နူနိုဂိုမတ်(စ်)လား"

"ဟုတ်မှာပေါ့. . . သူ့နာမည်ကို မီးက အပြည့်အစုံ မသိဘူး၊ သူ့ပုံစံက အသည်းယားစရာလေးနော်. . . ကို. . . တွေ့လား"

ကျွန်တော့်မှာ နတ်သမီးကြောင့် ကမ္ဘာ့ပြောင်းရွှေ့ကြေး အကြီးဆုံးဘောလုံးသမားကြီး ဖီဂိုကိုပင် အားနာသွားမိသည်။

"ကို. . . မီးကို အဲဒီ ဂိုမတ်(စ်)အကြောင်း သိသလောက် ပြောပြပါ"

"နူနိုဂိုမတ်(စ်)က အသက်အစိတ်လောက်ရှိပြီ၊ ရှေ့တန်းကစားတယ်၊ သူ့ကလပ်က ဖီအိုရင်တီးနားမှာ. . . ကိုလည်း ဒါပဲသိတယ်"

ထို့နောက် ဂိုမတ်(စ်)အကြောင်းလည်း ပြောပြီးရော နတ်သမီး၏ စားလက်စ မုန့်တွေလည်း ကုန်သွားခဲ့သည်။ ကျွန်တော်တို့လည်း I'DONUTS မှ ထွက်လာခဲ့ပြီး ဘယ်သွားရမှန်းမသိသေးချေ။

"မီး. . . ကို့အိမ်လိုက်ခဲ့မလား"

"ကို့အိမ်မှာ ဘယ်သူတွေရှိလဲ"

"မေမေနဲ့ ညီမလေးပဲရှိတာ. . ."

"တကယ်နော်"

"တကယ်ပေါ့. . . မီးကို လိမ်ပြောရမှာလား"

"ပြီးရော. . . ဒါဆိုလိုက်ခဲ့မယ်"

ကျွန်တော်တို့လည်း သွားစရာနေရာကို စဉ်းစားပြီး သွားကြပြဖြစ်သဖြင့် အင်းစိန်ကားမှတ်တိုင်ဆီသို့ ဦးတည်လိုက်ကြသည်။ နတ်သမီးသည် ဘာကိုမှ အမှုမထားဟန်ဖြင့် ပေါ့ပါးနေလေ၏။ နောက်တော့ ကျွန်တော်တို့သည် သုခလမ်းကို ကားစီးကြရပြန်သည်။

ဒီအချိန်သည် နတ်သမီး၏ Marketing ဆင်းနေချိန်မို့ ကိုဇော်ကြီးနှင့် သူ့မိတ်ဆွေတွေ မမြင်ရအောင်လည်း သတိထားရသေးသည်။ ဒီလိုမှ မဟုတ်ဘဲ မတော်တဆတွေ့သွားလျှင် ကျွန်တော်ပါ မကောင်းဖြစ်မည်။ အလုပ်ချိန်မှာမို့ ကျွန်တော်တို့၏ ကိုယ်ရေးကိုယ်တာ ခရီးကို ကိုဇော်ကြီး မသိစေချင်ပါ။

"ကို. . ."

နတ်သမီး၏ ကျွန်တော့်ကို 'ကို' ဟုခေါ်လိုက်သည့် ထိုအသံသည် ကျွန်တော်တို့၏ ရဲရင့်သော အမှတ်တရ တစ်ခုဖြစ်ခဲ့သည်။ သူ့မျက်လုံးဝိုင်းဝိုင်းလေးတွေသည် ကျွန်တော့်ကို မမိုတ်မသုန် စိုက်ကြည့်နေသည်။

"ဘာပြောမလို့လဲ မီး. . . ပြောလေ"

"ကို့အိမ်မှာ ဘာစာအုပ်တွေ ရှိလဲဟင်၊ အဲဒါ မီး သိချင်လို့"

ထိုစကားကြောင့် ကျွန်တော် ခေါင်းယမ်းလိုက်မိသည်။ နတ်သမီး၏ ပထမရည်ရွယ်ချက်သည် ကျွန်တော့်စာအုပ်တွေကို လိုက်ကြည့်ချင်တာ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ပါ။ သို့သော် ကျွန်တော်က အလိုက်သိသူဖြစ်ပါသည်။ သူ့ကို ခက်ခဲစေမည့် စကားတွေ ပြောတတ်သူလည်း မဖြစ်စေရ။

"ကို့အိမ်မှာရှိတဲ့ စာအုပ်တွေကတော့ အများကြီးပဲ မီးရဲ့၊ မီး လိုက်ကြည့်ပေါ့၊ ဖတ်ချင်တာရှိရင် ယူသွားလေ"

ဒီလိုနှင့် ကျွန်တော်တို့နှစ်ယောက် သုခလမ်းရှိ အိမ်ကို ရောက် လာခဲ့ကြသည်။ အိမ်ကိုရောက်တော့ မေမေက မရှိဘဲ သိမ့်သိမ့်နှင့် သူ့ သူငယ်ချင်း တစ်ယောက်သာ ရှိသည်။ စာကျက်နေကြသော သူတို့ သည် နတ်သမီးပါလာတာကို မြင်တော့ ဝမ်းသာနေကြ၏။ သိမ့်သိမ့်က

"ကိုကြီး. . . အဲ့ဒါ နတ်သမီးလား"

ကျွန်တော့်နားကို တိတ်တိတ်လေးကပ်ပြီး မေးနေသော သိမ့်သိမ့် မျက်နှာသည် စပ်စုလိုစိတ်တွေ အပြည့်ဖြစ်သည်။

"အေး. . . ဟုတ်တယ်"

"ခဏနေဦးနော်. . . ကိုကြီး၊ ငါ ကော်ဖီသွားဖျော်လိုက်ဦးမယ်"

ပြောပြီး သူတို့သူငယ်ချင်း နှစ်ယောက်စလုံးမှာ နောက်ဖေး ခန်းထဲသို့ ဝင်သွားကြ၏။

ကျွန်တော်က အလယ်ခန်းတွင်ရှိသော စာအုပ်သေတ္တာကို နတ်သမီးအား ဖွင့်ပြရသည်။ ထိုစာအုပ်သေတ္တာမှာ ကျွန်တော်ကိုယ်တိုင် မဖွင့်မိတာ ခြောက်လခန့်ရှိနေပြီ။ သူက ချတာက်နေသော တချို့စာအုပ် တွေကို ဖုန်ခါရင်း တစ်အုပ်ပြီးတစ်အုပ် ဆက်ကြည့်နေလေသည်။ ကျွန်တော်က ထိုအချိန်မျိုးတွင် သူ့ရှေ့၌ ငြိမ်သက်စွာ ရှိနေပေးရ၏။

ကျွန်တော့်မှာ စိုးရိမ်စိတ်နှင့် တခြားအကြောင်းတစ်ခုကလည်း ရှိနေပေသေးသည်။ တခြားတော့ မဟုတ်ပါ။ ကျွန်တော်က ရည်းစားစာ ဓော့ ဓာတ်ပုံတွေကို စနစ်တကျ သိမ်းထားတတ်သူ မဟုတ်သောကြောင့် နတ်သမီး လှန်ကြည့်လိုက်သည့် စာအုပ်တွေကြားထဲမှာ အရင်ရည်းစား တွေ၏ စာတွေ၊ ဓာတ်ပုံတွေ ထွက်လာမှာကို စိုးရိမ်မိခြင်းဖြစ်သည်။

ထိုစဉ်မှာပင် သိမ့်သိမ့်က ကော်ဖီတစ်ခွက်ကို နတ်သမီးဘေး

နားသို့ လာချပေးသည်။ ဒီတော့ ကျွန်တော်က မိတ်ဆက်ပေးရ၏။

"မီး. . . အဲဒါ ကိုညီမလေးလေ. . . သိမ့်သိမ့်တဲ့"

"သိမ့်သိမ့်. . . ဒါက ကိုကြီးသူငယ်ချင်း မီးမီး"

သူတို့သည် တစ်ယောက်ကိုတစ်ယောက် အပြန်အလှန် ပြုံးပြနေကြသည်။ နတ်သမီးက ကျွန်တော်၏ 'သူငယ်ချင်း' ဟု ရွေးချယ်မိတ်ဆက်ပေးမှုကို သဘောကျသလို ပြုံးသည်။

"သိမ့်သိမ့်. . . မေမေရော"

"မေမေက လမ်းထိပ်က မသီတာတို့နဲ့ မင်္ဂလာဈေးသွားကြတယ် ကိုကြီးရဲ့"

သိမ့်သိမ့်သည် ကျွန်တော့်မေးခွန်းကို ပြန်ဖြေပြီး နောက်ဖေးခန်းထဲရှိ သူငယ်ချင်းဆီကို ပြန်ဝင်သွားသည်။

"မီး. . . လိုချင်တဲ့ စာအုပ်တွေ မှတ်ထားလေ. . . မယူသွားနိုင်ရင် နောက်နေ့. . . ကိုယူလာခဲ့ပေးမယ်လေ"

"အင်း. . . ကောင်းတယ်၊ မီးကို ဒီစာအုပ်တွေ ယူခဲ့ပေးပါ"

နတ်သမီးက ဝတ္ထုတိုပေါင်းချုပ်တချို့နဲ့ အင်္ဂလိပ်ဝတ္ထုတချို့ကို ဆယ်အုပ်ခန့် ရွေးလိုက်ပါသည်။

"ကို. . . စာအုပ်သေတ္တာထဲကို ပရုတ်လုံးလည်း မထည့်ဘူး၊ နောက်နေ့ကျရင် မီး. . . ကို့ကို ပရုတ်လုံးတစ်ထုပ် ဝယ်ပေးမယ်။ ဒီစာအုပ်သေတ္တာထဲမှာ ထည့်ဖို့"

ကျွန်တော်နှင့်ပက်သက်ပြီး နတ်သမီးက ထိုသို့ဂရုတစိုက်ရှိခြင်းကိုတော့ ကျွန်တော့်မှာ ဝမ်းသာရသည်။ နောက်တော့ ကျွန်တော်တို့သည် ဖွထားသော စာအုပ်တွေကို သေတ္တာထဲ ပြန်ထည့်ရ၏။

ပြန်ခါနီးတော့ သိမ့်သိမ့်က နတ်သမီးကို နှုတ်ဆက်ရင်း ကျွန်တော်တို့ကို နောက်သည်။ သူ့အကြည့်တွေက ကျွန်တော့် လက်ပတ်လေး

ဆီမှာဖြစ်သည်။

"ကိုကြီး. . . အဲဒီလက်ပတ်ကို ဘယ်သူချည်ပေးလဲ"

ထိုအခါ ကျွန်တော်က သိမ့်သိမ့်ကို နှုတ်ခမ်းကိုက်ပြပြီး မာန်ရ၏။ တစ်ဆက်တည်းပင် ရက်သွားသော နတ်သမီးကိုလည်း အကဲခတ်ရသေးသည်။ သူ့ စိတ်ကောက်မှာ မပူရသောအခါမှ ကျွန်တော်တို့အိမ်မှ ထွက်လာခဲ့ကြသည်။ အချိန်မှာ ညနေ (၅) နာရီကျော်နေပြီ ဖြစ်သောကြောင့် နတ်သမီးက ခေတ်ရောင်စုံဂျာနယ်သို့ ပြန်ဖို့ အဆင်မပြေတော့ဘဲ ကိုဇော်ကြီးဆီ ဖုန်းလှမ်းဆက်ကာ အိမ်ကို ပြန်သွားပြီ ဖြစ်ကြောင်း ပြောရသည်။

"မီး. . . အိမ်ပြန်ဖို့ စောနေသေးတယ်၊ ကိုတို့ ဘယ်သွားကြရင် ကောင်းမလဲ"

ထိုအခါတွင် နတ်သမီးဆီမှ ညက်ညောသာယာလွန်းသည့် အဖြေတစ်ခုကို ကျွန်တော်ကြားရလေသည်။

"အင်လျားကန်ဘောင်ပေါ် သွားကြမယ်လေ"

နောက်တော့ ကျွန်တော်တို့ ဓမ္မရုံလမ်းအတိုင်း ပြည်လမ်းမဘက်သို့ ထွက်လာခဲ့ကြ၏။

"မီး. . . ကိုတို့ရည်းစားတွေ ဖြစ်ပြီးကတည်းက မြဝတီဘဏ်ရှေ့က ဆိုင်လေးကို သိပ်မရောက်ဖြစ်တော့ဘူးနော်၊ နောက်နေ့တွေကျရင် အဲဒီမှာ သွားထိုင်ရအောင်နော်"

"အင်း. . . ဟုတ်တယ်၊ အဲဒီဆိုင်ကို မီးတို့ မနက်ဖြန်သွားမယ်၊ မီးလည်း. . . အဲဒီဆိုင်လေးကို ချစ်တယ်"

သူ့အပြောကို ကျွန်တော်က သဘောကျပြီး မက်မောစွာ ရယ်ဖြစ်သည်။ ညနေခင်းမို့ အရာရာသည် လှပနေကြသလို ကျွန်တော်ခံစားရ၏။ ကောင်းကင်အပြာရောင်အောက်တွင် တိမ်တွေက အုပ်စုဖွဲ့နေ

ကြသည်။

တဖြည်းဖြည်းနှင့် ကျွန်တော်တို့ အင်းလျားကန်ဘောင်ဆီသို့ ရောက်လာကြ၏။ ကျွန်တော်တို့ရည်းစားဖြစ်ခဲ့သည့် အုတ်ခုံလေးတွင် တခြားအတွဲက ထိုင်နေသည်မို့ နှစ်ယောက်သား အကြည့်ခြင်းဆုံပြီး ပြုံးမိကြသေးသည်။ ကျွန်တော်က ကန်ဘောင်၏ မြက်ခင်းတစ်နေရာကို ထိုင်ဖို့ရွေးချယ်လိုက်ပါသည်။

"မီး. . . ဒီနေရာလေးမှာ ထိုင်ရအောင်"

နတ်သမီးက ကျွန်တော့်စကားကို သဘောတူကြောင်း ခေါင်းညိတ်ပြသည်။ သူသည် ရေပြင်ပေါ်ရှိ လှိုင်းဂယက်ငယ်ငယ်လေးတွေကို ကြည့်နေပြန်၏။ ခဏကြာတော့ နတ်သမီးသည် ကျွန်တော့်ပခုံးပေါ် ခပ်လျူလျူမှီချလိုက်သည်။ ကျွန်တော်ကလည်း အလိုက်သင့် သူ့ပခုံးတစ်ဖက်ကို ဖက်ထားမိ၏။

လေတွေက ထိုခဏ၌ ငြိမ်နေပြန်သည်။ အဝေးဆီမှ တိမ်တိုက်တို့ကလည်း နေဝင်ချိန်မို့ နီရဲကာနေ၏။

"မီး. . . ကိုတို့နှစ်ယောက် တစ်ယောက်ကိုတစ်ယောက် စိတ်မပျက်ကြေးနော်"

"စိတ်ချပါ ကိုရဲ့. . . ကိုသာ မီးကိုတစ်ယောက်တည်း မထားခဲ့နဲ့"

ပြောပြီး နတ်သမီးက ကျွန်တော့်ရင်ခွင်ထဲကို ပိုမိုတိုးဝင်လာသည်။

"မီး ကိုယ်လုံးက သေးသေးလေးနော်။ ကို့လက်တစ်ဖက်စာတောင်မရှိဘူး"

"ဟုတ်တယ်နော်"

နတ်သမီးက ထိုသို့ ထောက်ခံလိုက်ပြီး ခပ်တိုးတိုးရယ်ပြန်၏။

"မီး. . . ကိုတို့ လက်ထပ်ပြီးရင် ဘယ်မှာနေချင်လဲ"

ကျွန်တော့်စကားကြောင့် နတ်သမီးသည် သဘောကျသွားပြီး ခဏမျှ စဉ်းစားနေ၏။

"လှည်းတန်းဖြစ်ဖြစ်၊ ကျောက်မြောင်းဖြစ်ဖြစ်ပေါ့၊ အဲဒီနေရာတွေကို မီး. . . သဘောကျတယ်"

"တိုက်ခန်းဆို ဘယ်နှစ်ထပ်လောက်မှာ နေချင်လဲ"

"သုံးလွှာလောက်ဆိုရပြီ ပြီးတော့ (၁၈) ပေ အခန်းနော်၊ ကျယ်မှ"

"နောက်ရော. . ."

သူသည် ခဏစဉ်းစားနေပြန်သည်။

"နောက်အခန်းထဲမှာ မွေ့ရာအကြီးကြီးနှစ်ခုကို ထပ်ထားမယ်၊ ခုတင်မထားဘူး. . . သိလား"

"အင်း. . ."

"တကယ်နော်. . . နောက်မှ စာမူခတွေ ကုန်ပါပြီဆိုပြီး အော်မနေနဲ့"

ပြောပြီး ကျွန်တော်တို့နှစ်ယောက်သား ပြိုင်တူ ရယ်လိုက်မိကြသည်။ ဒီအချိန်တွေသည် ကျွန်တော်တို့အတွက် ဘယ်တော့မှ ပြန်မရနိုင်တော့သော ရင်ခုန်စရာ အချိန်တွေ ဖြစ်ခဲ့သည်။

အမှောင်သည် တစ်စတစ်စ ပတ်ဝန်းကျင်ကို ဝါးမျိုလာ၏။ ကျွန်တော်တို့၏ နောက်ထပ်ခံစားမှုများသည် နောင်တစ်ချိန်တွင် ငြင်းခုန်စရာ ဖြစ်လာလိမ့်မည်ဟု အဲဒီတုန်းကတော့ ဘယ်ထင်လိမ့်ဦးမည်နည်း။

ထိုနေ့က ကျွန်တော်တို့ပြန်တော့ အချိန်က ညရှစ်နာရီခန့် ရှိနေပြီ။

"ကို. . . မီးကို အမေ မဆူအောင် လုပ်ပေးပါ"

ကျွန်တော်လည်း ချစ်စဖွယ် နတ်သမီးလေးကို ရွှတ်ချင်လာသည်။

"ကိုလည်း. . . အမေဆူခံရမလား မသိဘူးနော် မီး၊ ကို့ကို အရင်လုပ်ပေး"

ကျွန်တော့်စကားကြောင့် နတ်သမီးက သူ့လက်ဖဝါးသေးသေးလေးတွေဖြင့် ပါးစပ်ကို ကာရင်းရယ်သည်။

"ပြီးရော. . . ကို ဟိုဘက်လှည့်"

နတ်သမီးက အသက်အောင့်ထားပြီး ကျွန်တော့်ကျောပြင်ကို ခုနစ်ချက်တိတိ ပုတ်သည်။ သူပြီးတော့ ကျွန်တော့်အလှည့်ဖြစ်သည်။ ထိုထုံးစံသည် မည်သည့်ယဉ်ကျေးမှုဓလေ့မှန်း ကျွန်တော် မသိသော်လည်း ကျွန်တော်တို့ ရည်းစားဘဝ၏ အိမ်ပြန်ချိန် နှုတ်ဆက်နည်းတစ်မျိုး ဖြစ်တာတော့ သေချာသည်။

အကယ်၍များ မတော်တဆ အင်လျားကန်ဘောင် တစ်နေရာတွင် ထိုသို့ တစ်ယောက်ကျောပြင်ကိုတစ်ယောက် အသက်အောင့်ပြီး ပုတ်ပေးနေကြသော ချစ်သူစုံတွဲကို သင်တွေ့ရပါက ကျွန်တော်တို့စုံတွဲဟုသာ မှတ်ယူထားလိုက်စေလိုပါသည်။

■

## ( ၁၂ )

မြဝတီဘဏ်ရှေ့ရှိ ခုံပုလေးများကိုကြည့်ပြီး နတ်သမီးက ကျွန်တော့်အား သူ့ဝတ်စုံကို လက်ညှိုးထိုးပြ၏။ သူ့ဝတ်စုံမှာ အပြာရောင်ဖြစ်သောကြောင့် ကျွန်တော်က အပြာရောင်ခုံပုလေးကို ရှာပေးရသည်။

"ဆေးဘဲဥသုပ်တစ်ပွဲ၊ ကော်ဖီမစ်နှစ်ခွက်"

ရောက်လာသော စားပွဲထိုးလေးကို နတ်သမီးက မှာနေခြင်းဖြစ်သည်။ ကျွန်တော်က သူ့ကိုသာ မြတ်နိုးစွာ ငေးကြည့်နေမိသည်။

"မီး. . ."

ကျွန်တော့်ခေါ်သံ၏ တည်ငြိမ်မှုကြောင့် နတ်သမီးက ကျွန်တော့်ကို ဂရုတစိုက် လှည့်ကြည့်သည်။

"ဒီမှာ. . . မီးအတွက်"

ကျွန်တော်က ကျောပိုးအိတ်ထဲမှ ကုံကော်ပန်းတွေကို ထုတ်ပေးလိုက်ပါသည်။ နတ်သမီးက ကုံကော်ပန်းတွေကိုမြင်တော့ ဝမ်းသာအံ့သြသွား၏။

"ကိုက သိပ်တော်တာပဲ. . . ဝယ်လာတာလားဟင်"

"ဟင့်အင်း. . . ကို ကိုယ်တိုင်ကောက်ထားတာ"

"ဒါဆို. . . အထူးကျေးဇူးတင်ရမှာပေါ့"

ပြောပြီး နတ်သမီးက သူ့ဘာသာသူ ခပ်ဟဟရယ်သည်။ ကျွန်တော်က ပြုံးပြလိုက်တော့ သူက ဆက်ပြောသည်။

"မီးလေ. . . ဒီနေ့မနက်က ကို့ကို သတိရနေတာ. . . သိလား။ အဲဒါ မနက်အစောကြီး နိုးနေတာတော့၊ နိုးနိုးချင်း. . . အကုန်လုံး တိတ်ဆိတ်နေတာ၊ တဖြည်းဖြည်းနဲ့ လူသံတွေ၊ ကားသံတွေကို ကြားရတယ်။ အဲဒီတော့မှ–မီးက ပြန်အိပ်ပျော်သွားတာပဲ"

နတ်သမီးသည် သူ့အတွေ့အကြုံကို သေချာစွာပြောပြနေသည်။ ကျွန်တော့်ခံစားမှုက ဘာကြောင့်မှန်းမသိဘဲ တစ်မျိုးကြီးဖြစ်နေ၏။

"ကို. . . ဘာဖြစ်နေတာလဲ"

"ဘာမှမဖြစ်ပါဘူး"

"ဘာလဲ. . . မီး စကားတွေများလွန်းလို့ စိတ်ပျက်နေတာလား"

"မဟုတ်ပါဘူး. . . မီးရဲ့"

"ဒါဖြင့်ရင် ကို့မျက်နှာကြီးက ဘယ်လိုဖြစ်နေတာလဲ"

"ကိုက ဒီလိုပါပဲ. . . မျက်နှာက ဘယ်လိုဖြစ်နေလို့လဲ"

"မသိဘူး"

နတ်သမီး၏ လေသံက အနည်းငယ်မာသွားပြီး စိတ်ကောက်သွားပြီဖြစ်ကြောင်း ကျွန်တော် သဘောပေါက်လိုက်သည်။

"မီးကလည်း. . . ကို့ကို စိတ်မကောင်းဖြစ်အောင် မလုပ်

ပါနဲ့ကွာ''

''အို. . . ဘာစိတ်မကောင်းဖြစ်စရာရှိသလဲ။ မီး စိတ်ကောက်နေရင် ကိုက ချော့ပေါ့''

''ကို. . . ဘာဖြစ်တယ်ဆိုတာ မီး မသိပါဘူး''

ထိုအခါတွင် နတ်သမီးသည် မျက်လုံးလေးတွင် ဝိုင်းသွားပြီး ကျွန်တော့်ကို ဂရုတစိုက်နှင့်ကြည့်သည်။ သူ စိတ်ကောက်ဖို့လည်း မေ့သွားပြီ။

''ကို. . . ဘာဖြစ်နေသလဲဟင်''

ကျွန်တော်က သူ့မေးခွန်းကို ပြန်မဖြေဘဲ သူ့ကို ခေါ်လိုက်ပါသည်။

''မီး. . . ''

သူသည် ကျွန်တော့်ကို ငြိမ်ငြိမ်လေး ကြည့်နေသည်။

''ကို့ကို တစ်ယောက်တည်း ဘယ်တော့မှ မထားခဲ့ပါနဲ့နော်''

ရုတ်တရက် နတ်သမီး၏မျက်နှာလေးက ပြုံးသွားပြီး ကျွန်တော့်ကို နောက်သည်။

''စိတ်ချ. . . ကို့ကို တစ်ယောက်တည်း မထားခဲ့ဘူး။ နောက်ထပ် အဖော်တစ်ယောက် ရှာပေးပြီးမှ ထားခဲ့မယ်''

နတ်သမီးသည် ထိုသို့ ကျွန်တော့်လေးနက်မှုများကို ပေါ့ပါးစေသူလည်းဖြစ်သည်။

နောက်တော့ ကျွန်တော့်ကိုသူက လက်ပတ်ကြိုးလေးအား ချည်ပေး၏။

ခဏကြာတော့ စစ်တုရင်ပွဲများဆီ ကျွန်တော်တို့ အာရုံပြောင်းသွားကြသည်။ သူက ကျွန်တော့်ကို အခုချိန်ထိ စစ်တုရင်နှင့်ပတ်သက်သော လိုအပ်ချက်များအား သင်ပေးနေရဆဲဖြစ်သည်။

ဒီနေ့မှ ကျွန်တော့်စိတ်တွေ ယောက်ယက်ခတ်နေပြီး နတ်သမီးကို ပွဲတိုင်းရှုံးသည်။ ပထမပွဲများ၏ အရှုံးသည် ပြဿနာမဟုတ်သော်လည်း နောက်ဆုံးပွဲ၏ အရှုံးမှာတော့ နတ်သမီးအတွက် စိတ်ကောက်စရာ အခွင့်အလမ်းတစ်ခု ဖြစ်သွားသည်။

ဖြစ်ချင်တော့ ကျွန်တော်ကလည်း ကျွန်တော်ပင်။ ဆိုင်ရှေ့တွင် ဖြတ်လျှောက်သွားသော လှတပတ ကောင်မလေးတစ်ယောက်ကို ငေးကြည့်မိသည်။ နတ်သမီးက ဘာမှမပြောသေး။ တစ်ချိန်တည်းမှာ စစ်တုရင်ပွဲ၌ မလုပ်သင့်သော အမှားတစ်ခုကို လုပ်မိ၏။

ထိုအချက်ကြောင့် နတ်သမီးက ပေါက်ကွဲသွားလေသည်။

"မီးရှိနေတာတောင် ဒီလောက်ဖြစ်နေတာ. . . ကွယ်ရာမှာဆိုရင်တော့ တွေးတောင်မတွေးဝံ့ဘူး။ ပြီးတော့ စစ်တုရင်ကို ထင်သလိုလျှောက်ရွှေ့တယ်။ မီး သင်ပေးထားတဲ့ ပညာကိုလည်း အလေးအနက်မထားဘူး။ တော်ပြီ. . . ကို့ကို နောက်တစ်ခါ ဘယ်တော့မှ မသင်ပေးတော့ဘူး"

ပြဿနာက မမျှော်လင့်ဘဲ အမှုကြီးသွား၏။ ကျွန်တော့်မှာ ပြေလည်ရာ ပြေလည်ကြောင်း သူ့ကို မနည်းချော့ရသည်။

"မဟုတ်သေးဘူးလေ မီးရဲ့. . . ကို ဟိုကောင်မလေးကို ကြည့်တယ်ဆိုတာ ဘာမှမဟုတ်ဘူး။ ဝတ္ထုလေး ဘာလေးများ ရမလားလို့ပါ။ သူ့ကို ငေးမိလို့ စစ်တုရင်ရှုံးတာ မဟုတ်ပါဘူး။ မဆိုင်ဘူး. . . သက်သက်စီ"

ပြောကာမှ ပိုဆိုးနေတော့၏။

"ကောင်မလေးတစ်ယောက်ကို. . . ဝတ္ထုရေးဖို့ ကြည့်တယ်ဟုတ်လား။ ဒါဆို မီးကိုရော အရင်က ဝတ္ထုရေးဖို့ လိုက်ကြည့်တာပဲပေါ့"

"ဟာ. . . မဟုတ်. . ."

သို့သော် နောက်ကျသွားပြီဖြစ်ပါသည်။ နတ်သမီးက စိတ်ကောက်ပြီး ထထွက်သွားသည်။ ကျွန်တော်က စစ်တုရင်ရုပ်တွေကို အမြန်သိမ်းရင်း ပိုက်ဆံရှင်းဖို့ပါ တစ်ဆက်တည်း ဆောင်ရွက်ရ၏။

"မီး. . . ခဏနေဦးလေ"

ထိုအခါ နတ်သမီးက ခပ်နှေးနှေးလျှောက်ရင်း ကျွန်တော့်ကို စောင့်ပါသည်။ ကျွန်တော်က မီလာသောအခါ သူ့ကို စစ်တုရင်ဘုတ်ပြားအား ပေးလိုက်မိသည်။ သူက မငြင်းဘဲ ယူထားလိုက်၏။

အဟား. . . ဒါဆို ငါ ဒီနေ့ နတ်သမီးနဲ့ အဆင်ပြန်ပြေဦးမှာပေါ့။ တွေးရင်း ကျွန်တော် ပျော်သွားသည်။ နတ်သမီးသည် ကြာရှည်စွာ စိတ်ကောက်တတ်သူ တစ်ယောက်မဟုတ်ပါ။

(၄၅) ဘတ်(စ်)ကားပေါ်ရောက်တော့ ကျွန်တော်တို့သည် ကားနောက်ဆုံးထိုင်ခုံ၌ နေရာရ၏။

"မီး. . ."

သူက ပြန်မထူးဘဲ ပြတင်းပေါက်မှ အဝေးကြီးကို ငေးကြည့်နေသည်။ ကျွန်တော်က အရဲစွန့်ပြီး သူ့ပခုံးလေးပေါ် လှမ်းဖက်ထားလိုက်မိ၏။ ထို့ပြင် သူ့လက်ကိုလည်း ဆုပ်ကိုင်ထားလိုက်သည်။

ထိုအချိန်တွင် ကျွန်တော် အလွန်မက်မောသော နတ်သမီး၏ မျက်စောင်းလှလှလေးက ဒိုင်းခနဲ ရောက်သွားသည်။ ကျွန်တော့်ရင်တွေ အခုန်မြန်သွား၏။

"ဘယ်လိုဖြစ်နေတာလဲ. . . ကားပေါ်မှာနော်"

"ရပါတယ် မီးရဲ့. . . ကိုတို့ခုံက နောက်ဆုံးပဲဥစ္စာ"

နတ်သမီးသည် ဘာမှမပြောတော့ပေ။ ကျွန်တော်လည်း နတ်သမီး၏ပခုံးကို မလွှတ်တော့ဘဲ ဒီအတိုင်း ခပ်တည်တည် ကားဆက်

စီးလာခဲ့၏။ သူ့ဆံပင်တွေဆီမှ ရှန်ပူရနံ့သည် မပြောင်းလဲစွာ မွှေးရှိ ရှာနေဆဲ။ ခဏမျှကြာတော့ နတ်သမီးသည် တောင့်တင်းစွာ ထိုင်နေရာမှ ကျွန်တော့်ပခုံးစွန်းပေါ်သို့ မှီချလိုက်သည်။

"ကို. . . နောက်တစ်ခါ ကောင်မလေးတွေကို ဝတ္ထုပဲရရ၊ ဘာပဲရရ မကြည့်ရဘူးနော်"

"အင်းပါ. . . မီးရဲ့"

"ကတိနော်. . ."

"ကတိ. . ."

ထိုနေ့က ကားပေါ်မှ ဆင်းခါနီးတွင် နတ်သမီး၏ပါးကို ကျွန်တော် အမှတ်မထင် နမ်းပစ်ခဲ့သည်။

ကျွန်တော့်တွင် ရည်စားတွေ အများကြီး ထားဖူးသည့်အနက် နောက်ဆုံးရည်စားဆိုသည်မှာ ချစ်စရာအကောင်းဆုံးဖြစ်ပါသည်။

■

## ( ၁၃ )

"ဟော့ကောင်. . . ကျော်ဝေ၊ မင်းနဲ့မီးမီး ရည်းစားတွေဖြစ်နေပြီ မဟုတ်လား"

"ဒီလိုပါပဲ မျိုးထူးရာ"

စိုင်းသီဟကပါ မနေနိုင် မထိုင်နိုင် ဝင်ပြောသည်။

"မင်း. . . မငြင်းနဲ့နော် ကျော်ဝေ. . .၊ မင်းတို့ကို ကားပေါ်မှာ ငါကိုယ်တိုင်တွေ့တာ. . . သဘောပေါက်လား"

"ကားပေါ်မှာ. . ."

ကျွန်တော်က တအံ့တဩ ရေရွတ်တော့ စိုင်းသီဟက ပြုံးရင်း ခေါင်းညိတ်ပြသည်။ သူက ဆက်ပြောသည်။

"မင်းတို့ အပြုအမူတွေကို မင်းတို့ပဲ သိမှာပေါ့. . . ကျော်ဝေရာ။

ငါက ငအမှုမဟုတ်ဘဲ''

ကျွန်တော်က ရယ်တော့ မျိုးထူးက 'ဝန်ခံပြီလား' ဟု အကြပ် ကိုင်သည်။ ကျွန်တော်လည်း မထူးတော့ဟု ဆုံးဖြတ်ကာ ခေါင်းညိတ်ပြ ရင်း ဝန်ခံရ၏။

''ကဲ. . . ဒါဆို ဘီယာဆိုင်သွားမယ်''

''ဟာ. . . မျိုးထူးကလည်း လက်ဖက်ရည်လောက်ဆို မရဘူး လား''

''ဘယ်ရမလဲ ကျော်ဝေ၊ ဘီယာဖိုးမပါရင်. . . မင်း မီးမီး အကြောင်းဝတ္ထုတိုတစ်ပုဒ်ရေးထား၊ ဒီမှာ ငါ စာမူခ ကြိုပေးထားမယ်''

မျိုးထူးက တောက်ပမဂ္ဂဇင်း၏ အယ်ဒီတာပီသစွာ ခြိမ်းခြောက်ပြ သည်။ ကျွန်တော် ငြင်းမရတော့။

-''အေး. . . ပြီးရောကွာ''

ဒီလိုနှင့် ကျွန်တော်တို့ သုံးယောက်သား ဘီယာဆိုင်ကို ရောက် လာကြသည်။ မျိုးထူးနှင့် စိုင်းသီဟက ကျွန်တော့်အောင်မြင်မှုဟု အကြောင်းပြကာ မူးအောင်သောက်ကြသည်။ မျိုးထူးက အဆိုးဆုံးဖြစ် ၏။ ကျွန်တော်ကတော့ ကာယကံရှင်ဖြစ်နေ၍ နည်းနည်းမှ မသောက်လျှင် မကောင်းသောကြောင့် ဘီယာနှစ်ခွက်၊ သုံးခွက်လောက် ဝင်သောက်ရ သည်။

ကျွန်တော်တို့ စားပွဲ၌ ဘီယာခွက်တွေ၊ အမြည်းပွဲတွေ၊ မျိုးထူး ၏ အားလေးလျှာလေးအသံများဖြင့် စည်ကားနေ၏။ ထိုစဉ်မှာ ကျွန်တော် ၏ ရီဝေနေသောစိတ်ကို လန့်သွားစေမည့် စကားတစ်ခွန်းကို စိုင်းသီဟ က ပြောလိုက်ပါသည်။

''မင်းတို့ရည်းစားတွေဖြစ်နေတာ ညီမှာ သိသွားပြီလား''

မျိုးထူးက. . .

''ဘာလဲ. . . ဟော့ကောင်၊ ဒီတစ်ယောက်ကိုကျတော့ မင်း ညီမှာနဲ့ ဘာဖြစ်လို့ မိတ်မဆက်ပေးတာလဲ။ မင်း မရိုးသားဘူး ကျော်ဝေ''

''ဟာ. . . မဟုတ်ရပါဘူးကွာ။ မီးက ညီမှာနဲ့ မဆုံချင်ဘူးဆို လို့ပါကွ''

မျိုးထူးသည် အတော်အံ့ဩသွားဟန်ဖြင့် ဇက်ကျိုးနေရာမှ ခေါင်းထောင်လာသည်။ ပြီးတော့ ကျွန်တော့်ကို မေးသည်။

''မီးမီးက ဘာဖြစ်လို့ မဆုံချင်ရတာလဲ''

''အဲဒါတော့ ငါလည်းမသိဘူး''

ကျွန်တော့်အဖြေစကားကို စိုင်းသီဟက သဘောမကျသလို ခေါင်းယမ်းသည်။

''မင်းမှာ ညီမှာ ဆိုတဲ့ သူငယ်ချင်းကောင်မလေးတစ်ယောက် ရှိတယ်ဆိုတာ မီးမီး သိသလား''

''သိတယ်. . . ငါပြောပြထားတာ''

မျိုးထူးက မှုးနေသည့်ကြားမှ သဘောပေါက်စွာ ပြုံးပါသည်။

''ပါးနပ်တဲ့ ယောကျ်ားတွေက ဒီလိုပဲ. . . မိန်းကလေးနှစ် ယောက်စလုံးကို ပုံစံတစ်မျိုးစီနဲ့ တွဲတတ်တယ်။ ဟော့ကောင်. . . မျိုးထူး။ မင်းတို့ငါတို့ ညံ့သေးတယ်ကွ''

စိုင်းသီဟက ကျွန်တော့်ကို ထိုသို့ ပြောင်မြောက်စွာ ခနဲ့လေ သည်။ နောက်ဆုံး ဝိုင်းသိမ်းသည်အထိ သူတို့က နတ်သမီးအကြောင်း ကို မပြောကြ။ ညီမှာ့အကြောင်းတွေကိုသာ ပြောကြ၏။

ကျွန်တော်၏ ချစ်လှစွာသော နတ်သမီးလေးက ဒီအကြောင်း တွေသိလျှင် ကျွန်တော့်ကို စိတ်ကောက်ဦးမှာ သေချာသည်။

■

# ( ၁၄ )

ကျွန်တော်တို့၏ ရည်စားဘဝ၌ သူက ကျွန်တော့်ကို အထူး တောင်းဆိုသည့်ကိစ္စမှာ နှစ်ခုသာရှိပါသည်။ ပထမတစ်ခုက သူ မဟုတ် သော တခြားကောင်မလေးများကို ရင်းနှီးစွာ ရောရောနှောနှော မဆက်ဆံ ဖို့နှင့် ဒုတိယတစ်ခုက သူ့ကို နားလည်စွာ လွတ်လပ်ခွင့်ပေးရေးတို့ ဖြစ်သည်။

တဖြည်းဖြည်းနှင့် ကျွန်တော်သည် သူ့အချစ်များအတွက် အရာ ရာကို စိတ်ခေါ်ရဲသူဖြစ်လာသည်။ နတ်သမီးနှင့် ပတ်သက်သမျှတိုင်း တွင် ကျွန်တော်က ပျော်ပါးနေခြင်းနှင့် တစ်ပြိုင်နက် လေးနက်နေတတ် ၏။

သူ့ Marketing ဆင်းချိန်များသည် သာမန်အားဖြင့် ပူအိုက်၍

စိတ်ပျက်ဖွယ် ဖြစ်သော်လည်း ကျွန်တော်ကတော့ ပျော်သည်။ ခဏမျှ နားချိန်ရောက်လာလျှင် တစ်ဆိုင်ဆိုင်မှာထိုင်ပြီး ကျွန်တော်တို့ မိုက်ဖြည့်ကြရသည်။ ပြီးသောအခါ ကျွန်တော်က နားအေးပါးအေး စာရေးချင်သည်။ ထိုအခါများတွင် ကျွန်တော်က နတ်သမီးဖတ်ဖို့ အသင့်ယူလာသော ဝတ္ထုတိုစာအုပ်များ၊ အက်ဆေးစာအုပ်များကို သူ့အား ဖတ်စေသည်။

"ရော့. . . မီး. . . ဒီစာအုပ်ကို ဖတ်နေ"

"ဘာလဲ. . . ကိုက မီး စကားများလို့ ဒီစာအုပ်ကို ဖတ်ခိုင်းထားတာ မဟုတ်လား"

ကျွန်တော့်၏ နတ်သမီးသည် ထိုကဲ့သို့ပင် စိတ်ကောက်ဖို့ အကြောင်းအရာများကို ခဲရာခဲဆစ် ရှာဖွေတတ်သည်။ ဒီလိုမှ စိတ်မကောက်ရသေးဘူးဆိုလျှင်. . .

"ကို. . . မီး ဝယ်ပေးထားတဲ့ဘီးရော"

"ရှိပါတယ် မီးရဲ့. . . ဒီမှာ. . ."

ကျွန်တော်က အဆင်သင့် ကျောပိုးအိတ်ထဲမှ ထုတ်ပြရလေသည်။ သူသည် ဘီးလေးကို ကြည့်ပြီး ရယ်ပြန်၏။

"ကိုက သိပ်တော်တာပဲတော့်၊ မီး စိတ်ကောက်လို့မရအောင် စီစဉ်ထားတတ်တယ်။ ဒါနဲ့ ကို ဒီနေ့ဘာနေ့လဲဟင်"

"နှစ်ဆယ့်လေးရက်နေ့လေ မီးရဲ့"

"ဘာ. . . နှစ်ဆယ့်လေးရက်နေ့လဲ. . . မီးနဲ့ ကိုနဲ့ ရည်စားဖြစ်တာ ဆယ့်ငါးရက်ပြည့်တဲ့နေ့"

ပြောပြီးသည်နှင့် နတ်သမီးသည် ကျွန်တော့်ကို ရုတ်တရက် စိတ်ကောက်သွားတော့သည်။ အစပိုင်းကတော့ ကျွန်တော့်မှာ သူ့မာယာတွေကို မသိဘဲ မကြာခဏ စိတ်ကောက်ခံရ၏။ နောက်ပိုင်းတော့ သူနှင့်

စကားပြောလျှင် တစ်ခွန်းချင်း သတိထားပြောသည်။

သူက လွယ်လွယ်နှင့် စိတ်ကောက်မရသောအခါ ကျွန်တော့်ကို စိတ်တိုလာဟန်တူသည်။

"ကိုနော်. . . မီးမှာ စိတ်ကောက်စရာ အကြောင်းမရှိလည်း စိတ်ကောက်တယ်. . . အခုချော့"

ဘုရား. . . ဘုရား. . . ကျွန်တော့်မှာ ထိုကဲ့သို့လည်း ဘာမှ မဟုတ်တဲ့ဘဲနှင့် ပြဿနာ အလုပ်ခံရတတ်သည်။ တစ်ခါတစ်ရံ အပြန် ဘတ်(စ်)ကားပေါ်မှာ သူ့အလုပ်ဖော် မနိုင်အကြောင်း၊ အလုပ်ရှင် အယ်ဒီတာ ကိုဖော်ကြီးအကြောင်း၊ သူနှင့် နေ့စဉ် ထိတွေ့ဆက်ဆံနေ ရသော Customer များအကြောင်းကို ကျွန်တော် နားငြီးသည်အထိ မရပ်မနား ပြောပြတတ်လေသည်။

သို့သော် ကျွန်တော့်မှာ နားငြီးသည့် အမူအရာကို မပြရဲ၊ ဒါ့ထက် သူ့ကို စိတ်ကောက်ဖို့ အခွင့်အရေးမပေးနိုင်ဟု ဆိုပါက ပိုမှန်ပါလိမ့်မည်။

နတ်သမီးသည် သူ စိတ်လိုလက်ရရှိသောနေ့များတွင် ကျွန်တော် နှင့် နှစ်ယောက်တည်း အင်းလျားမှာ စကားသွားပြောဖို့ သဘောတူတတ် သည်။ ကျွန်တော့်ရင်ခွင်ထဲမှာ မှီတွယ်ရင်း နတ်သမီးက ရေတွေကို ငြိမ်ငြိမ်လေး ထိုင်ကြည့်နေလေ့ရှိသည်။

"ကို. . . မီး ဒီနေရာမှာပဲ အိပ်ပစ်လိုက်ချင်တယ်။ အိမ်တောင် မပြန်ချင်တော့ဘူး. . . သိလား"

ထိုသို့သော စကားမျိုးကို သူကဆိုလာလျှင် ကျွန်တော့်မှာ ရှူးသွပ်စွာ စိတ်လှုပ်ရှားမိသည်။ မြတ်နိုးဖို့ကောင်းသည့် သူ့လက်ဖဝါးသေး သေးလေးတွေကို ဆုပ်ကိုင်ထားရင်း ကျွန်တော့်မှာ ရင်မောစွာ စောင့်ထိန်း ပေးရသည်။

"မီး. . . ကိုတို့လက်ထပ်ပြီးရင် မီးက Marketing လုပ်ဦးမှာ

ပဲလား''

''အဲဒီကျတော့ Marketing မလုပ်တော့ဘူးပေါ့ ကိုရဲ့''

''ဒါဖြင့်. . .''

''စာရေးဆရာကတော်လုပ်မှာ. . .''

ကျွန်တော်တို့နှစ်ယောက်ကြားမှာ ရယ်သံတွေနှင့် သံယောဇဉ်တွေသည် အလွယ်တကူ ရောထွေးသွားပါသည်။

နတ်သမီး၏ ချစ်စရာ စကားသံများကြားမှာ ကျွန်တော် ပျော်ရွှင်စွာ နေသားကျလာခဲ့သည်။ ကျွန်တော့်အချစ်နှင့် အမှန်တရားသည် သူ့အတွက် တန်ဖိုးကြီးမားသော အနာဂတ်တွေဖြစ်သည်။

''ကို. . . မီး မျက်ခုံးမှာ တတ်တူး(Tattoo) ထိုးရင် ကောင်းမလားလို့''

''အာ. . . မထိုးရပါဘူး။ မီးနော်. . . ကျန်တာတွေ လုပ်ချင်လုပ်. . . အဲဒါတစ်ခုတော့ အပြင်းအထန် ကန့်ကွက်တယ်''

''ဘာဖြစ်လို့ ဒီလောက်ကန့်ကွက်နေရတာလဲ ကိုရဲ့''

''ဘာဖြစ်လို့လဲဆိုတော့ ပထမအချက်က မီး နာမှာစိုးလို့၊ ဒုတိယအချက်က အခန့်မသင့်ရင် အန္တရာယ်ရှိတယ်။ မျက်လုံးနားမှာဆိုတော့ စိုးရိမ်ရတယ်။ တတိယအချက်က ပိုက်ဆံတွေ အများကြီးကုန်မယ်။ ပြီးတော့ ကိုက မီးရဲ့ သဘာဝမျက်ခုံးလေးတွေကိုပဲ ချစ်တယ်''

ကျွန်တော့်စကားတွေကို နတ်သမီးက ငြိမ်သက်စွာ နားထောင်နေခဲ့သည်။ ထိုသို့သော ကောင်မလေးမျိုးကို ကျွန်တော်က ဘာအကြောင်းပြချက်မှ မရှိဘဲ ချစ်နေရတာ တော်တော်လူဆန်သည့်ကိစ္စဖြစ်သည်။

အင်းလျားကန်ဘောင်ပေါ်တွင် လမ်းလျှောက်ရင်း ကျွန်တော်တို့ရည်စားတွေဖြစ်ခဲ့သည့် အုတ်ခုံဆီသို့ရောက်လျှင် သူက ကျွန်တော့်ကို လှမ်းကြည့်ပါသည်။

"ဟိုး. . . ရှေးရှေးတုန်းက ကောင်မလေးတစ်ယောက် လမ်းလျှောက်ရင်း ခြေထောက်ညောင်းလို့တဲ့၊ အဲဒီ့အုတ်ခုံလေးမှာ ကောင်လေးတစ်ယောက်နဲ့ ခဏထိုင်သတဲ့. . . သိလား မီး"

နတ်သမီးသည် သူ့ကို ကျွန်တော် စနေမှန်း သိသောအခါ ကျွန်တော့်လက်မောင်းကို လှမ်းရိုက်သည်။

"တော်ပြီနော်. . . ကို"

"မရဘူးကွာ. . . အဲဒီပုံပြင်လေးကိုတော့ ပြီးအောင်ပြောမှာပဲ"

"ပြော. . . ပြော. . . ဒီလောက်ပြောချင်နေရင်. . ."

ထိုအခါ ကျွန်တော်က ပုံပြင်ကို ဆက်ရ၏။

"အဲဒီလို ခြေထောက်ညောင်းလို့ ထိုင်နေရင်း ကောင်မလေးက တစ်နေ့လုံး အဖြေမပေးမိအောင် အတင်းကာကွယ်စောင့်ထိန်းထားတာတွေကို မေ့သွားရော မီးရဲ့"

"ကို. . . နော်"

နတ်သမီးသည် ကျွန်တော့်စကားကို ဆက်မရအောင် အတင်းဟန့်တားသည်။ သူ့တစ်ကိုယ်လုံး အပျော်တွေဖြင့် ပြည့်လျှံနေသည်ဟု ကျွန်တော် ထင်ပါသည်။

ရံဖန်ရံခါတွင် သူက ကျွန်တော့်ရင်ခွင်ထဲမှာ မှီတွယ်ရင်း. . .

"မီးကို ဘာဖြစ်လို့ ချစ်တာလဲ" ဟု မေးသေး၏။

"အဲဒါက ပြောပြလို့မရဘူး မီးရဲ့။ ဆိုပါတော့ကွာ. . . ကိုက မီးရဲ့ မျက်တောင်ကော့ကော့လေးတွေကြောင့် ချစ်တာလို့ ပြန်ဖြေလိုက်ပြီ ထားပါတော့. . . မီးဆီမှာ တကယ်လို့ အဲဒီမျက်တောင်ကော့ကော့လေးတွေ မရှိတော့ဘူးဆိုရင် မချစ်တော့ဘူးဆိုတဲ့သဘော သက်ရောက်သွားပြီ၊ ဘာဖြစ်လို့ ချစ်တာလဲဆိုတာ ဖြေရခက်တော်တော်ခက်တာ မီးရဲ့၊ ကိုကတော့ ချစ်ချင်လို့ကို ချစ်တာ"

သူသည် ထိုအခါများတွင် ကျွန်တော့်မျက်လုံးတွေကို စနစ်တကျ အကဲခတ်နေတတ်သည်။ ကျွန်တော်က နတ်သမီးနှင့်ပတ်သက်ပြီး သာမန် အဖြစ်အပျက်များကိုပင် အမှတ်တရဖြစ်အောင် လေ့ကျင့်ယူတတ်လာ ခဲ့၏။ အပြောင်းအလဲဆိုသည်ကိုလည်း ကျွန်တော်က နားလည်မှု မြင့် မားစွာ ကြိုတင်သိမြင်ခဲ့သူဖြစ်သည်။

နတ်သမီးအကြောင်း စဉ်းစားမိလျှင် ကျွန်တော့်မှာ အလွယ် တကူ ရဲရင့်နေမိသည်။ သူသည် ကျွန်တော့်အတွက် ရဲရင့်မှုတွေကို သယ်ဆောင်လာတတ်သူလည်း ဖြစ်လေသည်။

■

## ( ၁၅ )

ထိုနေ့သည် နတ်သမီးတို့ Marketing ဆင်းရန် မလိုသော အစိုးရ ရုံးပိတ်ရက်တစ်ရက် ဖြစ်၏။ သို့သော် သူက ကျွန်တော့်ကို ဂျာနယ်တိုက်သို့ ဖုန်းဆက်ရန် မှာထားသည်။ ပိတ်ရက်ဖြစ်ပေမယ့် Customer တစ်ယောက်ဆီမှ အကြွေးတောင်းပေးရမည်ဟု ကျွန်တော် သိရ၏။

ကျွန်တော် ဖုန်းဆက်သောအခါ သူက မရောက်သေး။ ကျွန်တော့်မှာ သူနှင့်တွေ့ချင်လာမိသည်။ ဒီဆန္ဒကြောင့်ပင် သုခလမ်းမှ (၃၅)လမ်းသို့ ထွက်လာခဲ့တော့၏။

လမ်းထိပ်က ထိုင်နေကျ လက်ဖက်ရည်ဆိုင်မှာ ထိုင်ရင်း အိုရှင်း စတိုင်နှင့် လမ်းလျှောက်လာမည့် နတ်သမီးကို စောင့်နေမိသည်။

ရုတ်တရက် အဖြူရောင်ကားတစ်စီးက လမ်းထဲသို့ ကွေ့ဝင်သွားသည်

နတ်သမီး. . .။

ဖျတ်ခနဲ ကျွန်တော့် အသိတရားများ လွင့်စင်သွားပြီး သူပါသွ
သော ကားအဖြူရောင်နောက်ကို လိုက်ကြည့်မိ၏။ ကျွန်တော် ထင်ထာ
သည့်အတိုင်းပင် ထိုကားမှာ ခေတ်ရောင်စုံဂျာနယ်တိုက်တည့်တည့်မှ
ရပ်သွား၏။ နတ်သမီးက ကားပေါ်မှဆင်းပြီး ဂျာနယ်တိုက်ပေါ်သို့ တက်
သွားတာမြင်ရသည်။ ဒီအချိန်အထိ ကျွန်တော့်မှာ ဘာကိုမှ သေချာမသိ
သေး။

ကျွန်တော်လည်း လက်ဖက်ရည်ဆိုင်မှ ထကာ ရပ်ထားသော
ထိုကားနားတွင် မယောင်မလည်နှင့် ဆေးပေါ့လိပ်ဝယ်သလို လုပ်နေမိ
၏။

ကားပေါ်တွင် အသားဖြူဖြူနှင့် ပုဂ္ဂိုလ်တစ်ယောက်က သီချင်
နားထောင်ရင်း နတ်သမီးကို စောင့်နေဟန်တူသည်။

သိပ်မကြာခင်မှာ နတ်သမီးက ပြန်ဆင်းလာသည်။ ကျွန်တော်
လည်း သူ မမြင်အောင် အနီးရှိ ကားတစ်စီးနှင့် အမြန်ကွယ်လိုက်ပ
သည်။ နတ်သမီးသည် ဟိုဟိုသည်သည် တစ်ချက်မျှ ကြည့်ပြီး ကားပေ
ပြန်တက်သွားသည်။

သူ ထွက်သွားသောအခါ ဘာကြောင့်မှန်းမသိဘဲ ကျွန်တော့်
မှာ ဝမ်းနည်းလာသည်။ ရင်ထဲမှာလည်း မောနေလေသည်။

ကျောပိုးအိတ်ထဲမှာ အမြဲပါနေကျ စစ်တုရင်ရုပ်ကလေးတွေက
ကျွန်တော် စမ်းကြည့်လိုက်မိသည်။ ပြီးတော့ သူပတ်ပေးနေကျ လက်ပတ်
ကြိုးလေး. . .။ ကျွန်တော် နာကျင်စွာ ဖုန်းထပ်ဆက်ကြည့်ဖို့ ကြိုးစာ
သေးသည်။ ကိုဇော်ကြီး၏မိန်းမ မကေခိုင်က မီးမီး ပြန်သွားပြီဟု
ဖုန်းထဲမှာပြော၏။

ဒီနေ့အဖို့ ကျွန်တော့်မျှော်လင့်ချက်များကို ထုပ်ပိုးသိမ်းဆည်းပြီး နောက်ဆုံးတော့ ကျွန်တော် ပြန်လာခဲ့ရသည်။

စိတ်ထဲတွင်လည်း သူ့ Customer တစ်ယောက်ပဲ ဖြစ်မှာပါဟု ဖြေတွေး တွေးနေသော်လည်း ကျွန်တော့်ခံစားမှုကို မကာကွယ်နိုင်ပါ။ ဒါသည် နတ်သမီးကို ကျွန်တော် မဟုတ်သော သူစိမ်းယောကျ်ား တစ်ယောက်နှင့် ပထမဆုံးအကြိမ် ယှဉ်တွဲတွေ့ရခြင်း ဖြစ်လေသည်။

■

## ( ၁၆ )

ဒီနေ့နဲ့ပါဆိုလျှင် ကျွန်တော်နဲ့ နတ်သမီး မတွေ့ရတာ နှစ်ရက်ရှိပြီ။ ကျွန်တော်လည်း သူ့ဆီဖုန်းမဆက်ဖြစ်သဖြင့် အဆက်အသွယ်မရ။ ဂျာနယ်တိုက်နှင့်အနီးတစ်ပိုက်၌ နတ်သမီးတို့ Marketing အဖွဲ့ကို အဝေးမှ တွေ့ရပေမယ့် ကျွန်တော့်မှာလည်း နယ်မှ ကဗျာဆရာ သူငယ်ချင်းများ ရောက်နေသည့်အတွက် အလုပ်နည်းနည်း ရှုပ်နေသည်။

သို့သော် ကျွန်တော်က သူပြန်လာနေကျအချိန်များတွင်တော့ နတ်သမီးအား မျှော်လင့်မိသည်။ ထိုရက်များအတွင်း သူသည် ပြန်နေကျလမ်းအတိုင်း မပြန်ဟု ကျွန်တော် ထင်သည်။

နတ်သမီးသည် တဖြည်းဖြည်း ကျွန်တော်နှင့် ဝေးကွာစပြုလာပြီဟု ခံစားရ၏။ မြင်ရသောအရာရာမှာ မှုန်ဝါးနေတော့သည်။

ဒီနေ့ ညနေရုံးဆင်းချိန်မှာတော့ သူ့ကို တွေ့ဖြစ်အောင် တွေ့ရမည်ဟု ကျွန်တော် စဉ်းစားထားလိုက်သည်။

ညနေ ရုံးဆင်းချိန်ရောက်တော့ ကျွန်တော်က လမ်းထိပ်မှာပင် စောင့်မနေဘဲ ဂျာနယ်တိုက်အောက်တည့်တည့်မှာ စောင့်နေခဲ့၏။ ဂျာနယ်တိုက်ပေါ်မှ ဆင်းလာသော နတ်သမီးသည် ရုတ်တရက် ကျွန်တော့်ကို မြင်လျှင် အရင်လိုပင် မထူးဆန်းစွာ ပြုံးပြသည်။

"ကို. . . မတွေ့ဖြစ်တာတောင်ကြာပြီနော်"

"အင်း. . . ဟုတ်တယ်"

"ဘာလဲ. . . အခု ကိုက မီးကို ပြန်ဖို့လာခေါ်တာလား"

"ဟုတ်တယ်လေ. . . ဘာဖြစ်လို့လဲ"

ကျွန်တော့်မေးခွန်းကြောင့် နတ်သမီးသည် တစ်ခုခုကို ပြန်ပြောဖို့ ခက်ခဲနေသလို ဖြစ်နေသည်။ ခဏကြာမှ. . .

"ဒီနေ့. . . မီး ကိုနဲ့ ပြန်မလိုက်တော့ဘူး။ လူတစ်ယောက်နဲ့ ချိန်းထားလို့။ အဲဒါ နောက်နေ့မှ မီးတို့ တွေ့ကြရအောင်လေ"

"ဘယ်ကလူလဲ။ ဘာကိစ္စလဲ။ မီး Customer ပဲလား"

"မဟုတ်ဘူး. . . Customer မဟုတ်ဘူး။ နောက်မှ အဲဒီတစ်ယောက်အကြောင်း ပြောပြမယ်။ မနက်ဖြန်မနက် မီးတို့လမ်းထိပ်မှာ လာခေါ်။ ဒီနေ့တော့ ဆောရီးပဲကွာ။ နော်. . . ကို"

ကျွန်တော်သည် နတ်သမီးအတွက်ဆို အစစအရာရာ အလိုက်သိတတ်သူဖြစ်ပါသည်။

"ကောင်းပြီလေ. . . ဒါဆို ကိုတို့ မနက်ဖြန် တွေ့ကြတာပေါ့"

"နေဦး ကို. . . မီး လက်ပတ်လေး ချည်ပေးခဲ့မယ်"

နတ်သမီးသည် ဒီလိုအချိန်အခါမျိုးတွင်ပင် ကျွန်တော်တို့၏ အမှတ်တရများကို မမေ့လျော့သူဖြစ်သည်။ သူသည် ကျွန်တော် ထုတ်

ပေးသော လက်ပတ်လေးကို သေချာချည်ပေးသည်။

"မီး. . . ဒီနေ့အဖို့ ကျောကုန်းကို ပုတ်ပေးဖို့ လိုသေးလား"

"ဟင့်အင်း. . . မလိုဘူး။ ဒီနေ့ မီး အိမ်ပြန်နောက်ကျမှာ မဟုတ်ဘူး။ အိမ်ကို တန်းပြန်မှာ"

"ဟုတ်ပြီ. . . ဟုတ်ပြီ။ ဒါဆို. . . ကို သွားတော့မယ်"

ထိုအခါ သူက ခေါင်းညိတ်ပြ၏။ ကျွန်တော်သည် ခံစားမှုတို့ကို ဥပေက္ခာပြု၍ သူထက်အရင်ဦးအောင် ထိုနေရာမှ လှည့်ထွက်လာခဲ့သည်။ နောက် (၃၅)လမ်းထိပ်မှာ တစ်ယောက်တည်း ထိုင်ရင်း နတ်သမီးနှင့် ပတ်သက်သော ဖြစ်နိုင်ချေများကို လျှောက်စဉ်းစားနေမိသည်။

ထိုစဉ်မှာ မျိုးထူးနှင့်စိုင်းသီဟတို့ ရောက်လာကြသည်။ ငေးငိုင်နေသော ကျွန်တော့်ကိုမြင်တော့ မျိုးထူးက မှတ်ချက်တစ်ခု ဝင်ပေး၏။

"ဘာလဲ ကျော်ဝေ. . . မင်း အသည်းကွဲနေပြီလား"

ထိုစကားကြောင့် ကျွန်တော်က အချိန်တော်တော်ကြာသည် အထိ ရယ်မောမိလေသည်။

"ငါ့မှာ အသည်းကွဲတယ်ဆိုတာ ဘယ်တော့မှမရှိဘူး"

"ဟုတ်ပါပြီ. . . ဟုတ်ပါပြီ။ မင်းအသည်းမကွဲဘူးဆိုပေမယ့် ခံစားနေရတာကိုတော့ လိမ်လို့မှမရပဲ။ မင်းတို့ ဘယ်လိုတွေဖြစ်ကြရတာလဲကွာ။ အခု. . . သူနဲ့တွဲနေတဲ့ ပုဂ္ဂိုလ်တစ်ယောက်ကရော"

"ဟာ. . . ဘယ်လိုမှမဖြစ်ဘူး။ ငါ့ဘက်က ဘာမှကိုမဖြစ်ဘူး။ မင်းအခုပြောတဲ့သူနဲ့ တွဲနေတဲ့လူဆိုတာကိုလည်း ငါ မသိဘူး။ နေစမ်းပါဦး စိုင်းသီဟ. . . မင်းက ဒီအကြောင်းတွေ ဘယ်လိုလုပ်ပြီး သိတာလဲ"

"သိတာပေါ့. . . မီးမီးနဲ့ အဲဒီတစ်ယောက်ကို ဆူးလေမှာ ငါ တွေ့တာ နှစ်ခါရှိပြီ။ အခုတောင် ဟိုဘက်လမ်းထိပ်မှာ သူတို့နှစ်ယောက်ကို တွေ့ခဲ့သေးတယ်။ ဒီကောင့်ကို မယုံရင် မေးကြည့်ပါလား"

''ဟုတ်တယ်. . . ကျော်ဝေ။ ငါကတော့ အခုမှမြင်တာ''

ကျွန်တော်က သူတို့နှစ်ယောက်၏ စကားတွေကို ဘာမှပြန်မပြောတော့ဘဲ ငြိမ်သက်စွာ နားထောင်နေမိသည်။ အတော်ကြာမှ ကျွန်တော် စကားတစ်ခွန်းပြောဖြစ်သည်။

''မီးနဲ့ ပတ်သက်ပြီး ငါတွက်တာ နည်းနည်းလွဲသွားတယ်။ ဒါဒီနည်းနည်းကလည်း တစ်ဘဝလုံးစာပဲ''

နတ်သမီးက စစ်တုရင်ရုပ်လေးတွေအကြောင်းမှအပ လောကကို ကျွန်တော့်ထက် အများကြီး နောက်ကျစွာ သိသူဖြစ်ပါသည်။ သူသည် မနက်ဖြန်ဆိုတာကို မယုံကြည်သည့်သူ၊ လေးဖြူသီချင်းတွေကို ပေါ့ပေါ့ပါးပါး လိုက်ဆိုတတ်သူ၊ ထိုင်ခုံအရောင်နှင့် အဝတ်အစားအရောင်ကို လိုက်ဖက်အောင် ထိုင်တတ်သူ၊ လမ်းလျှောက်လျှင် လုံချည်တစ်ဖက်ကို အနည်းငယ်မပြီး အိုရှင်းစတိုင်နဲ့ လမ်းလျှောက်သူ၊ အိမ်ပြန်နောက်ကျတော့မည်ဆိုလျှင် ကျွန်တော့်ကို အသက်အောင့်ပြီး ကျောခုနစ်ချက်ပုတ်နိုင်းသူ၊ ရခိုင်မုန့်တီနှင့် ခိုင်သင်းကြည်ကို ကြိုက်သူ၊ စစ်တုရင်ကစားနည်းကို ကျွန်တော့်အား လေးနက်စွာ သင်ပေးခဲ့သူ၊ ပေါ်တူဂီဘောလုံးသမား နူနိုဂိုမတ်စ်ကို စွဲလမ်းသူ၊ ကုံကော်ပန်းခြောက်ဝတ်ဆံများအား သနပ်ခါးနှင့်ရောလိမ်းကာ အိပ်ရာဝင်သူ၊ ကျွန်တော့်ရင်ခွင်ထဲမှာ တွတ်တီးတွတ်တာပြောရင်း ကျွန်တော့်အချစ်တို့ကို စမ်းသပ်သူ၊ ကျွန်တော့်ကို စိတ်ကောက်ရာ၌ အထူးကျွမ်းကျင်သူ၊ သူ စိတ်လိုလက်ရရှိသောအခါများတွင် ကျွန်တော့်ကို စာရေးဆရာဟု ခပ်တည်တည်ခေါ်တတ်သူ။

ဒီလို နတ်သမီးကို ကျွန်တော်က ချစ်မိတာ ဘယ်လောက်ဆန်းသနည်း။ လောကမှာ ဘာတွယ်တာစရာ သံယောဇဉ်မှ မရှိတော့ဘူးဆိုလျှင် နတ်သမီးတစ်ယောက် ဘာတွေလုပ်မည်ဆိုတာ ကျွန်တော် သိချင်လှပါသည်။

■

## ( ၁၇ )

ကျွန်တော်သည် နတ်သမီးတို့ လမ်းထိပ်မှာ စောင့်နေရင်းနှင့် စောင့်ရတာ စိတ်မရှည်ဖြစ်လာသည်။ ဒီအချိန်ဆို သူ ထွက်လာသင့်ပြီ မဟုတ်ပါလား။ ထိုအချိန်မျိုးတွင် ကျွန်တော့်မျှော်လင့်ချက်များသည် နတ်သမီးအတွက် ပိုမိုရှည်လျားနေတတ်သည်။

ထိုစဉ်မှာပင် နတ်သမီးသည် လမ်းထိပ်ထောင့်ချိုးမှ ဘွားခနဲ ပေါ်လာ၏။ သူရောက်လာတော့ ကျွန်တော့်အတွက် အေးမြမှုတွေကို သယ်ဆောင်လာပါသည်။

"ကို. . . စောင့်နေရတာ အရမ်းကြာသွားပြီလား။ ဆောရီး နော်. . . မီး. . . သွားကိုက်နေလို့ ကိုရဲ့။ အဲဒါ. . . ဆေးသောက်ဖို့ အရှိန်ယူနေတာနဲ့ ကြာသွားတာ။ မီးက ဆေးသောက်ရမှာ သိပ်ကြောက်

တာလေ"

"ဪ. . ."

ကျွန်တော်က အာမေဋိတ်သံ ခပ်တိုးတိုးပြုတော့ နတ်သမီးက ပြုံးသည်။

"ကို. . . ဒီနေ့အားတယ်မဟုတ်လား။ မီးနဲ့အတူတူ Marketing လိုက်ဆင်းလေ။ ကိုကို မီး ပြောစရာရှိတယ်"

ကျွန်တော်သည် သူနှင့် ပထမဦးဆုံး Marketing စဆင်းခွင့်ရသည့် လွန်ခဲ့သော သူငယ်ချင်း ကောင်လေးတစ်ယောက်လိုပင် ရင်တွေခုန်လာပြန်သည်။

"အိုကေ. . ."

ထို့နောက်မှာတော့ ကျွန်တော်တို့သည် မဟာဗန္ဓုလပန်းခြံလမ်းနှင့် ပန်းဆိုးတန်းလမ်း၌ ဦးစွာ Maketing ဆင်းကြသည်။ ပြီးတော့ အနော်ရထာလမ်းတစ်လျှောက်။

မြို့ထဲပိုင်းကုန်သွားတော့ ကျွန်တော်တို့သည် (၃၆)လမ်းရှိ ကြေးအိုးဘုရင်မှာ ခဏနားရင်း ကြေးအိုးစားကြသည်။ ကြေးအိုးဘုရင်ဆိုင်သည် နေ့လယ်ဘက် လူကျချိန်ဖြစ်သောကြောင့် စားပွဲဝိုင်းတစ်ဝိုင်းလွတ်ဖို့ အကြာကြီး စောင့်ရလေသည်။ ကျွန်တော်တို့သည် ဆိုင်၏ ထပ်ခိုးပေါ်ရှိ ထောင့်စားပွဲတစ်ဝိုင်းတွင် နေရာရသွားသည်။

"ကို. . . ကြာဇံပဲ မဟုတ်လား"

နတ်သမီးက ကျွန်တော့်အတည်ပြုချက်ကို ရတော့ ကြာဇံဝက်ကြေးအိုးအကြီးနှစ်ပွဲနဲ့ ရေသန့်တစ်ဘူးဟု စားပွဲထိုးလေးကို မှာသည်။ ထိုအချိန်၌ ကျွန်တော်တို့နှင့် မျက်နှာချင်းဆိုင်တွင် နိုင်ငံခြားသားမိသားစုက လာထိုင်သည်။

ခဏကြာတော့ ကြေးအိုးနှစ်ပွဲက ရောက်လာ၏။

"မီး. . . ဘာဖြစ်လို့ ဒီဆိုင်ကို ရွေးတာလဲ. . . ကို သိလား"

ကျွန်တော်က ခေါင်းခါပြတော့ နတ်သမီးက ကြေးအိုးပွဲကို လက်ညှိုးဖြင့် ထိုးပြရင်း ပြောသည်။

"တွေ့လား. . . ကြက်ဥအစိမ်းကို ဒီဆိုင်က ဒီအတိုင်းဖောက်ထည့်တာ. . . မီးက အဲဒါကိုကြိုက်လို့"

နတ်သမီးသည် သူ့ကြေးအိုးပွဲကို အေးအောင်လုပ်ရင်းနှင့် သူ့ဆီမှ အသားဖတ်များကို ကျွန်တော့်ပန်းကန်ထဲ ပြောင်းထည့်ပေးသည်။

"ကိုယ့်ဘာသာကိုယ်စားပါ မီးရဲ့. . . ဘာလဲ. . . မကုန်ဘူးလား"

"မဟုတ်ပါဘူး. . . မီးက သွားနာနေတယ်လေ ကိုရဲ့၊ အသားတွေ အများကြီး စားလို့မရဘူး"

ပြောပြီး နတ်သမီးက ကျွန်တော့်ပန်းကန်ထဲ အသားဖတ်တွေ ဆက်ထည့်ပေးနေသည်။

ထိုစဉ် ကျွန်တော်တို့နှင့် မျက်နှာချင်းဆိုင်၌ ထိုင်နေသော နိုင်ငံခြားသားတစ်ယောက်က မြန်မာလို မပီကလာ ပီကလာနှင့်ပြောသည်။

"ဓာတ်ပုံတစ်ပုံလောက် ရိုက်ခွင့်ပြုပါ"

သူ့စကားကြောင့် ကျွန်တော်တို့ နှစ်ယောက်စလုံး အံ့ဩသွားကြ၏။ ထိုသူသည် ပြုံးပြီး ကင်မရာကို အသင့်အနေအထားဖြင့် ကျွန်တော်တို့၏ ခွင့်ပြုချက်ကို စောင့်နေသည်။

"မီး. . . ဘယ်လို သဘောရသလဲ"

"ရိုက်ခွင့်ပေးလိုက်ပါ. . . သူက ရိုက်ချင်နေတာ"

ထိုအခါ ကျွန်တော်က အိုကေဟု လက်မထောင်ပြလိုက်တော့ ထိုသူက ကျွန်တော်တို့နှစ်ယောက်ကို ဓာတ်ပုံတစ်ပုံ ရိုက်ယူသည်။

"ကျေးဇူးတင်ပါတယ်"

နတ်သမီးက ထိုကျေးဇူးတင်ပါတယ်ဆိုသော စကားကို ရယ်

မောမဆုံး. . .။ ကျွန်တော်က ခပ်တိုးတိုး သတိပေးရသည်။

"မီးကလည်း. . . အရမ်းရယ်မနေနဲ့လေ။ သူ့ကို လှောင်သလို ဖြစ်နေလိမ့်မယ်။ သူက မြန်မာအစစ်မှမဟုတ်တာ။ စကားဘယ်ပီပါ့မလဲ"

နတ်သမီးက ကျွန်တော့်စကားကို နားထောင်သည့်သဘောဖြင့် ဆက်မရယ်တော့။ ဒါပေမယ့် သူပျော်နေတာကတော့ သိသာသည်။ ကြေးအိုးစားပြီးတော့ သူက ကျွန်တော့်ကို ထုံးစံအတိုင်း လက်ပတ်လေးကို ချည်ပေး၏။ အခုအချိန်အထိ နတ်သမီးသည် သူပြောစရာရှိသည်ဆိုသောအကြောင်းတွေကို မပြောသေး။

ကျွန်တော့်မှာ သူ Marketing ဆင်းနေချိန်များအတွင်း အလိုက်သိသိ နေပေးရသည်။ သူ အနှောင့်အယှက် ဖြစ်စေမည့် စကားမျိုး၊ အပြုအမူမျိုးကို ကျွန်တော်က ဒီအချိန်မှာ ဂရုတစိုက်ရှောင်ပါသည်။ တခြားအကြောင်းရှိလို့တော့မဟုတ်။ ကျွန်တော့်ကြောင့် သူ မနာကျင်စေလိုသည့် စေတနာသက်သက်သာဖြစ်သည်။

ကျွန်တော်တို့ ကြေးအိုးဘုရင်မှအပြန်တွင် နတ်သမီးက ခပ်တည်တည်ဖြင့် တစ်ခုခုကို စဉ်းစားနေဟန်တူသည်။

"မီး. . . အခု ကိုတို့ ဘယ်ကိုသွားကြမှာလဲ"

"မြဝတီဘဏ်ရှေ့က မီးတို့ဆိုင်ကလေးဆီ သွားမယ်လေ"

"အဲဒီဆိုင် ဒီအချိန်ဖွင့်ဦးမယ် မထင်ဘူး။ စောသေးတယ်ကွ။ သူက ညနေစောင်းမှ ဖွင့်တာလေ"

"ဒါဖြင့် မီးတို့ ဘယ်ဆိုင်သွားကြမလဲဟင်"

ကျွန်တော်လည်း ဘယ်သွားရမှန်းမသိ ဖြစ်နေ၏။ ရုတ်တရက် သူ့ဆီမှ စကားသံတို့ ထွက်လာပါသည်။

"ဟုတ်ပြီ. . . မီးတို့ Cafe Aroma ကို သွားမယ်"

ကျွန်တော်က ဘာမှပြန်မပြောသောကြောင့် သူ့အစီအစဉ်မှာ

အတည်ဖြစ်သွားပြီး နှစ်ယောက်သား ထိုဆိုင်ဆီသို့ ဦးတည်လိုက်ကြသည်။

Cafe Aroma ကို ရောက်တော့ ဘေးနားရှိ နေပြည်တော် ရုပ်ရှင်ရုံသည် ရုပ်ရှင်ပြနေချိန်ဖြစ်သောကြောင့် ဆိုင်ထဲတွင် လူရှင်းလျက်ရှိသည်။ ကျွန်တော်တို့ တစ်ယောက်ကိုတစ်ယောက် ကော်ဖီတစ်ခွက်မှာပြီးသည်အထိ ဘာမှမပြောဖြစ်သေး။

"မီး. . . ကို့ကို ပြောစရာရှိတယ်ဆိုတာ ပြောလေ"

အင်း. . . ပြောမယ်. . . ဒါပေမဲ့. . . မပြောခင် မီး ကို့ကို တစ်ခုလောက် မေးချင်တယ်"

"အင်း. . . မေးလေ"

"မီးနဲ့တွဲရတာ မပျင်းဘူးလား"

ကျွန်တော်က ခေါင်းခါပြတော့ နတ်သမီးက ရယ်လေသည်။ ပြီးတော့ သူက ကျွန်တော့်ကို ပြောသည်။

"မီး. . . အခုတလော ဟိုတစ်ယောက်နဲ့ ခဏခဏတွေ့ဖြစ်တယ်. . . သိလား။ အဲဒီ ဟိုတစ်ယောက်ဆိုတာ မီးရဲ့ ရည်းစားဟောင်းပေါ့။ သူက ဂျပန်က ပြန်လာတာလေ။ သူ့နာမည်က မင်းခေါင်တဲ့"

နတ်သမီးသည် စကားကို ခဏနားရင်း ကျွန်တော့်ကို အကဲခတ်ပါသည်။ ကျွန်တော်က ဘာမှမပြောသောအခါ သူက စကားကိုဆက်၏။

"သူက မီးကို အခု Propose လုပ်ထားတယ်။ ပြတ်သွားခဲ့ပြီဆိုပေမယ့် ပြန်စဉ်းစားပေးပါတဲ့"

ကျွန်တော်သည် ဒီအချိန်အထိ အေးစက်မနေနိုင်တော့။

"အဲဒီတော့. . . မီးက ဘာပြန်ပြောလိုက်သလဲ"

"ပြန်စဉ်းစားပေးမယ်လို့ ပြောလိုက်တယ်"

ကျွန်တော်သည် ဘယ်လိုမှ ထင်မှတ်မထားသည့် သူ့စကား ကြောင့် ဒေါသနည်းနည်းထွက်သွားသည်။

အစိပ္ပာယ်မရှိလိုက်တာ. . . ငါရှိနေလျက်နဲ့ နတ်သမီးက ဒါမျိုး ဖြစ်စရာလား။

နတ်သမီးက ကျွန်တော့် ရှုးရှုးရှဲရှဲနိုင်မှုကို ရိပ်မိသွားပြီး အောက်ပါအတိုင်း ပြောပါသည်။

''ကိုကို မီးက ဒါတွေပြောနေတာ. . . ကို. . . ဒေါသဖြစ်ဖို့ မဟုတ်ဘူးနော်။ ကိုယ့်ရည်းစားကို အမှန်အတိုင်း သိထားးရအောင် မီးက အသိပေးနေတာ''

''မီးက ဘာဖြစ်လို့ မင်းခေါင်ဆိုတဲ့ကောင်ကို ပြန်စဉ်းစားပေး မယ်လို့ ပြောလိုက်ရတာလဲ။ တစ်ခါတည်း အပြတ်ငြင်းခဲ့ပါလား။ မီးမှာ ကို ရှိနေတယ်လို့ ပြောခဲ့ပါလား''

''ဟာ. . . ပြောတာပေါ့ ကိုရဲ့၊ သူက ရပါတယ်တဲ့၊ ကြည့်ရတာ သူက မီးကို တော်တော်ချစ်တဲ့ပုံပဲ၊ အရင်တုန်းကအတိုင်းပဲ''

ကျွန်တော်သည် သူပြောသည့် နောက်ဆုံးစကား 'အရင်တုန်း ကအတိုင်းပဲ' ဆိုတာကို အထိတ်တလန့် ဖြစ်သွားမိသည်။ နတ်သမီး က ကျွန်တော့်အမူအရာမှန်သမျှကို မလွတ်တမ်း အကဲခတ်နေသည်ဟု ထင်သည်။

''အခု မီးက ဘယ်လို ဆက်လုပ်မှာလဲဟင်''

''ဘယ်လိုမှ ဆက်မလုပ်ပါဘူး။ မီးဘက်က အားလုံးပုံမှန်တိုင်း ပဲ။ ဒါပေမဲ့ သူ့ကို ပြန်စဉ်းစားပေးမယ်ဆိုတဲ့စကားက ရှိထားတော့ သူ လာတဲ့အခါတွေမှာ လက်ခံပြီး စကားပြောရမှာပဲ။ အဲဒါ ကိုကို အသိပေး ထားတာ''

ကျွန်တော် ဆူဝေစွာ ခေါင်းကို ယမ်းလိုက်မိ၏။

"မဟုတ်ဘူး. . . မီး အဲဒီလို မလုပ်ရဘူး"

သူက ကျွန်တော့်စကားကို ပခုံးတွန့်ပြ၏။ ဘာမှတော့မပြော။ ဒီကိစ္စသည် ကျွန်တော့်အတ္တအတွက် ဘယ်လိုမှ ခွင့်မပြုနိုင်သောကိစ္စ ဖြစ်သည်။

"မီး အဲဒီလိုလုပ်မယ်ဆိုရင် ကိုတို့ တခြားနည်းလမ်းတစ်ခုခု ကို စဉ်းစားမှဖြစ်မယ်။ ဒီအတိုင်းကြီးတော့ ကို ခွင့်မပြုနိုင်ဘူး"

"ဟာ. . . မီးမှာ အဲဒီလွတ်လပ်ခွင့်ရှိတယ်လေ ကိုရဲ့"

နတ်သမီး၏စကားသည် ကျွန်တော့်ခံစားမှုတွေကို ထိမှန်လဲပြို သွားစေသည်။ လွတ်လပ်ခွင့်. . . တဲ့။ ဟုတ်တာပေါ့. . . ဒါ သူ့လွတ်လပ် ခွင့်ပဲ။ လူတစ်ယောက်ရဲ့ လွတ်လပ်ခွင့်ပဲ။

"ကောင်းပြီ. . . မီးပြောတဲ့ လွတ်လပ်ခွင့်ဆိုတာကို ကို သဘော တူပါတယ်။ အဲဒါကြောင့် ဘယ်လိုခံစားမှုကိုမဆို ဘေးဖယ်ထားပြီး ကို တို့ကြားထဲမှာ ပြိုင်ပွဲတစ်ခု လုပ်ကြမယ်။ နိုင်တဲ့လူရဲ့ ဆုံးဖြတ်တာကို ရှုံးတဲ့လူက လိုက်နာကြေး"

နတ်သမီးက ကျွန်တော့်စကားကြောင့် ရဲရင့်စွာ တုံ့ပြန်ကြည့်နေ ၏။ ပြီးတော့ ခပ်ထေ့ထေ့ပုံစံနှင့်သူက ပြောသည်။

"ပြိုင်ပွဲက ကြေးကြီးလှချည်လား ကိုရဲ့။ မီးတို့က ဘာပြိုင်ကြ မှာလဲ"

ပတ်ဝန်းကျင်သည် တိတ်ဆိတ်နေကြပြီး ကျွန်တော်တို့တစ် ယောက်ကိုတစ်ယောက် စိုက်ကြည့်နေမိကြသည်။

"စစ်. . . တု. . . ရင်"

ကျွန်တော့်အဖြေစကားကြောင့် သူက ပက်ပက်ဟက်ဟက် ရယ်ပါသည်။

ကျွန်တော်သည် သူ့ရယ်သံတွေကို ပို၍ မခံချင်ဖြစ်သွားရသည်။

"မီး. . . ကို့ကို အဲဒီလို မသရော်ပါနဲ့"

"ဩော်. . . အဲဒီလို မဟုတ်ပါဘူး ကိုရဲ့။ မီးက ကို့ကို သရော်တာ မဟုတ်ပါဘူး။ ကို့လိုလူမျိုးကိုလည်း မီး အထင်မသေးရဲပါဘူး"

"ဒါဖြင့်. . . "

"ကိုက မီးနဲ့ပြိုင်ဖို့ စစ်တုရင်ကို ရွေးချယ်လိုက်လို့ ရယ်မိတာပါ"

ပြောပြီး နတ်သမီးသည် ကျွန်တော့်မျက်လုံးတွေကို အကဲခတ်လိုက်ပါသည်။ ဒါ. . . ဘယ်နည်းနဲ့မဆို ကျွန်တော့်အပေါ် သံသယာဇဉ်မကုန်သေးသော မျက်ဝန်းတွေဖြစ်သည်။ ဘာကိုမှ ကြိုတင်မသိနိုင်ခြင်းသည် နတ်သမီး၏ ထူးခြားသည့် ကိုယ်ပိုင်သင်္ကေတတစ်မျိုး ဖြစ်လေသည်။

"ကို. . . "

သူ့အသံတွင် ပုံမှန်မဟုတ်သော ချွဲပျစ်မှုတစ်မျိုးက ရောနှောနေ၏။

"ဘာလဲ မီး. . . ပြောလေ"

"မီးကို ရှုံးသွားရင် မီး ဆုံးဖြတ်တာကို တကယ်လိုက်နာရမှာနော်"

"ကို ယောကျ်ားပါ မီးရဲ့. . . "

သူသည် ကျွန်တော့်ကို သေချာစိုက်ကြည့်ပြီး မေးခွန်းတစ်ခုကို မေးပါသည်။

"တကယ်လို့များ ကိုနဲ့မီး ဒီလိုရည်စားတွေ မဟုတ်တော့ဘဲ အခြေအနေတစ်မျိုး ပြောင်းသွားရင် ကိုနဲ့သူငယ်ချင်းလို၊ မောင်နှမလို ဆက်ဆံလို့ရဦးမှာလား"

"ရပါတယ် မီးရဲ့. . . မီးနဲ့ ကိုနဲ့ ကြားမှာ မခေါ်နိုင်၊ မပြောနိုင်

ဖြစ်ရလောက်အောင် မှန်းတီးမှုတွေမှ မရှိပဲ''

ထိုအခါ နတ်သမီးသည် ကျွန်တော့်ကို နှစ်လိုဖွယ် ပြုံးပြလေသည်။ ပြီးတော့ သူက ကျွန်တော်ကို ပြောသည်။(ပြောသည်ဆိုပေမယ့် တကယ်တော့ မေးခွန်းတွေသာ ဖြစ်ပါသည်။)

''မီးတို့ ဘယ်နေ့ စစ်တုရင်ပြိုင်ကြမလဲ၊ ဘယ်နေရာမှာ ပြိုင်မှာလဲ၊ ပြိုင်ပွဲစည်းကမ်းတွေကရော ဘယ်လိုလဲ''

ကျွန်တော်က သူ မေးသည်များကို တစ်ခုချင်းဖြေရသည်။

''ရှေ့အပတ် တနင်္လာနေ့မှာ ပြိုင်မယ်၊ ဒီကြားထဲ ကိုတို့တစ်ယောက်နဲ့တစ်ယောက် မတွေ့ကြဘူးနော်။ နေရာက ကိုတို့ရဲ့ မြဝတီဘဏ်ရှေ့က ဆိုင်လေးပဲပေါ့။ ပြိုင်ပွဲစည်းကမ်းကတော့ အထွေအထူးမရှိပါဘူး။ တစ်ပွဲပဲ ကစားမယ်။ သရေကျရင် ပြန်ဆော့မယ်။ အနိုင်အရှုံးပေါ်တဲ့အထိ ကစားမယ်''

''အိုကေ. . . ဒါဆို မီးတို့ နောက်အပတ်တနင်္လာနေ့မှ တွေ့ကြတာပေါ့။ မြဝတီဘဏ်ရှေ့ကဆိုင်မှာ ညနေ ငါးနာရီလောက်စောင့်နေ. . . ကြားထဲမှာ တစ်ပတ်တိတိ အချိန်ရှိသေးတယ်။ ကို . . . ကောင်းကောင်း လေ့ကျင့်ထား''

ထို့နောက် ကျွန်တော်တို့ Cafe Aroma မှ ထွက်လာခဲ့ကြသည်။ နတ်သမီးသည် ကျောက်မြောင်းဘက်သို့ သွားစရာရှိသေးသည်ဆိုသောအကြောင်းပြချက်ဖြင့် ကျွန်တော်နှင့်အတူ အိမ်မပြန်ပေ။

အပြန် (၄၅) ဘတ်(စ်)ကားပေါ်တွင် ကျွန်တော် တစ်ယောက်တည်း လူတွေကို အမိပ္ပာယ်မရှိ လျှောက်ငေးနေမိ၏။ ကားပေါ်မှ အဆင်း၌ လူတွေကြားထဲ တိုးဝှေ့ဆင်းရသည်ဖြစ်ရာ သူချည်ပေးထားသော လက်ပတ်ကြိုးလေးသည် ပြေကျသွားသည်။

ဒီလက်ပတ်ကြိုးလေးသည် သူချည်ပေးသမျှ အကြိမ်အားလုံး

တွင် ကျွန်တော်ကိုယ်တိုင် မဖြေဘဲနှင့် ညဝတ်အိပ်ခြင်းမပြုဘဲနှင့် ပထမဦးဆုံးအကြိမ် အချိန်မတိုင်ခင် ပြေကျနေခဲ့ခြင်းဖြစ်သည်။

ထိုညက တော်တော်ညဥ့်နက်သည်အထိ ကျွန်တော် အိပ်မပျော်ဘဲ နတ်သမီးအကြောင်းတွေကို ထိုင်စဉ်းစားနေခဲ့၏။ တစ်ချက်တစ်ချက်၌ ဘယ်ကရောက်လာမှန်းမသိသော သူ့ဆံပင်၏ ရှန်ပူရနံ့တွေက ကျွန်တော့်အခန်းထဲမှာ ဝေ့ဝဲနေသည်။

နတ်သမီးသည် ကျွန်တော့်အတွက် ဘယ်တော့မှ မညှိုးသော ပန်းတစ်ပွင့်လည်း ဖြစ်သည်။ သို့သော် ရနံ့ရှိဖို့တော့ မသေချာလှပါ။

■

( ၁၈ )

နတ်သမီးမရှိသော နေ့စွဲများသည် ကျွန်တော်တစ်ယောက်တည်း သူ့ကို လွမ်းဖို့အကြောင်းတွေ ဖြစ်နေ၏။ စစ်တုရင်ရုပ်တွေ၊ စစ်တုရင် စာအုပ်တွေနှင့် အပြင်သို့ သိပ်မထွက်ဘဲ ကျွန်တော်က အပြင်းအထန် လေ့ကျင့်သည်။ စစ်တုရင်ခုံပေါ်မှ အခက်အခဲတွေကို ဘယ်လိုဖြေရှင်း ရမလဲဆိုတာ မပြတ်စဉ်းစားရ၏။

ပြီးတော့ နတ်သမီး၏ ကျွမ်းကျင်လှသော ဘုရင်မကို ထိန်း ချုပ်ဖို့၊ နောက်. . . သူကိုယ်တိုင် ထောက်ပြပြောဆိုခဲ့သော ကျွန်တော့် အားနည်းချက်များ၊ ထိုအခါများတွင် ကျွန်တော်က စစ်တုရင်ရုပ်တွေကို ဘေးမှ ပစ်ချထားပြီး သူ့အသံတွေကို လွမ်းလာသည်။

ဒီပုံစံအတိုင်းဆို သူ့ကိုနိုင်ဖို့ မဖြစ်သေးမှန်း ကိုယ့်ကိုယ်ကို

သတိပေးရ၏။ ထိုရက်စွဲများအတွင်း ကျွန်တော် ဘယ်မှမထွက်ဖြစ်။ အိမ်မှာ သိမ့်သိမ့်က လေးဖြူသီချင်းတွေ ဖွင့်နေ၍ ကျွန်တော့်မှာ ပိတ်ခိုင်းရသေးသည်။ ကျွန်တော် အိမ်တွင်းအောင်းနေရာ တတိယမြောက်နေ့တွင် ညိုမာ၊ မျိုးထူးနှင့် စိုင်းသီဟတို့က စုံစုံညီညီ ရောက်လာကြသည်။

အတူတူ လာကြတာတော့မဟုတ်။ ညိုမာက သူ ကူးပေးထားသော စာအုပ်တွေကို လာပို့တာဖြစ်ပြီး မျိုးထူးတို့ထက် ကျွန်တော့်အိမ်ကို အရင်ရောက်နေခြင်းဖြစ်သည်။ မျိုးထူးနှင့် စိုင်းသီဟကတော့ ကျွန်တော် မြို့ထဲမထွက်သဖြင့် တမင်ဝင်လည်ကြတာဖြစ်၏။

ညိုမာသည် ကျွန်တော်မပြောဘဲနှင့် ကျွန်တော်နဲ့ နတ်သမီးတို့ ရည်စားတွေ ဖြစ်နေတာကို သိနှင့်လေသည်။

"ဟဲ့. . . ကျော်ဝေ၊ ဒီမှာ စစ်တုရင်ရုပ်တွေရော၊ စာအုပ်တွေရော ရှုပ်ပွနေပါလား"

ညိုမာက မေးလိုက်သည်ကို သိမ့်သိမ့်က ဝင်ဖြေသည်။

"ပြောမနေနဲ့ မညိုမာရေ. . . သူ့နတ်သမီးနဲ့ Chess ပြိုင်ထိုးမလို့ဆိုလားပဲ။ အဲဒါ. . . ရှုးနေတာ နှစ်ရက်ရှိပြီ"

ထိုအခါ ကျွန်တော်နှင့် နတ်သမီးတို့ စစ်တုရင်ကစားတာကို သိကြသော စိုင်းသီဟနှင့်မျိုးထူးက ရယ်မောနောက်ပြောင်ကြသည်။

"ဘာလဲ. . . မီးမီးက မင်းကို စစ်တုရင်တစ်ပွဲနိုင်မှ လက်တစ်ခါကိုင်ရမယ်ဆိုလို့ မင်း အပီလေ့ကျင့်နေတာ မဟုတ်လား"

မျိုးထူးက နောက်သည်ကို ညိုမာက မခံနိုင်ဘဲ ပြန်ပြော၏။

"အောင်မယ်. . . မျိုးထူး. . . နင်နော် . . . ငါ့သူငယ်ချင်းကိုများ နင့်လို မိန်းမပြင်တိုင်း အငမ်းမရ မှတ်နေလို့လား"

ညိုမာ့စကားကြောင့် အားလုံးက ဝိုင်းရယ်ကြသည်။ ခဏကြာတော့မှ ကျွန်တော်က နတ်သမီးနှင့် ကျွန်တော်တို့၏ စစ်တုရင်ပြိုင်ပွဲ

အကြောင်း ရှင်းပြရသည်။

ကျွန်တော့် ရှင်းပြချက်အဆုံးမှာ အားလုံးက တစ်ယောက်တစ်မျိုး ဝေဖန်ကြ၏။

"ဟာ. . . မင်းမီးမီးက အဓိပ္ပာယ်မရှိလိုက်တာ။ မင်းကလည်း အရူးပဲ။ စစ်တုရင်ပြိုင်ထိုးပြီး ပြဿနာကို ဆုံးဖြတ်ဦးမယ်တဲ့။ မင်းပဲ ရှုံးမှာပေါ့ကွ. . . မီးမီးက မင်းဆရာ. . . မင်းကို ဆရာစားချန်ထား လိမ့်မယ်"

"အေးလေ ကျော်ဝေရယ်. . . ငါမပြောလိုက်ချင်ဘူး၊ အလကား နင့်မီးမီးက ဟိုလူကို ပြန်တွဲချင်လို့၊ သူနိုင်မှာ သေချာတဲ့ စစ်တုရင်ကို စိန်ခေါ်တာ"

သူတို့စကားတွေကြောင့် ကျွန်တော်ခေါင်းကို ပြင်းထန်စွာ ခါယမ်းလိုက်သည်။

"မဟုတ်ဘူး. . . မဟုတ်ဘူး။ မင်းတို့ သူ့ကို အဲဒီလို မတရား မစွပ်စွဲကြပါနဲ့၊ သူ. . . ငါ့ကို စစ်တုရင် သင်ပေးတာ တကယ့်ကို ဖြူဖြူ စင်စင်နဲ့ သူတတ်သမျှ သင်ပေးတာ။ ဆရာစားချန်မှာ မဟုတ်ဘူး။ ပြီးတော့ ဒီစစ်တုရင်ပြိုင်ပွဲက ငါကစပြီး သူ့ကို စိန်ခေါ်ခဲ့တာ"

ကျွန်တော့်အသံသည် လိုအပ်တာထက် နည်းနည်းပိုကျယ်သွားပါသည်။ သူတို့အားလုံးက ကျွန်တော့်လေသံကြောင့် ဘာမှမပြောကြတော့ဘဲ တစ်ယောက်ကိုတစ်ယောက် ကြည့်ကာ ငြိမ်သက်သွားကြ၏။ ထိုအခါကျတော့မှ ကျွန်တော်လည်း စောစောတုန်းက သူတို့ကို အော်လိုက်မိတာကို အားနာသွားမိသည်။

စိုင်းသီဟဆီမှ အသံထွက်လာသည်။

"မင်းတို့ပြိုင်ပွဲမှာ ဘယ်သူနိုင်မယ်ထင်သလဲ ကျော်ဝေ"

"ငါနိုင်မှာပေါ့ကွ. . . ငါ. . . သူ့ကို တစ်ခါမှ မနိုင်ဖူးပေမယ့်

ဒီတစ်ခါတော့ နိုင်လိမ့်မယ် ထင်တယ်''

ညီမြမာက စိတ်ဝင်တစားနှင့် ကျွန်တော့်ကို မေးပြန်သည်။

''နင် နိုင်ရင် ဘယ်လိုဆုံးဖြတ်မှာလဲ၊ မီးမီးကို ဟိုလူနဲ့အဆက်အသွယ် မလုပ်ရဘူးလို့ ဆုံးဖြတ်မှာလား''

ညီမြမာ့မေးခွန်းကြောင့် ကျွန်တော် ညင်သာစွာ ခေါင်းကို ယမ်းမိသည်။

''ငါနိုင်ရင်လည်း သူ့ဆန္ဒအတိုင်းပဲ ဆုံးဖြတ်ခွင့်ပေးမှာပါ။ ငါက လူတစ်ယောက်ရဲ့ လွတ်လပ်ခွင့်နဲ့ ရွေးချယ်ပိုင်ခွင့်ကို အစဉ်အမြဲ လေးစားခဲ့တဲ့ကောင်ပဲ၊ အနိုင်အရှုံးဆိုတဲ့ ပြိုင်ပွဲဆန်ဆန်ကိစ္စတွေကြောင့် သူ့ခံစားမှုတွေကို ငါ မချုပ်ချယ်ချင်ပါဘူး''

''ဒါဆိုရင်ဟာ. . . နင်ကလည်း ပြိုင်မနေပါနဲ့တော့၊ အခုကတည်းက သူ့သဘောအတိုင်း ဆုံးဖြတ်ခွင့်ပေးလိုက်ပါလား''

''ဒီလိုလည်း မဟုတ်သေးဘူးဟ. . . အဲဒီလိုသာ အလွယ်တကူ ခွင့်ပြုလိုက်ရင် ငါရဲ့ သူ့အပေါ်မှာရှိတဲ့ လေးနက်မှုဟာ ပေါ့ပေါ့လောလော ကြီးဖြစ်သွားမှာပေါ့။ သူ့ရဲ့လွတ်လပ်ခွင့်ကို တန်ဖိုးရှိအောင် ငါက ဒီ ပြိုင်ပွဲကို ဖန်တီးရတာပဲ''

'' ဒီပွဲမှာ သူနိုင်ခဲ့ရင်လည်း သူ့ရဲ့အရည်အချင်းနဲ့ လွတ်လပ်ခွင့်ကို တိုက်ယူခဲ့တာဖြစ်သွားပြီ၊ အဲဒါတန်ဖိုးပဲ၊ ငါက နိုင်ပေမယ့်လည်း သူ့ခံစားမှုကို သူ့ဘာသာ ဆုံးဖြတ်ခိုင်းမယ်။ ငါရဲ့ သူ့အပေါ်မှာ ထားတဲ့အချစ်က သူ့လွတ်လပ်ခွင့်ပဲ။ ငါက အဲဒီတန်ဖိုးကို သူ သဘော ပေါက်စေချင်တယ်''

ကျွန်တော့်စကားအဆုံးတွင် မျိုးထူးက မှတ်ချက်ဝင်ပေးသည်။

''သိပ်ကောင်းတဲ့ အိုင်ဒီယာ(Idea)ကွာ၊ ဒါပေမဲ့ တစ်ခုတော့ ရှိတယ်နော်။ ဒီပွဲမှာ မင်းနိုင်မှ မင်းရဲ့စေတနာက ပေါ်လွင်မှာ၊ မင်း

ရှုံးသွားရင် ကတိကြောင့် သူဆုံးဖြတ်တာကို မင်းက လိုက်နာရသလို ဖြစ်သွားပြီ''

ကျွန်တော်က အဝေးကြီးကို ရီဝေစွာ လှမ်းကြည့်နေလိုက်သည်။

''သူ ငါ့ကို အလွယ်တကူ အနိုင်မရဘူးဆိုတာ သူ သိပါတယ်''

သူငယ်ချင်းတွေအားလုံးက ကျွန်တော့်ကို ဘာမှမပြောကြတော့။ ကျွန်တော့်အသံတွေသည် အေးစက်ကောင်း အေးစက်နေလိမ့်မည် ဖြစ်သော်လည်း စေတနာပါသော အေးစက်မှုတွေဆိုတာ နတ်သမီးကို သိစေချင်ပါသည်။

■

( ၁၉ )

ကျွန်တော်နှင့် နတ်သမီးတို့ မတွေ့ရတာ တစ်ပတ်တိတိရှိပြီ။ ဒီနေ့ သူနှင့်ကျွန်တော်တို့ စစ်တုရင်ပြိုင်ရမည့် တနင်္လာနေ့လည်းဖြစ်သည်။

ကျွန်တော်တို့၏ မြဝတီဘဏ်ရှေ့က ဆိုင်လေးသည် ပကတိတိတ်ဆိတ်နေ၏။ အချိန်က ညနေ ငါးနာရီကျော်ပြီဖြစ်သော်လည်း နတ်သမီးက ရောက်မလာသေး။ ကျွန်တော်တစ်ယောက်တည်း ဖယောင်းတိုင်ကို ငေးရင်း သူ့ကို စောင့်နေမိသည်။

ထိုစဉ်မှာပင် ခပ်လှမ်းလှမ်းရှိ လက်ဖက်ရည်ဆိုင်မှ သီချင်းတစ်ပုဒ်က တိုးသဲ့သဲ့ လွင့်ပျံ့လာသည်။ ကိုမောင်မောင် ရေးသော 'ရင်ခုန်အလွမ်း' သီချင်းဖြစ်သည်။ မွန်းအောင်၏အသံမှာ သိပ်မပီပြင်တော့

သော်လည်း ကျွန်တော့်ရင်ကိုတော့ ကောင်းကောင်း ထိမှန်စေလေသည်။

နွေရဲ့အနမ်း ပန်းနုရောင်ပါးနှစ်ဖက်ကို နမ်းမိသူ
ပူလောင်ရင်း နွမ်းယဲ့ယဲ့ အသက်မဲ့တဲ့ပင့်သက်ရယ်
နွေရာသီ ရင်ခတ်ပန်းတို့ ပွင့်ချိန်ဝယ်
နွေမှာပဲ ဒီဇာတ်လမ်းလေးစခဲ့တယ်။

မခေါ်နိုင်မှန်းသိတဲ့နောက် တိတ်ဆိတ်စွာနှုတ်ထွက်သူ
ရင်မှာအဲမြဲ အမှတ်တရနဲ့ နှလုံးသားထဲ နေရစ်ကွယ်
နွေရာသီရင်ခတ်ပန်းတို့ပွင့်ချိန်ဝယ်
နွေမှာပဲ ဒီဇာတ်လမ်းလေးဆုံးခဲ့တယ်။

သီချင်းမဆုံးသေးခင်မှာပင် နတ်သမီးက ရောက်လာသည်။ အဝါရောင်တွေ အများကြီးပါသော ဝတ်စုံနှင့်။ ကျွန်တော်နှင့် ပထမဦးဆုံး အကြိမ် စတွေ့စဉ်တုန်းကအတိုင်းဖြစ်သည်။

ကျွန်တော်က သူ့အတွက် အဝါရောင်ပလတ်စတစ်ခုံပုလေးကို ယူပေးတော့ နတ်သမီးက ကျေးဇူးတင်စွာ ပြုံးပြသည်။

"ကို. . . ရောက်နေတာကြာပြီလားဟင်"

"အင်း. . . တစ်နာရီလောက် ရှိရောပေါ့"

"မီးကလေ. . . ဒီနေ့ စောစောပြီးအောင် လုပ်ကာမှ မနိုင်ကြောင့် နောက်ကျနေရတာ၊ သွားစရာရှိတာကို မြန်မြန်မသွားဘဲ ဟို အချိန်ဆွဲ၊ ဒီအချိန်ဆွဲနဲ့. . . "

ဒါ ကျွန်တော့်နတ်သမီးအစစ်ပေါ့။ သူ့အလုပ်ဖော်အကြောင်း၊ အလုပ်ရှင်အကြောင်း၊ သူ့ Customer တွေအကြောင်း ကျွန်တော့်ကို

အခုလိုပြောပြတတ်တာ နတ်သမီးရဲ့ ပင်ကိုပုံစံတစ်မျိုးဖြစ်သည်။

ထိုစဉ်မှာပင် ရင်ခတ်အလွမ်းသီချင်းက ပြီးဆုံးသွားပါသည်။ ကျွန်တော့်စိတ်ထဲတွင် သီချင်းထဲကအတိုင်း နွေမှာစတဲ့ ဇာတ်လမ်းလေး နွေမှာပဲ ပြီးတော့မယ်ဟု တွေးသိ ခံစားလိုက်ရ၏။

"ဘယ်လိုလဲ ကို. . . ပြိုင်ပွဲအတွက် အားလုံး အဆင်သင့်ဖြစ်နေပြီပေါ့"

ကျွန်တော်က ဘာမှပြန်မပြောဘဲ ခေါင်းညိတ်ပြတော့ နတ်သမီးက ပြုံးသည်။ သူ့ဆံပင်တွေသည် လေနှင့်အတူ ဝဲပျံလွင့်စင်နေ၏။

အဝါရောင်နတ်သမီးသည် ဒီဆိုင်ရောက်ရင် သူစားနေကျ ဖြစ်သော ဆေးဘဲဥသုပ်ကို မှာသည်။ ကျွန်တော်က ထုံးစံအတိုင်း ကော်ဖီမစ်နှင့် စီးကရက်တစ်ပွဲ. . .။ ပြီးတော့ နတ်သမီးက ကျွန်တော့်ကို ညာဘက်လက်မှာ လက်ပတ်ကြိုးလေးအား ချည်ပေး၏။

ထို့နောက် ကျွန်တော်တို့ စစ်တုရင်ပြိုင်ပွဲအတွက် ဘုတ်ပြားနှင့် အရုပ်တွေကို ထုတ်လိုက်ပါသည်။ နတ်သမီးသည် စစ်တုရင်ရုပ်တွေကို စီနေရင်းမှ အနက်ရောင်ဘုရင် King ရုပ်သည် မတော်တဆ ကျွန်တော့် ကော်ဖီခွက်ထဲသို့ လွတ်ကျသွားသည်။

"အိုး. . . ဆောရီးပဲ၊ ကို့ ကော်ဖီတွေတော့ သွားပြီ၊ နောက်တစ်ခွက် ထပ်မှာလိုက်တော့"

"ရတယ် မီး. . . ကို မသောက်ချင်တော့ဘူး"

"မီး. . . ဘုရင်ရုပ်လေး နိမိတ်မကောင်းဘူးတော့်. . ."

ထိုသို့ နတ်သမီးက ချစ်စဖွယ်ပြောသောအခါ ကျွန်တော့်မှာ မလိုအပ်ဘဲ လောင်ကျွမ်းရသည်။

ငါ. . . မင်းကို ဘယ်လိုခံနိုင်ရည်တွေနဲ့များ. . . ခွဲခွာရမှာလဲ ကောင်မလေးရယ်. . .

ခပ်ဆွေးဆွေး ကြည့်ဖြစ်သွားသော ကျွန်တော့်မျက်လုံးတွေကို သူသာ ပါးနပ်မည်ဆိုလျှင် အလွတ်ရသည်အထိ တန်ဖိုးထားခဲ့ပါလိမ့်မည်။ ကျွန်တော်သည် သူနှင့် စစ်တုရင်ကစားရတော့မည်ဆိုသော အသိကြောင့် စိတ်လှုပ်ရှားစွာ အဖြူရောင်မြင်းရုပ်လေးကို ပွတ်သပ်နေမိသည်။

နှစ်ဖက်စလုံး အရုပ်လေးများကို စီပြီးသွားတော့ နတ်သမီးက ကျွန်တော့်ကို ခိုးကြည့်သည်။

ကျွန်တော်တို့နှစ်ယောက် . . . စစ်တုရင်ကစားသည့်အခါတိုင်း ကျွန်တော်က အဖြူ၊ သူက အနက် . . . အဲသလိုဖြစ်သည်။ အခုလည်း ထိုသို့ပင် ကျွန်တော်ကအဖြူ၊ သူကအနက်။ သို့သော် ကျွန်တော်က သူ့ကို ပြောနေကျမဟုတ်သော စကားတစ်ခွန်းကို ပြောလိုက်မိ၏။

"မီး . . . ကျွန်တော်တို့ အဖြူ၊ အနက် မဲနှိုက်ကြမယ်။ ဒါက ပြိုင်ပွဲဆိုတော့လေ . . . မျှမျှတတဖြစ်အောင်"

သူက ခေါင်းညိတ်ပြသောအခါ ကျွန်တော်က အဖြူရောင်ပွန်းတစ်ကောင်နှင့် အနက်ရောင်ပွန်းတစ်ကောင်ကို လက်တစ်ဖက်စီတွင် ထည့်ပြီး စားပွဲအောက်မှာ ဖွက်လိုက်သည်။

နတ်သမီးသည် စောစောတုန်းက သူ လက်ပတ်ကြိုးလေး ချည်ပေးခဲ့သော ညာဘက်လက်ကို ရွေးချယ်လိုက်ပါသည်။

"အနက် . . ."

သူက နှုတ်မှ ခပ်တိုးတိုး အသံပြုရင်း အေးစက်စက်ပြုံးသည်။

ဒီလိုဆိုတော့ ကစားနေကျအတိုင်း ပုံမှန်ပဲ ဖြစ်သွား၏။

ကျွန်တော်သည် တစ်ခါမှ မလုပ်ဖူးသော ဘယ်ဘက်ရထား (Castle) ရှေ့မှ ပွန်းရုပ်ကို တစ်ကွက်တက်လိုက်ခြင်းအားဖြင့် ဒီပြိုင်ပွဲ၏ အဖွင့်ရွှေ့ကွက်ကို စတင်လိုက်သည်။

ကစားကွက်နှစ်ဆယ်ခန့်အထိ ကျွန်တော်တို့သည် တစ်ယောက်

ကိုတစ်ယောက် ပညာပါသော စမ်းသပ်မှုများဖြင့်သာ ထိုးနှက်နေကြ၏။ တစ်ချက်တစ်ချက်တွင် သူက ကြောက်စရာကောင်းလောက်သည့် စိမ်ခေါ်မှုများကို ကြံစည်သည်။ ထိုအခါများတွင် ကျွန်တော်က ပါးနပ်စွာဖြင့် ရှောင်ရ၏။ ပြိုင်ပွဲသည် ကစားချိန် နာရီဝက်ကျော်သည်အထိ ညီမျှနေဆဲ ဖြစ်ပါသည်။

တဖြည်းဖြည်းနှင့် ကျွန်တော်သည် သူ့ကို အသာစီးရလာသည်။ ကျွန်တော်သည် ကစားနေရင်းမှ စီးကရက်တွေ တစ်ပွဲပြီးတစ်ပွဲ မှာသောက်လာခဲ့တာ ငါးပွဲတိတိရှိနေပြီ။

ကစားချိန် တစ်နာရီကျော်လာတော့ အမှောင်သည် ပတ်ဝန်းကျင်၌ ကြီးစိုးလာ၏။ သို့သော် မာကျူရီမီးတို့၏ အင်အားကောင်းမှုကြောင့် ကျွန်တော်တို့ပြိုင်ပွဲကိုတော့ အနှောင့်အယှက် မဖြစ်ပေ။

နတ်သမီးကို ကြည့်ရတာ အချိန်၏ ဖိစီးမှုကို ခံစားနေရသည်ဟု ကျွန်တော်ထင်သည်။ ကျွန်တော်၏ အကောင်လဲကစားမှုကြောင့် သူ့မှာ နယ်ကွဲ (Separated pawns) များ ဖြစ်ကုန်သည်။

ထိုအချိန်မှစ၍ ကျွန်တော်သည် သူ့ကို ဖိဖိစီးစီး တိုက်စစ်ဆင်လာနိုင်ခဲ့သည်။

နတ်သမီးသည် ကျွန်တော်ကို အပြင်းအထန် ခုခံနေသည့်ကြားမှ တစ်ခါတလေ ကြောက်စရာစွန့်စားခြင်းများဖြင့် ကျွန်တော့်ဘုရင်ကို လှမ်းခြိမ်းခြောက်လိုက်သေး၏။ ပြီးတော့ သူကျွမ်းကျင်သည့် Double Bishops များဖြင့် ခံစစ်လိုင်းကို ထိန်းချုပ်ထားပုံမှာ အဆင့်မြင့်လှသည်။ နောက်. . . သူ့ရထား(Castle). . . တစ်ကောင်ကလည်း တော်တော်အလုပ်လုပ်နိုင်လေသည်။

သို့သော် ကျွန်တော့်ကစားကွက်ကိုတော့ သိပ်သည်းလှသောကြောင့် သူ မကျော်လွှားနိုင်ဘဲ ခံစစ်ကိုသာ လုပအောင်၊ ရုံဖန်ရုံခါ

ကျွန်တော့်ဘုရင်ကို ခြိမ်းခြောက်နိုင်အောင် သူက ပြင်ဆင်ထားသည်။

ကျွန်တော်က စိတ်ရှည်ရှည်ထားရင်း သူ့ဘုရင်ကို အကြိမ်ကြိမ် အခါခါ တိုက်ခိုက်ရသည်။ ဒီလိုနှင့် ပွဲကစားချိန် နှစ်နာရီကျော်လာတော့ နတ်သမီး ရှုံးဖို့ ရာခိုင်နှုန်းက ပိုများလာ၏။ ကျွန်တော်တို့နှစ်ယောက်၏ ပြိုင်ပွဲသက်တမ်းတစ်လျှောက်တွင် ဒီတစ်ကြိမ်သည် အချိန်အကြာဆုံး ကစားသည့် ပွဲတစ်ပွဲလည်းဖြစ်သည်။

ကျွန်တော်သည် ဒီပွဲကိုကစားဖို့ မနက်ကတည်းက အေးဆေးစွာ ပြင်ဆင်အနားယူခဲ့သော်လည်း နတ်သမီးကတော့ တစ်နေကုန် Marketing ဆင်းနေရာမှ ဒီပွဲကို ပင်ပန်းစွာ ဆက်တိုက်ကစားရခြင်း ဖြစ်သည်။ နတ်သမီးသာ မဟုတ်ဘဲ တော်ရုံတန်ရုံ စစ်တုရင်သမားတစ်ယောက်ဆိုရင်တော့ ကျွန်တော်က လွယ်ကူစွာ ပွဲသိမ်းပစ်လိုက်နိုင်မှာ ဖြစ်သည်။

ဒီပွဲသည် နိဂုံးချုပ်ဖို့ အချိန်ရောက်လာပြီဟု ကျွန်တော်တွက်ချက်မိသည်။

နတ်သမီးကို ကြည့်ရတာ ကျွန်တော့်ကို အလူးအလဲ ကာကွယ်နေရသဖြင့် မခံချင်ဖြစ်နေပုံပေါ်သည်။ ဒီကြားထဲ ကျွန်တော်က ရိတော့ ပိုဆိုးသည်။

''မီး. . . အခု ကိုက အရင်တုန်းက ကျော်ဝေ မဟုတ်တော့ဘူး နော်''

''သွားစမ်းပါ. . . အပြောမကြီးစမ်းပါနဲ့၊ ဘာလဲ. . . ကိုက အရင်တုန်းက ကျော်ဝေ မဟုတ်တော့ဘူးဆိုတော့ အခု ဝဲပေါက်နေလို့ လား''

သူက ထိုသို့ ပြန်ပက်သောအခါ ကျွန်တော်က သဘောကျစွာ ရယ်မိသည်။ နတ်သမီးသည် ဘယ်တော့မဆို ရဲဝံ့သူတစ်ယောက်လည်း

ဖြစ်လေသည်။

စစ်တုရင်ခုံပေါ်ရှိ ကျွန်တော့်မြင်း(Knight) ရုပ်ကလေးများက ပိုမိုအစွမ်းပြ ကစားလာနိုင်သည်။ သူကလည်း ကျွန်တော့်ဆရာ ပီသစွာ ကျွန်တော် ထိုးဖောက်နိုင်မည့် လမ်းကြောင်းတချို့ကို ကြိုတင်ပိတ်ဆို့ ထားသည်။ နတ်သမီးမှာ ကျွန်တော့်ကို ဒီလောက်ထိအောင် ကစားနိုင် လိမ့်မည် မထင်ထားသဖြင့် အံ့ဩနေပြန်သည်။

"ကိုက မထင်မှတ်လောက်အောင် တိုးတက်လာတာပဲ။ မီး တကယ်ဝမ်းသာတယ်. . . သိလား"

ထိုအခြေအနေမျိုးမှာပင် သူက ကျွန်တော့်ကို နွေးထွေးစွာ ချီးကျူးစကားဆိုသေးသည်။ သို့သော် နတ်သမီးက ရှုံးနိမ့်တော့မည် ဖြစ်ပါသည်။

ရုတ်တရက် သူသည် သံသယဖြစ်ဖွယ် ရွှေ့ကွက် (A dubious move) တစ်ခုကို ရွှေ့လိုက်တော့ ကျွန်တော် နည်းနည်းလန့်သွား၏။ သေချာပြန်စဉ်းစားကြည့်တော့ နတ်သမီး မှားသွားတာဖြစ်သည်။ ဒါပေမဲ့ ကျွမ်းကျင်လွန်းသူတွေမှသာ ဖြစ်လေ့ဖြစ်ထရှိသော မသိမသာအမှား မျိုး။

သူရှုံးဖို့ သေချာသွားပြီ။

ကျွန်တော့် အဖြူရောင်မြင်း (Knight)ရုပ်လေးကို တစ်ချက် ခုန်လိုက်ရုံဖြင့် သူ့အရှုံးက ပေါ်လွင်သွားစေမည်ဖြစ်သည်။ အဲဒီအကွက် ကို ကျွန်တော် မလုပ်ဖြစ်ခဲ့ရင်တော့ ကျွန်တော်ပင် ပြန်ရှုံးသွားနိုင်လောက် အောင် နတ်သမီးက ပြင်ဆင်ထားတာ တွေ့ရ၏။

နတ်သမီးစိတ်ထဲတွင် ကျွန်တော် ထိုအကွက်ကို မမြင်ပါစေနဲ့ ဟု ကျိတ်ဆုတောင်းကောင်း တောင်းနေပေလိမ့်မည်။ အခုမှ သူ့အမှား ကို သူ သဘောပေါက်သွားပုံရသည်။

သူက စိတ်လှုပ်ရှားစွာ ကျွန်တော့်ကို ကြည့်နေ၏။ ပထမဦးဆုံး အကြိမ် သူ့အရှုံးအတွက် နတ်သမီးက ဝမ်းနည်းနေမှာလား။

သို့သော် နောင်တဆိုသည်ကိုတော့ သူ့မျက်လုံးများတွင် ကျွန်တော် ရှာမတွေ့ပါ။ ကျွန်တော့်အထင်ပြောရလျှင် နတ်သမီးသည် နောင်တရဖို့ ဝန်လေးမည့်သူ တစ်ယောက်ဖြစ်သည်။ အခုတော့ နတ်သမီးသည် ကျွန်တော့်အဆုံးအဖြတ်ကို ခံယူရဖို့ အခြေအနေဖြစ်နေပြီ။

ကျွန်တော့်အဆုံးအဖြတ်ကို သိရလျှင် နတ်သမီးက ပျော်ရွှင်သွားမှာလား။ သူသာ ကျွန်တော့်နေရာမှာ ဒီလိုပဲ ဆုံးဖြတ်ခွင့်ရမယ်ဆိုရင်ရော ဘယ်လိုဆုံးဖြတ်မှာလဲ. . . ကျွန်တော် သိချင်လှသည်။

သူ့မျက်လုံးနှင့် ကျွန်တော့် မျက်လုံးကြားရှိ အကြည့်များတွင် ခံစားမှုသည် တံတားတစ်စင်းဖြစ်လေသည်။

နတ်သမီး၏ လှုပ်လှုပ်ရှားရှား ဖြစ်နေသောစိတ်သည် ကျွန်တော် ဘယ်အကွက်ကို ရွှေ့မလဲဆိုတာကို ခန့်မှန်းနေပေလိမ့်မည်။ တစ်ပွဲလုံး သူ့ကို အထက်စီးနင်းကစားခဲ့သော ကျွန်တော်သည် ဒီလို အရေးကြီးသည့် အဆုံးသတ်ကစားကွက်ကို မမြင်ရလောက်အောင် မည့်ဘူးဆိုတာ နတ်သမီး သိဖို့ကောင်းသည်။

ဘာပဲဖြစ်ဖြစ် နတ်သမီးက ကျွန်တော် မျက်စိလျှမ်းသွားခဲ့ရင်ဆိုသော နောက်ဆုံးဖြစ်နိုင်ချေတစ်ခုကို မျှော်လင့်ထားနေဆဲဖြစ်၏။ ဝမ်းနည်းရိပ်ဝေနေသည့် သူ့အမူအရာတွေကြောင့် ကျွန်တော်က သူ့ကို စချင်လာသည်။

ကျွန်တော်က မြင်းရုပ်လေးကို ကိုင်လိုက်ပါသည်။

သူ့မျက်နှာသည် ဣန္ဒြေမဆည်နိုင်လောက်အောင် ပျက်ယွင်းသွားပြီး ခေါင်းကိုယမ်းကာ မျက်လုံးကို စုံမှိတ်ပစ်လိုက်တာ မြင်ရ၏။

ထိုအခိုက်အတန့်လေးမှာပင် နတ်သမီးကို ကျွန်တော် သနား

သွားသည်။ နတ်သမီးကို ကျွန်တော် ဆုံးဖြတ်ခွင့်ပေးလိုက်သည့်အခါ သူ. . . ငါ့ ကို ရက်စက်မှာမဟုတ်ဘူးဟုလည်း တွေးထင် ယုံကြည်မိသည်။

ကျွန်တော်က မျက်လုံးစုံမှိတ်ထားသော နတ်သမီး၏ မျက်နှာလှလှလေးနှင့် မျက်တောင်ကော့ကော့ရှည်ရှည်လေးများကို တပ်မက်စွာ ငေးကြည့်နေမိ၏။

ကျွန်တော့်ဆီမှ ချက်(စ်)ဆိုသည့်အသံကို မကြားရသဖြင့် နတ်သမီးသည် သူ့မျက်လုံးတွေကို ပြန်ဖွင့်ကြည့်သည်။ သူ့မျက်နှာတစ်ခုလုံးသည် ဝမ်းသာအံ့ဩမှုတွေဖြင့် ပြည့်လျှံနေ၏။ အကြောင်းမှာ ကျွန်တော့်မြင်းရုပ်ကလေးသည် သူ့ဘုရင်ကို ချက်(စ်) မထားဘဲ သူ့ရထားရုပ်ကိုသာ စားပစ်လိုက်သောကြောင့်ဖြစ်သည်။

အမှန်က သူ့ဘုရင်ကို ကျွန်တော် ချက်(စ်)လိုက်လျှင် သူက ရှောင်သွားလိမ့်မည်။ ထိုအခါ ကျွန်တော့်အဖြူရောင်ဘုန်းကြီးက သူ့ပွန်းရုပ်ကို စားပြီး ထပ်ချက်(စ်)လိုက်လျှင် ပွဲက ပြီးသွားပြီဖြစ်သည်။

ကျွန်တော်က ပွဲမသိမ်းဘဲ သူ့ရထားကိုသာ စားလိုက်သဖြင့် သူက မယုံနိုင်သလို ကြည့်ပြန်သည်။ ကျွန်တော့်မှာ ယုတ္တိရှိအောင် သူ့ကို ရယ်ပြလိုက်ရသေး၏။

နတ်သမီးက ကျွန်တော် မျက်စိလျှမ်းပြီး မမြင်ဟုသာ ထင်သွားသည်။

ထို့နောက်တွင်တော့ ဒီပြိုင်ပွဲ၏ နောက်ဆက်တွဲသည် ကျွန်တော့်အရှုံးတွေ ဖြစ်သွားသည်။ သူ့ပွန်းရုပ်သုံးကောင်ကို ကျွန်တော် ဘယ်လိုမှ ထိန်းမရတော့ဘဲ တစ်ကောင်ကို ဘုရင်မ ထိုးပေးလိုက်ရ၏။

ခဏမျှကြာတော့ အကွက်နှစ်ဆယ်အတွင်းမှာ ကျွန်တော်ရှုံးသွားပါသည်။ သူသည် မထင်မှတ်ဘဲ နိုင်သွားသဖြင့် ကံတရားကို

ကျေးဇူးတင်ကောင်း တင်နေပါလိမ့်မည်။

အခွင့်ကြုံသော နောင်တစ်ချိန်ကျရင် သူ့ကို လုပ်ယူ၍ရသော ကံတရားအကြောင်း ကျွန်တော် ပြောပြချင်ပါသေးသည်။

"ကဲ. . . မီး နိုင်သွားပြီ"

ထိုစကား၏ နောက်ကွယ်တွင် သူ တကယ်နိုင်သွားတာဟုပဲ နတ်သမီးကို ကျွန်တော်က ထင်စေချင်ပါသည်။

နွေ၏အမှောင်သည် အေးစက်နေပြန်သည်။ သံယောဇဉ်ဆိုသည်မှာ ကျွန်တော်တို့ကြားတွင် မမြင်နိုင်သော ခိုင်ခံ့မှုတစ်မျိုးဖြစ်လေသည်။

ကျွန်တော်က အသံကို တည်ငြိမ်အောင် အချိန်ယူရင်း ရှေ့ဖြစ်လာမည့် အခြေအနေအားလုံးကို ရဲရင့်နေမိသည်။

"မီး. . . နိုင်သွားပြီဆိုတော့ ကတိအတိုင်း မီး ဆုံးဖြတ်ပေါ့၊ ကိုက မီး ဆုံးဖြတ်တာကို လိုက်နာမှာပါ"

နတ်သမီးသည် ကျွန်တော့်စကားကြောင့် လှပစွာပြုံးသည်။ သူက ဘာမှမပြောသေးဘဲ ကျွန်တော်တို့ တစ်ယောက်ကိုတစ်ယောက် ကြည့်နေမိကြ၏။

နတ်သမီး၏မျက်ဝန်းတွေမှာ အနည်းငယ် ခါးသက်နေသည်ဟု ကျွန်တော်ထင်သည်။

မာကျူရီအလင်းရောင်အောက်တွင် လဲပြိုနေသော စစ်တုရင်ရုပ်တွေကို နတ်သမီးက တစ်ချက်ကြည့်လိုက်သည်။

"မီး ဆုံးဖြတ်ချက်ကိုပြောမယ်။ ဒီအချိန်ကစပြီး ကိုနဲ့မီးတို့ရဲ့ ဆက်ဆံရေးမှာ ရည်စားအဖြစ်က. . . ရပ်စဲလိုက်ပြီ၊ မောင်နှမလို၊ သူငယ်ချင်းလိုပဲ ဆက်ဆံကြရအောင်"

ကျွန်တော် ဝမ်းနည်းသွားသော်လည်း ထူးခြားပြီး မနာကျင်မိ

တော့။ သူ့အပေါ် အနိုင်မယူမိခဲ့တာကိုလည်း နောင်တမရချင်ပါ။

"ကောင်းပြီလေ. . . မီး ဆုံးဖြတ်ချက်မှာ ဘာအကြောင်းပြချက်မှ မလိုဘူးလို့ ကို မှတ်ထားပါ့မယ်။ မီး ဆုံးဖြတ်တာကိုလည်း ကို သဘောတူပါတယ်"

ပြောပြီး ကျွန်တော်သည် သူ စောစောက ချည်ပေးထားသော လက်ပတ်ကြိုးလေးကို သူ့ရှေ့မှာပင် ဆွဲဖြည်ပစ်လိုက်သည်။ နတ်သမီးက ထိုအပြုအမူကို ဘာမှမပြောဘဲ တိတ်ဆိတ်စွာ ကြည့်နေ၏။

သူ့မျက်လုံးထောင့်စွန်းလေးမှာ အရိပ်တစ်ခု နည်းနည်းခုန်သွားတာ ကျွန်တော် တွေ့ရသည်။

ပြီးတော့ သူက လက်ပတ်နာရီလေးကို ငုံ့ကြည့်သည်။

"ရှစ်နာရီခွဲတောင် ရှိသွားပြီ။ မီးတော့ အိမ်ပြန်နောက်ကျတော့မှာပဲ၊ ကိုရေး . . မီးကို အမေ မဆူအောင် ကူညီပါဦး။ နောက်ဆုံးအနေနဲ့. . ."

ကျွန်တော်က ခေါင်းညိတ်ပြရင်း သူ့ကျောကုန်းကို ခုနစ်ချက် ပုတ်ပေးရသည်။

ထိုခဏ၌ ကျွန်တော့်မှာ အသက်ပင် အောင့်ထားစရာမလိုဘဲ အသက်ရှူလို့မဝ ဖြစ်နေ၏။ ဒီထုံးစံသည် နောက်ဆုံးအချိန်ထိအောင် တည်နေဆဲ ဖြစ်လေသည်။

နတ်သမီးရေ. . . ငါ့အလွမ်းတွေကို မင်း အပျင်းပြေကစားရအောင် သယ်ဆောင်သွားပါလားကွယ်. . .။

"ဒီစစ်တုရင်ဘုတ်ပြားကို မီး ယူမသွားတော့ဘူး. . . ကို့ဆီမှာပဲ ထားခဲ့လိုက်မယ်"

နတ်သမီးသည် ကျွန်တော့်ကို ထားရစ်ပြီး တစ်လှမ်းချင်း ထွက်ခွာသွားသည်။ အခုတော့ ကျွန်တော့်ရှေ့တွင် စစ်တုရင်ရုပ်များ၊

သူ စား၍မကုန်သေးသော ဆေးဘဲဥသုပ်များ၊ သူထိုင်သွားသည့် အဝါရောင် ပလတ်စတစ်ခုံပုလေး၊ ပြေကျနေခဲ့သော လက်ပတ်ကြိုးတစ်ခုနှင့် နားလည်မှု လွဲခဲ့သော ပြိုင်ပွဲရလဒ်တို့သာ ကျန်ရစ်ခဲ့၏။

နတ်သမီးသည် ကျွန်တော့်ကို မေတ္တာတရားအား အပေးအယူသဘောဖြင့် အေးအေးဆေးဆေး ပြောပြရဲသူလည်းဖြစ်သည်။

ငါ့အချစ်တွေကို စစ်တုရင်ပွဲရဲ့ အရှုံးနဲ့အတူ တစ်ခါတည်း ပေးလိုက်ပါတယ် ကောင်မလေးရယ်. . .။

အဝေးရှိ အမှောင်တွေသည် တစ်ယောက်တည်း ဖြစ်နေသော ကျွန်တော့်ကို ရယ်မော လှောင်ပြောင်နေကြလိမ့်မည်ထင်သည်။ သူ့ကို လွမ်းသည့်စိတ်အား ခုခံဖို့ ဘာမှမတတ်နိုင်သော ကျွန်တော်သည် ကိုယ့်ကိုယ်ကို မုန်းတီးမိသွား၏။

နောက်ဆုံး. . .

ကျွန်တော့်သတိရခြင်းများ သူ့ထံမှာ မရှိရအောင် မျက်လုံးများကို မှိတ်ထားလိုက်ပါသည်။

■

**ဝေမှူးသွင်**

ရွှေအိမ်မှူးစာပေ

၏

စင်တင်ကလောင်ရှင်

# နွေဦးခင်

## တိုးတိတ်သောချစ်တေးသွား

(အချစ်လုံးချင်းဝတ္ထုသစ်)

---

**အချစ်ဆိုတာ နာကျင်ခံစားရတာ. . .**

**အချစ်ဆိုတာ ငြိမ့်ညောင်းစွဲငြိစရာ. . .**

**ပေါင်းစပ်လိုက်ရင် တေးသွားလေးတစ်ခုပါ။**

---

ငယ့်အပေါ် ဂရုဏာဒေါသောဖြင့် နန္ဒနိုင်အား ချဉ်ကြောင်းဝိုင်းပြောနေသည့် နွယ်နှင့်ဖိုးချမ်းကို ငယ် ဘာမှမတုံ့ပြန်နိုင်ပါ။ နှလုံးသားဆိုတာလည်း နားလည်ရခက်ခဲလွန်းလှပါသည်။ မနေ့တုန်းကတော့ ဝမ်းနည်းသိမ်ငယ်နာကျင်ကာ သူ့ကို မုန်းတီးလိုက်တာဟု တွေးနေခဲ့ပြီး အခုတော့ သူ့ကို သူများမုန်းမှာ ကြားထဲက ကြောက်နေမိပြန်ပါသည်။

ကိုယ်တိုင်က မုန်းတီးနာကျည်းနေပေမယ့် သူများတကာ သူ့ကို မမုန်းစေချင်မိတာ ဘယ်လိုထူးဆန်းတဲ့ တန်ခိုးစွမ်းအားက ဖန်တီးထားပါလိမ့်. . .။

မကြာမီထွက်မည်

ရွှေအိမ်မှူးစာပေ

#၁

# ခွန်းချိုပြင်းချမ်း

## သတိ! ခြောက်လှန့်တတ်သည်

အကာလညတစ်ည. . .။

လကွယ်ညဖြစ်ပြီး ကြယ်တစ်ချို့တလေသာရှိသဖြင့် ကောင်းကင်တစ်ခုလုံး ပိန်းပိတ်အောင်မှောင်နေသည်။ တိမ်ညိုတိမ်မည်းများက တရွေ့ရွေ့မျောလွင့်နေကြ၏။

"အူး. . . ဝူး. . . ဝူး"

မနီးမဝေးမှ ဆွဲဆွဲငင်ငင်အူလိုက်သော ခွေးအူသံကြောင့် ကင်းတဲပေါ်တွင်မီးကင်းစောင့်နေသော အောင်ဘမှာ ကြက်သီးမွေးညင်းထကာ ခေါင်းနားပန်းကြီးသွားသည်။

"ဟင်"

အောင်ဘ အလန့်တကြား ရေရွတ်လိုက်၏။ အမှောင်ထဲတွင် သူ့ထံသို့ တည့်တည့်လျှောက်လာနေသော အရိပ်မည်းမည်းကြီးနှစ်ခုကို မြင်တွေ့လိုက်ရသောကြောင့်ပင်။

သရဲကြောက်တတ်သော အောင်ဘတစ်ယောက် နေစရာမရှိတော့။

မီးဖိုရန်စဉ်းစားမိသော်လည်း ကြောက်လွန်းသဖြင့် ကင်းတဲပေါ်မှ အောက်သို့လည်းမဆင်းရဲ။ ကြက်သီးများတဖျန်းဖျန်းထလာပြီး အပေါ့သွားချင်သလိုလို အလေးသွားချင်သလိုလိုဖြစ်လာသည်။

အရိပ်မည်းမည်းကြီးနှစ်ခုက သူ့ထံသို့ တရွေ့ရွေ့လျှောက်လာနေဆဲ။

အောင်ဘ မျက်စိစုံမှိတ်ပြီး ပါးစပ်ထဲပေါ်လာသမျှဘုရားစာကို အမြီးအမောက်မတည့်စွာ တဖွဖွရွတ်နေမိ၏။ စွပ်ကျယ်လက်ပြတ်နှင့် ကိုယ်ကိုလည်းကျုံ့ကွေးထားမိသည်။

အချိန်မည်မျှကြာအောင် ရွတ်နေမိသည်မသိ။ ဘုရားစာရွတ်ရလွန်းသဖြင့် ပါးစပ်မှ အမြှုပ်ထွက်မတတ်မောလာ၏။

အောင်ဘမရဲတရဲဖြင့် မျက်လုံးအစုံကို ဖြည်းဖြည်းချင်းဖွင့်လိုက်သည်။ ခုနက သူတွေ့မြင်နေရသော အရိပ်မည်းမည်းကြီးနှစ်ခု ဘယ်ရောက်သွားပြီလဲ။

အရိပ်မည်းမည်းကြီးနှစ်ခုကား ပျောက်ခြင်းမလှပျောက်သွားလေပြီ။ အောင်ဘ စိတ်သက်သာရာရစွာဖြင့် လေပူတစ်ချက်မှုတ်ထုတ်လိုက်မိ၏။ တော်ပါသေးရဲ့။ ငါ မျက်စိအမြင်မှားတာပဲဖြစ်မယ်။

အတွေးမဆုံးခင်မှာပင် . . .

"ဘတ်"

"အား. . . ကယ်ကြပါဦးဗျ"

**မကြာမီမျှော်**

ရွှေအိမ်မှူးစာပေ

#၉

# သဂိုးဂေါင်

## ငါတို့စောင့်နေကြတယ်

"မြေအောက်ခန်းထဲမှာ ဘာတွေရှိသလဲ စုလတ်"

"ဘယ်သိမလဲဟ၊ ငါတောင် တစ်ခါမှဆင်းမကြည့်ရသေးဘူး။ မှောင်လည်းအရမ်းမှောင်တယ်၊ ပြီးတော့ အကောင်သေတစ်ကောင်ကို မြှုပ်ထားသလိုမျိုး အနံ့ကလည်းပုပ်အဲ့အဲ့နဲ့"

ကျွန်မက နှုတ်ခမ်းကိုအနည်းငယ်မဲ့ကာပြောလိုက်ရင်း မြေအောက်ခန်းတံခါးရှိရာဆီသို့ လျှောက်သွားလိုက်သည်။ ပွင့်နေသောအဖုံးတံခါးကိုပိတ်ရန် လက်လှမ်းလိုက်စဉ်မှာပင် ထူးဆန်းသောအသံတစ်ခုကြောင့် ကျွန်မ၏လက်တွေ လေထဲမှာပင်ရပ်တန့်သွားကြ၏။

ညည်းညူသံတစ်ခု. . .။

ဟင်. . . မြေအောက်ခန်းထဲမှာ စောင့်ဆိုင်းနားထောင်နေမိသည်။ ကုန်ခြစ်သံလိုလို ခြေသံလိုလို အသံတိုးတိုးဖျော့ဖျော့တစ်ခုကို ကြားလိုက်ရသည်။

ကျွန်မတစ်ကိုယ်ကိုင့်ကိုင်းကာ မြေအောက်ခန်းထဲသို့ဆင်းသော လှေကားရင်းဆီသို့ လှမ်းကြည့်လိုက်၏။ မှောင်နေလွန်းသောကြောင့် ဘာမှမမြင်ရ။

ထိုစဉ် တစ်စုံတစ်ယောက်၏ညည်းတွားသံကို ကြားရပြန်လေသည်။ ညည်းသံက တိုးဖျော့လွန်းသောကြောင့် ဟိုးအဝေးကြီးမှလာသည်ဟုထင်ရ၏။ နောက်ပြီး သံမံတလင်းပေါ် ရှပ်တိုက်သွားသော ခြေသံတွေကိုလည်းကြားရသည်။

''မြေအောက်ခန်းထဲမှာ ဘယ်သူလဲ''

ကျွန်မက လှမ်းမေးရင်း မြေအောက်ခန်းမီးခလုတ်ကို ဖွင့်လိုက်သည်။

တစ်ကြိမ် . . .။

နှစ်ကြိမ် . . .။

သုံးကြိမ် . . .။

လုံးဝမီးမလင်းလာပါ။

မကြာမီမျှော်